# သမ္ဗဉ္ဉကကမ္မဋ္ဌာန်းကျမ်း

ကြည့်မြင်တိုင်၊
ဇေယျဝတီတိုက်-သုခါရာမကျောင်း၊
စာချ ဘုန်းတော်ကြီး
အရှင်ဥာဏမထေရ်
သည်
ကျမ်းဂန်တို့မှ ထုတ်၍ပြုအပ်သော
ယောဂီပုဂ္ဂိုလ်တို့၏ လက်စွဲ

# သမ္ပဇဉ္ဉ ကမ္မဋ္ဌာန်းကျမ်း

ကြည့်မြင်တိုင်၊ ဇေယျဝတီတိုက်၊ သုဇာနကာရီကျောင်း
**အရှင်တေဇိန္ဒ (အဘိုးရ ဓမ္မာစရိယ)**
ကြည့်ရှုပြင်ဆင်သည်။

(စာအုပ်ရေ-၁၀၀၀)

သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊
နှင်းပုလဲရွာ-ဦးလူဖေက တာဝန်ခံထုတ်ဝေ၍၊
ကြည့်မြင်တိုင်၊ ကွမ်းရွှဲတန်း၊ အမှတ်-၉၀၊
**ခေတ်-စာပုံနှိပ်လုပ်ငန်းတွင်**
ရိုက်နှိပ်သည်။



# မာတိကာ

●

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥယျောဇဉ် | ၁ |
| ၂။ | ကျင့်နည်းမှန်မှ တရားထူးရနိုင်ကြောင်းကိုပြဆိုချက် | ၁ |
| ၃။ | ကမ္မဋ္ဌာန်းကို ဆရာ၏အထံ၌သင်ယူအပ်ကြောင်းကိုပြဆိုချက် | ၃ |
| ၄။ | ကလျာဏမိတ္တဆရာ၏ ဂုဏ်အင်္ဂါတို့ကို ပြဆိုချက် | ၄ |
| ၅။ | ကလျာဏ မိတ္တဆရာ၌ပြည့်စုံလျက်ရှိရာသောတရား | ၆ |
| ၆။ | ကမ္မဋ္ဌာန်းကိုသင်ပြသောဆရာ၏ စည်းမျဉ်း | ၇ |
| ၇။ | ကဲ့ရဲ့ရှုံ့ချခြင်းခံရသောဝတ္ထု | ၈ |
| ၈။ | ယောဂီပုဂ္ဂိုလ်တို့၌ရှိရာသောအဇ္ဈာသယကို ပြဆိုချက် | ၁၂ |
| ၉။ | အလောင်းတော်တို့၏ အဇ္ဈာသယ | ၁၃ |
| ၁၀။ | ယောဂီပုဂ္ဂိုလ်တို့အား သင်ပေးအပ်သော ကမ္မဋ္ဌာန်း | ၁၅ |
| ၁၁။ | သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကိုပြဆိုချက် | ၁၆ |
| ၁၂။ | သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟုခေါ်ဆိုရခြင်း၏အကြောင်း | ၁၆ |
| ၁၃။ | ပါရိဟာရိယ ကမ္မဋ္ဌာန်းကိုပြဆိုချက် | ၁၈ |
| ၁၄။ | ပါရိဟာရိယ ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရခြင်း၏အကြောင်း | ၁၈ |
| ၁၅။ | မေတ္တာကို ပြဆိုချက် | ၂၀ |
| ၁၆။ | မေတ္တာ၏ ဝစနတ္ထ | ၂၀ |
| ၁၇။ | မေတ္တာ၏ အရတရား | ၂၂ |
| ၁၈။ | မေတ္တာ၏လက္ခဏာစသည်ကိုပြဆိုချက် | ၂၃ |
| ၁၉။ | မေတ္တာမပွားမီ ဆင်ခြင်အပ်သောတရား | ၂၆ |
| ၂၀။ | ဒေါသ၏အပြစ် | ၂၇ |
| ၂၁။ | ဒေါသဖျက်ဆီး၍ ပျက်စီးပုံဝတ္ထု | ၂၉ |
| ၂၂။ | ထိုမှတသွယ် မှတ်ဘွယ်ဝတ္ထု | ၃၁ |
| ၂၃။ | သည်းခံခြင်း၏ အကျိုးကိုပြဆိုချက် | ၃၄ |
| ၂၄။ | မေတ္တာ၏အကျိုး | ၃၅ |
| ၂၅။ | မေတ္တာပွားနည်း | ၃၉ |
| ၂၆။ | ရှေးဦးအစ၌ မေတ္တာမပွားအပ်သောပုဂ္ဂိုလ် | ၄၀ |
| ၂၇။ | အပ္ပိယပုဂ္ဂိုလ်၌ ရှေးဦးစွာမေတ္တာမပွားရခြင်း၏အကြောင်း | ၄၁ |
| ၂၈။ | အတိပ္ပိယပုဂ္ဂိုလ်၌ရှေးဦးစွာမေတ္တာမပွားရခြင်း၏အကြောင်း | ၄၁ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | မဇ္ဈတ္တပုဂ္ဂိုလ်၌ ရှေးဦးစွာမေတ္တာမပွားရခြင်း၏အကြောင်း | ၄၂ |
| ၃၀။ | ဝေရီပုဂ္ဂိုလ်၌ ရှေးဦးစွာမေတ္တာမပွားရခြင်း၏အကြောင်း | ၄၂ |
| ၃၁။ | အသီးအခြား မေတ္တာမပွားအပ်သောပုဂ္ဂိုလ် | ၄၃ |
| ၃၂။ | လိင်္ဂဝိသဘာဂ ပုဂ္ဂိုလ်၌ခွဲ၍မေတ္တာမပွားရခြင်း၏အကြောင်း | ၄၃ |
| ၃၃။ | အာရုံပြုမှား၍ စိတ်ဖေါက်ပြန်သောဝတ္ထု | ၄၄ |
| ၃၄။ | အချင်းခပ်သိမ်းမေတ္တာမပွားအပ်သောပုဂ္ဂိုလ် | ၄၅ |
| ၃၅။ | သေသောပုဂ္ဂိုလ်၌ မေတ္တာမပွားရခြင်း၏အကြောင်း | ၄၆ |
| ၃၆။ | သေသောပုဂ္ဂိုလ်ကိုအာရုံပြု၍ မေတ္တာပွားရာ၌ ဈာန်မဖြစ်သောဝတ္ထု | ၄၆ |
| ၃၇။ | ရှေးဦးအစ၌ မေတ္တာပွားအပ်သောပုဂ္ဂိုလ် | ၄၇ |
| ၃၈။ | မိမိကိုယ်ကို အာရုံပြု၍မေတ္တာပွားနည်း | ၄၉ |
| ၃၉။ | မိမိမှတဆင့် မေတ္တာကူးပြောင်းအပ်သောပုဂ္ဂိုလ် | ၅၁ |
| ၄၀။ | ပိယပုဂ္ဂိုလ်၌ မေတ္တာပွားနည်း | ၅၂ |
| ၄၁။ | ပိယပုဂ္ဂိုလ်မှတဆင့် မေတ္တာကူးပြောင်းအပ်သောပုဂ္ဂိုလ် | ၅၄ |
| ၄၂။ | အတိပ္ပိယပုဂ္ဂိုလ်၌ မေတ္တာပွားနည်း | ၅၇ |
| ၄၃။ | အတိပ္ပိယပုဂ္ဂိုလ်မှတဆင့် မေတ္တာကူးပြောင်းအပ်သော ပုဂ္ဂိုလ် | ၅၇ |
| ၄၄။ | မဇ္ဈတ္တပုဂ္ဂိုလ်၌ မေတ္တာပွားနည်း | ၅၈ |
| ၄၅။ | မဇ္ဈတ္တပုဂ္ဂိုလ်မှတဆင့် မေတ္တာကူးပြောင်းအပ်သောပုဂ္ဂိုလ် | ၅၈ |
| ၄၆။ | ဝေရီပုဂ္ဂိုလ်၌ မေတ္တာပွားနည်း | ၅၉ |
| ၄၇။ | ဘုရား၏ဩဝါဒဖြင့် ဒေါသပယ်နည်း | ၆၁ |
| ၄၈။ | ကံကိုဆင်ခြင်၍ ဒေါသကိုပယ်နည်း | ၆၃ |
| ၄၉။ | အလောင်းတော်တို့၏ သည်းခံပုံကိုဆင်ခြင်၍ ဒေါသကို ပယ်နည်း | ၆၃ |
| ၅၀။ | မေတ္တာ၏နိမိတ်အာရုံ | ၆၉ |
| ၅၁။ | ၅၂၈-သွယ် မေတ္တာ | ၇၀ |
| ၅၂။ | အနောဓိသော ဖရဏမေတ္တာ-၂၀ | ၇၁ |
| ၅၃။ | အနောဓိပုဂ္ဂိုလ် ၅-မျိုး | ၇၁ |
| ၅၄။ | မေတ္တာ ၄-ပါး | ၇၂ |

# မာတိကာ

| ဦးစရ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၅။ | သတ္တစသည်တို့၌ မေတ္တာ ၄-ပါးပွားပုံ | ၇၂ |
| ၅၆။ | သြဒိသော ဖရဏ မေတ္တာ - ၂၈ | ၇၄ |
| ၅၇။ | သြဒိပုဂ္ဂိုလ်- ၇ မျိုး | ၇၄ |
| ၅၈။ | ဣတ္ထိစသည်တို့၌မေတ္တာ ၄-ပါးပွားပုံ | ၇၅ |
| ၅၉။ | ဒိသာဖရဏမေတ္တာ- ၄၈၀ | ၇၆ |
| ၆၀။ | အရပ် ၁၀-မျက်နှာ | ၇၇ |
| ၆၁။ | အရှေ့အရပ်စသည်တို့၌ အနောဓိသော ဖရဏမေတ္တာ ၂၀-ပွားပုံ | ၇၇ |
| ၆၂။ | အရှေ့အရပ် စသည်တို့၌ သြဒိသောဖရဏ မေတ္တာ ၂၈-ပါးပွားပုံ | ၇၉ |
| ၆၃။ | ရှေးဆရာတော်ကြီးတို့၏ သင်ပြနည်း | ၈၂ |
| ၆၄။ | မေတ္တာ၏အကျိုး | ၈၃ |
| ၆၅။ | ဘေးရန်ကင်းခြင်းအကျိုးငှာ မေတ္တာပွားနည်း | ၉၃ |
| ၆၆။ | ၎င်းမေတ္တာပို့နည်းအရ မေတ္တာ၏အကျိုး | ၉၅ |
| ၆၇။ | ထိုမှတတန် မှတ်ရန်အကျိုး | ၉၆ |
| ၆၈။ | မရဏဿတိ ကမ္မဋ္ဌာန်းကို ပြဆိုချက် | ၁၀၀ |
| ၆၉။ | အောက်မေ့အပ်သော သေခြင်းမရဏ | ၁၀၀ |
| ၆၀။ | မအောက်မေ့အပ်သော သေခြင်းမရဏ | ၁၀၂ |
| ၇၁။ | မရဏအပြား | ၁၀၃ |
| ၇၂။ | ကာလမရဏ | ၁၀၄ |
| ၇၃။ | အကာလမရဏ | ၁၀၅ |
| ၇၄။ | သေခြင်းကို အောက်မေ့ဆင်ခြင်နည်း | ၁၀၅ |
| ၇၅။ | သင့်လျော်မှန်ကန်သော အောက်မေ့ ဆင်ခြင်းနည်း | ၁၀၆ |
| ၇၆။ | အဘိဏှသုတ် | ၁၁၁ |
| ၇၇။ | ထိုသုတ်အရဆင်ခြင်ပုံ | ၁၁၁ |
| ၇၈။ | ၎င်းဆင်ခြင်နည်းဖြင့် ရအပ်သောအကျိုး | ၁၁၂ |
| ၇၉။ | မသင့်လျော်မမှန်သော ပွားများဆင်ခြင်နည်း | ၁၁၃ |
| ၈၀။ | ၎င်းဆင်ခြင်နည်းအရအပြစ်ဖြစ်ပုံ | ၁၁၄ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁။ | အကြောင်းအခြင်းအရာ ၈-ပါး | ၁၁၆ |
| ၈၂။ | ဝဓကပစ္စုပဋ္ဌာနအားဖြင့် ဆင်ခြင်းနည်း | ၁၁၇ |
| ၈၃။ | အနီး၌သေခြင်း၏ ကပ်လျက်တည်နေပုံ | ၁၁၇ |
| ၈၄။ | သမ္ပတ္တိဝိပတ္တိအခြင်းအရာအားဖြင့် ဆင်ခြင်နည်း | ၁၂၀ |
| ၈၅။ | ပြည့်စုံသော စည်းစိမ်၏ ပျက်စီးခြင်လျှင် အဆုံးရှိပုံ | ၁၂၁ |
| ၈၆။ | ဥပသံဟရဏအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်ပုံ | ၁၂၂ |
| ၈၇။ | ထောက်ဆနှိုင်းယှဥ်အပ်သော ပုဂ္ဂိုလ် | ၁၂၃ |
| ၈၈။ | မဟာယသပုဂ္ဂိုလ်တို့ကိုထောက်ဆ၍ သေခြင်းကိုဆင်ခြင်ပုံ | ၁၂၃ |
| ၈၉။ | မဟာပုညပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ ဆင်ခြင်ပုံ | ၁၂၄ |
| ၉၀။ | မဟာထာမပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ ဆင်ခြင်ပုံ | ၁၂၆ |
| ၉၁။ | မဟိဒ္ဓိပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ ဆင်ခြင်ပုံ | ၁၂၇ |
| ၉၂။ | မဟာပညပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ ဆင်ခြင်ပုံ | ၁၂၈ |
| ၉၃။ | ပစ္စေကဗုဒ္ဓတို့ကို ထောက်ဆ၍ ဆင်ခြင်ပုံ | ၁၂၉ |
| ၉၄။ | သမ္မသမ္ဗုဒ္ဓတို့ကို ထောက်ဆ၍ ဆင်ခြင်ပုံ | ၁၃၀ |
| ၉၅။ | ကာယဗဟုသာဓာရဏအားဖြင့် သေခြင်းကို | |
| ၉၆။ | အောက်မေ့ဆင်ခြင်ပုံ | ၁၃၂ |
| ၉၇။ | သေခြင်း၏ များစွာသော အကြောင်း | ၁၃၂ |
| ၉၈။ | အာယုဒုဗ္ဗလအားဖြင့် သေခြင်းကိုအောက်မေ့ဆင်ခြင်ပုံ | ၁၃၅ |
| ၉၉။ | အနိမိတ္တအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်နည်း | ၁၃၈ |
| ၁၀၀။ | သေရမည့်ကာလကို ပိုင်းခြားမှတ်သားထားခြင်းမရှိပုံ | ၁၃၉ |
| ၁၀၁။ | သေရမည့်ရောဂါကိုပိုင်းခြားမှတ်သားထားခြင်းမရှိပုံ | ၁၄၀ |
| ၁၀၂။ | သေရမည့်အချိန်ကို ပိုင်းခြားမှတ်သားထားခြင်းမရှိပုံ | ၁၄၀ |
| ၁၀၃။ | အဒ္ဓါနပရိစ္ဆေဒ အခြင်းအရာအားဖြင့် သေခြင်းကို ဆင်ခြင်နည်း | ၁၄၁ |
| ၁၀၄။ | လူတို့၏သက်တန်းကာလတိုပုံ | ၁၄၂ |
| ၁၀၅။ | ခဏပရိတ္တအားဖြင့်ဆင်ခြင်နည်း | ၁၄၃ |
| ၁၀၆။ | အသက်၏ပမာဏ | ၁၄၃ |
| ၁၀၇။ | မရဏဿတိ၏အကျိုး | ၁၄၆ |

# အမှားပြင်ချက်

| အမှား | အမှန် | နံပါတ် | ကြောင်းရေ |
|---|---|---|---|
| ကမ္မာန်ဋ္ဌာန်း | ကမ္မဋ္ဌာန်း | ၃ | ၂၄ |
| အပ်ကုန်၏ | အပ်၏ | ၄ | ၆ |
| စစသော | စသော | ၁၁ | ၂၈ |
| တတိတ် | အတိတ် | ၃၃ | ၁၇ |
| ဗြဟ္မဟာရ | ဗြဟ္မဝိဟာရ | ၃၆ | ၁၀ |
| ရောတ် | ရောက် | ၈၈ | ၈ |
| သော၀ | သော | ၈၈ | ၂၄ |
| ကုနဲ | ကုန် | ၁၂၃ | ၂၅ |
| ဖွား | ပွား | ၁၂၆ | ၂၂ |
| ၁အာဟာရ | အာဟာရ | ၁၃၄ | ၂၀ |
| ရူပနိဗ္ဗတ္တ | အာဟာရရူပနိဗ္ဗတ္တ | ၁၃၆ | ၁၈ |
| အသသက် | အသက် | ၁၃၈ | ၁၁ |
| သတ္တံ့ | လတ္တံ့ | ၁၃၈ | ၁၅ |



နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

# ဥယျောဇဉ်

●

လောက၌ တွေ့ခဲ-ကြုံခဲလှသော ဘုရားသာသနာတော်နှင့် တွေ့ဆုံကြုံကြိုက်၍ ဘုရားရှင်ကို ကြည်ညိုလေးစား ကြကုန်သော သူတော်ကောင်း အပေါင်းတို့သည်၊ ဘုရားရှင်၏ တရားတော်ကို ကြားနာရသဖြင့် သံသရာဝဋ္ဋဒုက္ခကို ကြောက်ရွံ့ စက်ဆုတ်၍ သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ရာဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရလို-ရောက်လိုကြခြင်းကြောင့် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ကို အားထုတ်ကြလျှင် မိမိတို့ ပွားများ အားထုတ် အပ်သော ကမ္မဋ္ဌာန်း၏ ကျင့်နည်းလမ်းစဉ်ကို ကျမ်းဂန်တို့၌ ဘုရားရဟန္တာ အရှင်မြတ်တို့ ဟောကြား ညွှန်ပြအပ်သော ကျင့်နည်း လမ်းစဉ်အတိုင်း သိအောင် သင်ယူဆည်းပူးပြီးမှသာလျှင် ပွားများ အားထုတ်ခြင်းကို ပြုကုန်ရာ၏။

---

## ကျင့်နည်းမှန်မှ တရားထူး ရနိုင်ကြောင်းကို ပြဆိုချက်

ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့ ပွားများအားထုတ်အပ်သော ကမ္မဋ္ဌာန်းတရား၏ ကျင့်နည်းလမ်းစဉ်ကို ကျမ်းဂန်တို့၌ ပြဆိုအပ်သောအတိုင်း ပွားများအားထုတ်ကြမှသာလျှင် မိမိတို့အလိုရှိအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော တရားထူးကို ရနိုင်ချေမည်။

ပွားများအားထုတ်အပ်သော ကမ္မဋ္ဌာန်းတရား၏ ကျင့်နည်းလမ်းစဉ်ကို ကျနန,မှန်ကန်စွာ မသိကြကုန်ဘဲ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြလျှင် မိမိတို့ အလိုရှိအပ်သော တရားထူးကို ရကြမည်မဟုတ်ချေ။

ကျင့်နည်းမမှန်သော် တရားထူး မရနိုင်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌-

ဧဝံ ကထိယမာနေ ပန ကမ္မဋ္ဌာနေ တေနယောဂိနာ နိမိတ္တံ ဂဟေတွာ သောတဗ္ဗံ။

နိမိတ္တံ ဂဟေတွာတိ ဣဒံ ဟေဋ္ဌိမပဒံ၊ ဣဒံ ဥပရိမပဒံ အယမဿအတ္ထော အယမဓိပ္ပါယော၊ ဣဒမောပမ္မန္တိ ဧဝံ တံတံ အာကာရံ ဥပနိဗန္ဓိတွာတိ အတ္ထော။

ဧဝံ နိမိတ္တံ ဂဟေတွာ သက္ကစ္စံ သုဏန္တေန ဟိ ကမ္မဋ္ဌာနံ သုဂ္ဂဟိတံ ဟောတိ။ အထဿ တံ နိဿာယ ဝိသေသာဓိဂမော သမ္ပဇ္ဇတိ၊ နဣတရဿာတိ အယံ ဂဟေတွာတိ ဣမဿ ပဒဿ အတ္ထပရိဒီပနာ။ ။

ဟု မိန့်ဆို၏။

ပန၊ အဘို့တပါးကိုဆိုဦးအံ့။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ အာစရိယေန၊ ဆရာသည်။ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်းတရားကို။ ကထိယမာနေ၊ ဟောအပ်သည်ရှိသော်။ တေနယောဂိနာ၊ နည်းခံယူသော ထိုယောဂီပုဂ္ဂိုလ်သည်။ နိမိတ္တံ၊ မှတ်သားအပ်သော အကြောင်းအခြင်းအရာ အဘို့ကို။ ဂဟေတွာ၊ ကျနစွာ စွဲယူမှတ်သား၍။ သောတဗ္ဗံ၊ နာယူအပ်၏။

နိမိတ္တံ ဂဟေတွာတိ ပဒဿ၊ နိမိတ္တံ ဂဟေတွာ ဟူသော ပုဒ်၏။ အတ္ထော၊ အနက်ကား။ ဣဒံ၊ ဤပုဒ်သည်။ ဟေဋ္ဌိမပဒံ၊ အောက်ဖြစ်သော ပုဒ်တည်း။ ဣဒံ၊ ဤပုဒ်သည်။ ဥပရိမပဒံ၊ အထက်ဖြစ်သော ပုဒ်တည်း။ အယံ၊ ဤသည်ကား။ အဿ၊ ထိုပုဒ်၏။ အတ္ထော၊ အနက်တည်း။ အယံ၊ ဤသည်ကား။ အဿ၊ ထိုပုဒ်၏။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ ဣဒံ၊ ဤသည်ကား။ ဩပမ္မံ၊ ဥပမာတည်း။ ဣတိ ဧဝံ၊ ဤသို့။ တံတံအာကာရံ၊ ပဒ, ပဒတ္ထ, အဓိပ္ပါယ, ဩပမ္မ, စသော

မိမိ၏ဥာဏ်အား ရှေးရှု ထင်သော ထိုထို အခြင်းအရာအာဘိုကို။ ဥပ ဋ္ဌိဗန္ဓိတွာ၊ မိမိ၏နှလုံး၌ မြဲမြံစွာ တုတ်ချည်ဖွဲ့စည်း၍။ ဣတိ-အယံ၊ ဤ သည်ကား။ အတ္ထော၊ အနက်တည်း။

ဟိ၊ အကျိုးကိုဆိုဦးအံ့။ ဧဝံသူဋ္ဌုဥပဋ္ဌိတသတိတာယ၊ ဤသို့ မြဲမြံ စွာ ထင်သော သတိရှိသည်၏အဖြစ်ဖြင့်။ နိမိတ္တံ၊ မှတ်သားအပ်သော နိမိတ်ကို။ ဂဟေတွာ၊ စွဲယူမှတ်သား၍။ သမ္ပဇာနကာရိတာယ၊ ပညာ ဖြင့် ပြုလေ့ရှိသည်၏ အဖြစ်ဖြင့်။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏန္တေန၊ နာယူသော ယောဂီပုဂ္ဂိုလ်သည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ သုဂ္ဂဟိတံ၊ ကောင်းမွန် မှန်ကန်စွာ သင်ယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုသို့ ကောင်းမွန် မှန်ကန်စွာ သင်ယူအပ်သည် ရှိသော်။ အဿ၊ ထို ကောင်းမွန် မှန်ကန်စွာ သင်ယူသော ယောဂီ ပုဂ္ဂိုလ်အား။ တံ၊ ထို ကောင်းမွန် မှန်ကန်စွာ သင် ယူအပ်သော ကမ္မဋ္ဌာန်းကို။ နိဿာယ၊ အမှီပြု၍။ ဝိသေသာဓိဂမော ဈာန်, မဂ်, ဖိုလ် တည်းဟူသော တရား ထူးကို ရခြင်းသည်။ သမ္ပဇ္ဇတိ၊ ပြီးပြည့်စုံ၏။ ဣတရဿ၊ ကမ္မဋ္ဌာန်းကို မှန်ကန်စွာ သင်ယူခြင်း မရှိသော ပုဂ္ဂိုလ်အား။ ဝိသေသာဓိဂမော ဈာန်, မဂ်, ဖိုလ် တည်းဟူသော တရားထူးကို ရခြင်းသည်။ နသမ္ပဇ္ဇတိ၊ မပြီးမပြည့်စုံ။ ဣတိအယံ၊ ဤသည်ကား။ ဂဟေတွာတိဣမဿပဒဿ၊ ဂဟေတွာဟူသော ဤပုဒ်၏။ အတ္ထပရိဒီပနာ၊ အနက်ကိုပြကြောင်း စကားတည်း။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရလို ရောက်လိုကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့ ပွားများ အား ထုတ်အပ်သော ကမ္မဋ္ဌာန်း၏ ကျင့်နည်းလမ်းစဉ်ကို ကျန မှန်ကန်စွာ သိအောင် ဆည်းပူးအပ်၏။

---

# ကမ္မဋ္ဌာန်းကိုဆရာ၏အထံ၌ သင်ယူအပ်ကြောင်းကို ပြဆိုချက်

ကမ္မာန်ဋ္ဌာန်း၏ ကျင့်နည်းလမ်းစဉ်ကို ကျနမှန်ကန်စွာ သိမြင်မှသာ လျှင် အလိုရှိအပ်သော တရားထူးကို ရရှိနိုင်ရာ၏ဟု အဋ္ဌကထာဆရာ

မိန့်မှာခြင်းကြောင့် တရားထူးကိုရလို၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ အားထုတ်အပ်သော ကမ္မဋ္ဌာန်း၏ ကျင့်နည်း လမ်းစဉ်ကို ကျနမှန်ကန်စွာ သိနိုင်ရန် ကမ္မဋ္ဌာန်းအရာ၌ သိမြင်လိမ္မာပြီးဖြစ်သော ကလျာဏမိတ္တ ဆရာကောင်း ဆရာမြတ်တို့၏ အထံသို့ ချဉ်းကပ်၍ ဝတ်ကြီး, ဝယ်ငယ်ကို ပြုပြီးလျှင် မိမိတို့အားထုတ်လိုသော ကမ္မဋ္ဌာန်း၏ ကျင့်နည်းလမ်းစဉ်ကို သင်ယူမှတ်သားအပ်ကုန်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

ကမ္မဋ္ဌာန ဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ
တဿ ဝတ္တပဋိပတ္တိံ ကတွာ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။ ။
ဟုမိန့်ဆို၏။

ကမ္မဋ္ဌာနဒါယကံ၊ ကမ္မဋ္ဌာန်းကို သင်ပေးတတ်သော။ ကလျာဏမိတ္တံ၊ ကလျာဏမိတ္တမည်သော ကမ္မဋ္ဌာန်းပြဆရာသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ တဿ၊ ထိုကမ္မဋ္ဌာန်းပြဆရာအား။ ဝတ္တပဋိပတ္တိံ၊ ပြုအပ်သော ဝတ်အကျင့်ကို။ ကတွာ၊ ပြု၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတဗ္ဗံ၊ သင်ယူအပ်၏။

---

## ကလျာဏမိတ္တ ဆရာ၏ ဂုဏ်အင်္ဂါတို့ကို ပြဆိုချက်

ကလျာဏမိတ္တမည်သော ဆရာ၏အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူအပ်၏ဟုမိန့်မှာသော အဋ္ဌကထာဆရာ၏ စကားရပ်၌ ကလျာဏမိတ္တမည်သော ဆရာဟူသည်ကား။

ပိယဂုဏ်စသော (၇) ပါးသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ဆရာသည် ကလျာဏမိတ္တ ပုဂ္ဂိုလ်မည်၏။

## ဂုဏ်အင်္ဂါ (၇)ပါးကား

၁။ ။သတ္တဝါအများတို့ ချစ်မြတ်နိုးအပ်သော ပိယဂုဏ်။

၂။ ။သတ္တဝါအများတို့ အလေးပြုအပ်သော ဂရုဘာဝဂုဏ်။

၃။ ။သတ္တဝါအများတို့ ချီးမွမ်းအပ်, မေတ္တာ ပွားအပ်သော ဘာဝနီယဘောဂုဏ်။

၄။ ။သတ္တဝါအများတို့ကို ယဉ်ကျေး လိမ္မာအောင် ဆို ဆုံးမ တတ်သော ဝတ္တုဘာဝဂုဏ်။

၅။ ။သတ္တဝါအများတို့သည် မသိ၍ လျှောက်ထား မေးမြန်း အပ်သော အရာဌာနကို သည်းခံ၍ သိအောင် ဖြေဆိုနိုင် ခြင်းရှိသော ဝစနက္ခမဘောဂုဏ်။

၆။ ။သတ္တဝါအများတို့အား နက်နဲခက်ခဲသော တရားတို့၏ သဘောအဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ဟောပြော ခြင်းငှာ စွမ်းနိုင်သော ဂမ္ဘီရကထံ ကတ္တုဘာဝဂုဏ်။

၇။ ။သတ္တဝါအများတို့အား မသင့်လျော်သောအရာဌာန၌ တိုက် တွန်းခြင်းမရှိသော အဋ္ဌာနေနောစနိယောဇကဘောဂုဏ်။

(ဤကား-ကလျာဏမိတ္တ ဆရာ၏ ဂုဏ်အင်္ဂါ ၇-တည်း)

ပြဆိုအပ်ပြီးသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံခြင်းရှိသော တရားပြ ဆရာကို ကလျာဏမိတ္တဆရာဟူ၍ မှတ်အပ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

ကလျာဏမိတ္တန္တိ-

ပိယော ဂရုဘာဝနီယော၊ ဝတ္တာစဝစနက္ခမော။

ဂမ္ဘီရဉ္စ ကထံကတ္တာ၊နောစဋ္ဌာနေ နိယောဇကောတိ။

ဧဝမာဒိဂုဏသမန္နာဂတံ ကေန္တေန ဟိတေသိံ ဝုဒ္ဓိပက္ခေ

ဌိတံ ကလျာဏမိတ္တံ။ ။ဟု မိန့်ဆို၏။

## ကလျာဏမိတ္တဆရာ၌ ပြည့်စုံလျက်ရှိရသော တရား (၈) ပါးကို ပြဆိုချက်

ကလျာဏ မိတ္တမည်သော ဆရာသည် ပြဆိုအပ်ပြီးသော ဂုဏ်အပေါင်းတို့နှင့်သာလျှင် ပြည့်စုံရသည် မဟုတ်သေး။ သဒ္ဓါစသော (၈)ပါးသော တရားတို့နှင့်လည်း ပြည့်စုံလျက် ရှိရာ၏။

### ပြည့်စုံလျက်ရှိရသော တရား (၈) ပါးကား

| | | | |
|---|---|---|---|
| ၁။ | ။ရတနာသုံးပါးကို ယုံကြည်ခြင်း | .... | သဒ္ဓါသမ္ပန္န။ |
| ၂။ | ။ဖြူစင်သောသီလနှင့် ပြည့်စုံခြင်း | .... | သီလသမ္ပန္န။ |
| ၃။ | ။များသောဗဟုသုတနှင့် ပြည့်စုံခြင်း | .... | သုတသမ္ပန္န။ |
| ၄။ | ။ခွဲဝေစွန့်ကြဲသောစာဂနှင့် ပြည့်စုံခြင်း | .... | စာဂသမ္ပန္န။ |
| ၅။ | ။လုံ့လဝီရိယနှင့် ပြည့်စုံခြင်း | .... | ဝီရိယသမ္ပန္န။ |
| ၆။ | ။သတိနှင့် ပြည့်စုံခြင်း .... | .... | သတိသမ္ပန္န။ |
| ၇။ | ။သမာဓိနှင့် ပြည့်စုံခြင်း .... | .... | သမာဓိသမ္ပန္န။ |
| ၈။ | ။ပညာနှင့် ပြည့်စုံခြင်း .... | .... | ပညာသမ္ပန္န။ |

ဤသည်တို့ကား-ကလျာဏ မိတ္တမည်သော ဆရာ၌ ပြည့်စုံလျက်ရှိရသော တရားတို့တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

ကလျာဏမိတ္တော ဟိ သဒ္ဓါသမ္ပန္နော ဟောတိ
သီလသမ္ပန္နော သုတသမ္ပန္နော စာဂသမ္ပန္နော ဝီရိယ
သမ္ပန္နော သတိ သမ္ပန္နော သမာဓိ သမ္ပန္နော ပညာ
သမ္ပန္နော။ ။ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာ, ဋီကာတို့၌ ကမ္မဋ္ဌာန်းပြ ဆရာ၏ ဂုဏ်အင်္ဂါ စသည်တို့ကို ပြဆိုခြင်းကြောင့် ကမ္မဋ္ဌာန်းပြ ဆရာသည် ပြဆိုအပ်ပြီးသော ဂုဏ်အင်္ဂါ စသည်တို့နှင့် ပြည့်စုံခြင်း ရှိသော်သာလျှင် ကလျာဏမိတ္တပုဂ္ဂိုလ်မည်၍ ကမ္မဋ္ဌာန်းပြဆရာ ဖြစ်ထိုက်သည်။

ဟုတ်ဟုတ်, ငြားငြားသော ပုဂ္ဂိုလ်သည် ကလျာဏမိတ္တ ပုဂ္ဂိုလ် မမည်။ ကမ္မဋ္ဌာန်းပြဆရာ-တရားပြဆရာလည်း မဖြစ်ထိုက်။

ထို့ကြောင့် တရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် မဂ်,ဖိုလ်, နိဗ္ဗာန်တည်းဟူသော တရားထူးကို ရလိုလျှင်၊ ပြဆိုအပ်ပြီးသော ဂုဏ်အင်္ဂါစသည်တို့နှင့် ပြည့်စုံခြင်းရှိသည်ဖြစ်၍ ကလျာဏ မိတ္တ မည်သော ဆရာ၏ အထံ၌ မိမိအားထုတ်လိုသော ကမ္မဋ္ဌာန်းကို သင်ယူမှတ်သား အပ်၏။

## ကမ္မဋ္ဌာန်းကို သင်ပြသော ဆရာ၏ စည်းမျဉ်း

ကမ္မဋ္ဌာန်းကို အားထုတ်လို၍ ကမ္မဋ္ဌာန်းကို သင်ယူသော ယောဂီ ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်း တရားကို သင်ပြသော ဆရာသည် ဘုရား, ရဟန္တာ အရှင်မြတ်တို့၏ ဂုဏ်အနွယ်ကို အစဉ်စောင့်ရှောက်သော အားဖြင့်၊ ဘုရား, ရဟန္တာ အရှင်မြတ်တို့သည် ဟောအပ်-ပြအပ်သော လမ်းစဉ်အတိုင်းသာလျှင် ကျနမှန်ကန်စွာ သိရှိနားလည်အောင် သင်ပြ အပ်သည်။ ဘုရား,ရဟန္တာအရှင်မြတ်တို့ ဟောပြအပ်သော ကျင့်နည်း လမ်းစဉ်လည်းမဟုတ်၊ ကျမ်းဂန်တို့၌ ပြဆိုခြင်းလည်းမရှိ သက်သက် မိမိ၏အလို မိမိ၏ ထင်မြင်ချက်ဖြစ်သော အသစ်အဆန်း ဖြစ်သည့် အယူဝါဒမျိုးကိုကား တမျိုးတဖုံထင်၍ မိမိလည်း စွဲမြဲစွာ မယူအပ်၊ ယောဂီပုဂ္ဂိုလ်တို့အား သင်ပြခြင်းကိုလည်း မပြုအပ် မပြုကောင်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

ဝေဠုပေါ ဟိ တန္တိဓရော ဝံသာနုရက္ခကော ပဝေ
ဏီပါလကော အာစရိယော အာစရိယမတိကောဝ
ဟောတိ၊ န အတ္တနော မတိကော ဟောတိ။ ။ဟု
မိန့်ဆို၏။

ဟိ၊ မှန်၏။ ဝေဠုပေါ၊ ဤသို့ လဇ္ဇီပေသလ,သိက္ခာကာမ,ဖြစ်၍ ဗဟု ဿုတနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ တန္တိဓရော၊ ဘုရားဟော ပါဠိကို

ဆောင်သော။ ဝိသာနုရက္ခကော၊ဗုဒ္ဓ,အနုဗုဒ္ဓတို့၏ ဂုဏ်အနွယ်ကို အစဉ်စောင့်ရှောက်သော။ ပဝေဏိပါလကော၊ ဘုရား, ရဟန္တာတို့၏အလိုကျမ်းဂန်တို့၌ ပြဆိုအပ်သော ကမ္မဋ္ဌာန်း၏ ကျင့်နည်း အစဉ်အလာကို မဖေါက်မဖျက် ကောင်းစွာစောင့်ရှောက်လျက်ရှိသော။ အာစရိယော၊ ဆရာသည်။ ဟုတ္ဘာ၊ ဖြစ်၍။ အာစရိယမတိကောဝ၊ ဘုရား, ရဟန္တာတို့မှစ၍ အဆက်ဆက်သော ဆရာတို့၏ အလိုအတိုင်း ကျင့်နည်းအစဉ်ကို မဖေါက်မဖျက် ကောင်းစွာယူခြင်း-သင်ပြခြင်းရှိသည်။ ဟောတိ၊ဖြစ်၏။ အတ္တနောမတိကော၊မိမိ၏ အယူကိုသာ စွဲမြဲစွာယူ၍ ဟောပြောသင်ပြတတ်သည်။ န ဟောတိ၊ မဖြစ်။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ကမ္မဋ္ဌာန်းကို သင်ပြသော ဆရာသည် ကမ္မဋ္ဌာန်း၏ ကျင့်နည်းလမ်းစဉ်ကို ဘုရားဟောကျမ်းဂန်တို့၌ ဟောပြအပ်သောအတိုင်း ကျနမှန်ကန်စွာ သိရှိနားလည်ရမည်။ ယောဂီပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းကို သင်ပြသော အခါ၌လည်း ဘုရားဟော ဒေသနာတော် အတိုင်းသာလျှင် သင်ပြရမည်။ ဘုရားဟော ကျင့်နည်းလမ်းစဉ်ကို ဖေါက်ဖျက်၍ မိမိ၏အယူ မိမိ၏ ကျင့်နည်းလမ်းစဉ်ကို တချိုးထွင်၍ သင်ပြခြင်းကို မပြုအပ်။

## ထို့ပြင်တရားပြ ဆရာ၌ရှိရသော စည်းချင်းကား

တပါးသော သူတို့အား တရားပြ ဓမ္မကထိက ပြုလုပ်လျှင် မိမိ၌ သီလ,သမာဓိ,ဝိပဿနာတည်းဟူသော အကျင့်သိက္ခာ ရှိရာ၏။

သူတပါးတို့အား တရားပြဆရာ ဓမ္မကထိက ပြုလုပ်ပြီး မိမိ၌ သီလစသော အကျင့်သိက္ခာမရှိမူ၍ စီးပွားရေး, ကြီးပွားရေး, ကျော်ကြားထင်ရှားရေးကိုသာ ရှေးရှု၍ ဆည်းပူးအားထုတ်နေလျှင်၊ ဘုရားနှင့်တကွ ပညာရှိ သူတော်ကောင်း အပေါင်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရတတ်လေသည်။

## ကဲ့ရဲ့ရှုတ်ချခြင်း ခံရသော ဝတ္ထု

ဤဘုရား သာသနာတော်၌ သာကီဝင်မင်းသားဖြစ်သော အရှင်ဥပနန္ဒမထေရ်သည် တပါးသော ရဟန်းတို့အား အပ္ပိစ္ဆတာ စသည်

နှင့် စပ်သော တရားစကားကိုဟော၍၊ ထိုရဟန်းတို့သည် ပစ္စည်းပရိက္ခရာတို့၌ တွယ်တာမှုကိုဖျောက်လျက် ပစ္စည်းပရိက္ခရာတို့ကို စွန့်ကုန်သည်ရှိသော်၊ ထိုရဟန်းတို့၏ ပစ္စည်းပရိက္ခရာတို့ကို ယူလေ့ရှိ၏။

ဝါဆိုသော အခါ၌လည်း ဝါဆိုသင့်ရသော ကျောင်းဖြစ်မူ၊ "ထိုကျောင်း၌ ငါဝါဆို၏" ဟုပြောဆို၍ ဝါဆိုသော အထိမ်းအမှတ်ဖြင့် မိမိ၏ ကိုယ်စား ထိုကျောင်း၌ ဘိနပ်ကို ထားခဲ့၏။ ထို့အတူ တပါးသောကျောင်း၌ တောင်ဝှေးကိုထား၏။ တကျောင်း၌ ရေဘူးကိုထား၏။ ပစ္စည်းများစွာရသော ကျောင်း၌ကား၊ ကိုယ်တိုင်ဝါဆို၍ လူတို့အားလည်းကောင်း ရဟန်းတို့ အားလည်းကောင်း တရားဟောလျက်နေ၏။

ဝါကျွတ်သောအခါ၊ မိမိ၏ကိုယ်စား ဘိနပ်စသည် ထားခဲ့သော ကျောင်းတို့မှ မိမိ၏အဘို့ ပစ္စည်းစုတို့ကို ပို့ခိုင်း၍ မိမိကိုယ်တိုင် ဝါဆိုသောကျောင်း၌ လှူရေရဟန်းပါ လှူအပ်သောပစ္စည်းတို့ကို လှည်းဖြင့် တင်ဆောင်၍ ဇေတဝန်ကျောင်းသို့ ပြန်ကြွ၏။

အရှင်ဥပနန္ဒမထေရ်သည် ပစ္စည်းတို့ကို လှည်းဖြင့် ယူဆောင်၍ ပြန်ကြွလာစဉ်၊ တခုသောကျောင်း၌ ရဟန်းငယ်နှစ်ပါးတို့သည် ပိတ်ပိုင်းနှစ်ပိုင်းနှင့် ကတ္တီပါ သက်န်းတထည်ကို ရကြ၍ ဝေစုခွဲကြသောအခါ၊ ကတ္တီပါသက်န်းကို သူယူမည်-ငါယူမည်ဟု အငြင်းဖြစ်ပွားလျက် ရှိနေခိုက်၊ အရှင်ဥပနန္ဒမထေရ်ကို မြင်သောအခါ အရှင်ဥပနန္ဒမထေရ်ကို ဤသို့ လျှောက်ထားကြကုန်၏။

"အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်တို့သည် ပိတ်ပိုင်းနှစ်ပိုင်းနှင့် ကတ္တီပါ သက်န်းတထည်ကိုရ၍ ဝေစုခွဲကြသောအခါ ကတ္တီပါသက်န်းကို သူယူမည်-ငါယူမည်ဟု အငြင်းဖြစ်ပွားလျက် ရှိကြသောကြောင့်၊ တရားသဖြင့်ဖြစ်ရန် ဘုရားတပည့်တော်တို့အား ဤ သက်န်းတို့ကို ဝေခြမ်းပေးပါရန် တောင်းပန်ပါသည်ဘုရား" ဟုတောင်းပန် လျှောက်ထားကြကုန်၏။

ထိုအခါ ဥပနန္ဒမထေရ်သည် ဤသို့ မိန့်ဆို၏။ "ငါ့ရှင်တို့ သင်တို့သည် ငါ၏စကားကို နားထောင်ကြသော်သာလျှင် သင်တို့အား

ဝေခြမ်းမှုကို ငါပြုအံ့ ” ဟု ပြောဆိုသဖြင့် ရဟန်းငယ်တို့သည် “အရှင်၏ စကားကိုနားထောင်ပါကုန်အံ့”ဟု ဝန်ခံကြကုန်သည်ရှိသော် “ထိုသို့တပြီးကား သင်တို့သည် ဤပိတ်ပိုင်း နှစ်ထည်တို့ကို တယောက်လျှင် တထည်ကြစီ ယူကြကုန်၊ ဤကတ္တီပါသက်န်းသည်ကား ဓမ္မကထိကပုဂ္ဂိုလ်တို့အားသာလျှင် ဝတ်ရုံသုံးဆောင်ခြင်းငှာ ထိုက်သည်ဖြစ်၍၊ ကတ္တီပါသက်န်းကို ငါယူအံ့”ဟု ပြောဆိုပြီး ကတ္တီပါ သက်န်းကိုယူ၍ ကြွသွား၏။

ရဟန်းငယ်တို့သည် ဥပနန္ဒမထေရ်၏ ပြုပုံကို မကြေနပ် မနှစ်သက်ကြကုန်သည်ဖြစ်၍ ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းငယ်တို့အား ဤသို့ မိန့်ကြားတော်မူ၏။ “ရဟန်းတို့ ဤဥပနန္ဒသည် ယခုသာလျှင် သင်တို့အား စိတ်နှလုံးချမ်းသာခြင်းမရှိအောင် ပြုသည်မဟုတ်သေး၊ ရှေးအခါ၌လည်း သင်တို့အား စိတ်နှလုံးချမ်းသာခြင်း မရှိအောင် ပြုဘူးခဲ့လေပြီ”ဟု မိန့်တော်မူပြီး အတိတ်အကြောင်းကို ဤသို့ ဟောပြတော်မူ၏။

“ရဟန်းတို့ ရှေးအခါဝယ် ကမ်းစပ်၌ကျက်စားသော ဖျံတကောင်၊ ရေနက်ထည်း၌ ကျက်စားသော ဖျံတကောင်၊ ဤဖျံနှစ်ကောင်တို့သည် ငါးကြင်းတကောင်ကိုရ၍ ဝေစုခွဲကြသောအခါ၊ ဦးခေါင်းပိုင်းကို သူရသင့်သည်-ငါရသင့်သည်ဟု အငြင်းဖြစ်ပွားလျက် ရှိနေကြစဉ်၊ အနီးသို့ ရောက်လာသော မြေခွေးတကောင်ကိုမြင်၍ မြေခွေးကို ဤသို့ တောင်းပန်ကြကုန်၏။

“ဦးရီးမြေခွေး၊ ဤငါးကြင်းကို တရားမျှတစွာဖြစ်ရန် အကျွန်ုပ်တို့အား ဝေပေးရန် တောင်းပန်ပါသည် ” ဟု မြေခွေးကို ဖျံတို့သည် တောင်းပန်ကြကုန်၏။

ထိုအခါ မြေခွေးသည် ဖျံတို့ကို ဤသို့ ပြောဆို၏။ “ အမောင်တို့ငါ့ကိုကား ဘုရင်မင်းမြတ်သည် တရားဆုံးဖြတ်ရန် တရားသူကြီးခန့်ထား၍ တရားကို ကြာမြင့်စွာထိုင်လျက် ဆုံးဖြတ်ရသောကြောင့်၊ ညောင်းညာသည်ဖြစ်၍ အညောင်းဖြေရန် ဤနေရာသို့ ရောက်လာရ

ခြင်းသာဖြစ်သည်။ သင်တို့၏ အငြင်းဖြစ်ပွားမှုကို တာဝန်ယူ၍ အဆုံးအဖြတ် မပေးနိုင်”ဟု ပြောဆို၏။

ထိုအခါ ဖျံတို့သည် ဘုရင်မင်းမြတ်၏ တရားသူကြီးဟု ပြောဆိုခြင်းကြောင့် ပို၍ ယုံကြည်အားထားကြကုန်လျက် “ ဦးရီးမြေခွေး၊ ဦးရီးမြေခွေးသည် အကျွန်ုပ်တို့အား ဤငါးကြင်းကို ခွဲဝေ၍ ပေးပါလော့-ဦးရီးမြေခွေး ခွဲဝေပေးသောအတိုင်း အကျွန်ုပ်တို့ လိုက်နာပါကုန်ပါအံ့” ဟု တောင်းပန်ကြကုန်၏။

ထိုအခါ မြေခွေးသည် ငါးကြင်းကို သုံးပိုင်းပိုင်းပြီးလျှင် “အမြီးပိုင်းကို ကမ်းစပ်၌ ကျက်စားသောဖျံကယူစေ၊ဦးခေါင်းပိုင်းကို ရေနက်ထည်း၌ ကျက်စားသော ဖျံကယူစေ၊ အလယ်ပိုင်းကား တရားဆုံးဖြတ်သော တရားသူကြီးများသာလျှင် ရထိုက်သည်” ဟု ဆို၍ အလယ်ပိုင်းကို မြေခွေးကယူ၍ ဖဲခွါသွား၏။

ထိုအခါ ဖျံနှစ်ကောင်တို့သည် စိတ်နှလုံး မချမ်းသာခြင်း ဖြစ်ကြကုန်လျက် ဖဲခွါသွားသော မြေခွေးကို ကြည့်၍ ကျန်ရစ်ကြကုန်၏။

“ချစ်သားရဟန်းတို့ ဥပနန္ဒသည် ရှေးအခါ၌လည်း သင်တို့အား စိတ်နှလုံးချမ်းသာခြင်း မရှိအောင် ပြုခဲ့ဘူးလေပြီ” ဟု မိန့်တော်မူပြီး၊ ဥပနန္ဒအား ကဲ့ရဲ့ရှုတ်ချလျက်“ရဟန်းတို့ တပါးသော သူတို့အား ဆုံးမဩဝါဒပေးသော ဆရာသည် ရှေးဦးစွာ မိမိကိုယ်ကို ကောင်းမြတ်သော အကျင့်သိက္ခာ၌ တည်စေရာ၏၊ မိမိကိုယ်ကို ကောင်းမြတ်သော အကျင့်သိက္ခာ၌ တည်စေပြီးမှသာလျှင် သူတပါးတို့အား ဟောပြောရာ၏” ဟု မိန့်တော်မူပြီး။

> အတ္တာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ။
> အထညမနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။ ။
> ဟူသော....

ဂါထာကို ဓမ္မပဒ အဋ္ဌကထာ အတ္တဝဂ် ဥပနန္ဒ သကျပုတ္တတ္ထေရ ဝတ္ထု၌ ဘုရားရှင် ဟောတော်မူ၏။

ယောပုဂ္ဂလော၊ အကြင်တရားပြ ဓမ္မကထိကပုဂ္ဂိုလ်သည်။အပ္ပိစ္ဆတာ ဒိဂုဏေဟိဝါ၊ အပ္ပိစ္ဆတာစ စသော ဂုဏ်ကျေးဇူးတို့ဖြင့်ငြင်း။ အရိယဝံသပဋိပဒါဒီဟိဝါ၊ အရိယဝံသအကျင့် အစရှိသည်တို့ဖြင့် ငြင်း။ ပရံ၊

တပါးသောသူကို။ အနုသာသိတုကာမော၊ ဆုံးမလို၏။ သောပုဂ္ဂလော၊ သူတပါးကို ဆုံးမလိုသော ထိုတရားပြ ဓမ္မကထိကပုဂ္ဂိုလ်သည်။အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊သူတပါးကို မဆုံးမမီ ရှေးဦးစွာ။ ပဋိရူပေ၊ အရိယဝံသ အကျင့် အစရှိသော သင့်လျော် လျောက်ပတ်ကောင်းမြတ်သော တရား၌။ နိဝေသယေ၊ တည်စေရာ၏။ ဧဝံ၊ ဤသို့။ နိဝေသေတွာ၊ တည်စေပြီး၍။ အထပစ္ဆာ၊ထိုမှနောက်၌။ အညံ၊တပါးသောသူကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ နကိလိဿေယျ၊ မညစ်နွမ်းစေရာ။

ဤသို့ ဘုရားရှင် ဟောတော်မူခြင်းကြောင့်၊ တရားပြသော ဓမ္မကထိကပုဂ္ဂိုလ်သည် တပါးသော သူတို့အား သီလနှင့်ပြည့်စုံခြင်းရှိရန် ဟောပြောလျှင် မိမိသည်လည်း သီလနှင့်ပြည့်စုံလျက် ရှိရာသည်။တပါးသောသူတို့အား သမထတရားကို ပွားများအားထုတ်ရန် ပြသဟောပြောတိုက်တွန်းလျှင် မိမိသည်လည်း သမထတရားကို အားထုတ်နေသောပုဂ္ဂိုလ်ဖြစ်ရာသည်။ တပါးသော သူတို့အား ဝိပဿနာတရားကို ပွားများအားထုတ်ရန် ပြသဟောပြော တိုက်တွန်းလျှင် မိမိသည်လည်း ဝိပဿနာ တရားကို အားထုတ်နေသော ပုဂ္ဂိုလ် ဖြစ်ရာသည်။ ထိုသို့မဟုတ်လျှင် ပညာရှိတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရတတ်လေသည်။ ထို့ကြောင့် တရားပြဆရာသည် သီလစသော အကျင့်သိက္ခာနှင့် ပြည့်စုံလျက် ရှိရာ၏။

ဤကား ကမ္မဋ္ဌာန်းကို သင်ပြသော ဆရာ၏ လိုက်နာအပ်သော နည်းမျဉ်းတည်း။

---

## ယောဂီပုဂ္ဂိုလ်တို့၌ ရှိရာသော အင်္ဂါသယကို ပြဆိုချက်

စျာန်,မဂ်,ဖိုလ်ကိုလိုလား၍ တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့လိုလားအပ်သောတရားထူးကို ရနိုင်ကြရန် မိမိတို့၌ အလောဘစသော(၆)ပါးသောအလို အဇ္ဈာသယတို့နှင့်ပြည့်စုံလျက် ရှိကြရမည်။

## အဗ္ဘောသယ(၆)ပါးကား

၁။ ။လောဘ၏ အပြစ်ကိုမြင်၍ လောဘကင်းလိုသော အလို အဇ္ဈာသယ။
၂။ ။ဒေါသ၏ အပြစ်ကိုမြင်၍ ဒေါသ ကင်းလိုသော အလို အဇ္ဈာသယ။
၃။ ။မောဟ၏ အပြစ်ကိုမြင်၍ မောဟ ကင်းလိုသော အလို အဇ္ဈာသယ။
၄။ ။အိမ်ထောင်ရေး၌ အပြစ်မြင်၍ အိမ်ထောင်ရေးမှ လွတ်မြောက်လိုသော အလို အဇ္ဈာသယ။
၅။ ။အပေါင်းပရိသတ်နှင့်နေထိုင်ခြင်းကို အပြစ်မြင်၍ အပေါင်းပရိသတ်မှ လွတ်မြောက်လိုသော အလို အဇ္ဈာသယ။
၆။ ။ထိုထိုဘဝ-ထိုထိုဂတိတို့၌ အပြစ်မြင်၍ ထိုထိုဘဝ-ထိုထိုဂတိတို့မှ လွတ်မြောက်လိုသောအလို အဇ္ဈာသယ။

ဤသည်တို့ကား ယောဂီပုဂ္ဂိုလ်တို့၌ရှိရာသော အဇ္ဈာသယတို့တည်း။

ယောဂီပုဂ္ဂိုလ်သည်၊ ၎င်းအဇ္ဈာသယတို့နှင့် ပြည့်စုံမှသာလျှင် ဈာန်, မဂ်,ဖိုလ်တည်းဟူသော တရားထူးကို ရနိုင်ချေမည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

တေန ယောဂိနာ အလောဘာဒီနံ ဝသေန ဆဟာကာရေဟိ သမ္ပန္နဇ္ဈာသယေနဘဝိတဗ္ဗံ။ ဧဝံ သမ္ပန္နဇ္ဈာသယော ဟိ တိဿန္နံ ဗောဓီနံ အညတရံပါပုဏာတိ။ ဟုမိန့်ဆို၏။

---

## အလောင်းတော်တို့၏ အဇ္ဈာသယ

အလောဘစသော (၆)ပါးသော အဇ္ဈာသယတို့သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရင့်သန်ထက်မြက် စေကုန်၏။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, တို့ကို ရင့်သန်ထက်မြက်စေသောကြောင့် သောတာပန်, သကဒါဂါမ်,

အစရှိသော ဗောဓိအလောင်းအလျာတို့သည် အလောဘစသော (၆)ပါးသော အဇ္ဈာသယတို့နှင့် ပြည့်စုံလျက် ရှိကြကုန်၏။

ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

ဆအဇ္ဈာသယာ ဗောဓိသတ္တာနံ ဗောဓိပရိပါကာယ သံဝတ္တန္တိ၊ အလောဘဇ္ဈာသယာစ ဗောဓိသတ္တာ လောဘေဒေါသဒဿာဝိနော၊ အဒေါသဇ္ဈာသယာစ ဗောဓိသတ္တာဒေါသေ ဒေါသဒဿာဝိနော၊ အမောဟဇ္ဈာသယာစ ဗောဓိသတ္တာ မောဟေ ဒေါသဒဿာဝိနော၊ နေက္ခမ္မဇ္ဈာသယာစ ဗောဓိသတ္တာ ဃရာဝါသေ ဒေါသဒဿာဝိနော၊ ပဝိဝေကဇ္ဈာသယာစ ဗောဓိသတ္တာ သင်္ဂဏိကာယ ဒေါသဒဿာဝိနော၊ နိဿရဏဇ္ဈာသယာစ ဗောဓိသတ္တာ သဗ္ဗဘဝဂတီသုဒေါသဒဿာဝိနော။ ။ဟု မိန့်ဆို၏။

အတိတ်ကာလ၌။ ။သောတာပန်, သကဒါဂါမ်-စသော အားဖြင့် ဖြစ်ပြီးကုန်သော အရိယာ။

ပစ္စုပ္ပန်ကာလ၌။ ။သောတာပန်, သကဒါဂါမ်စသော အားဖြင့် ဖြစ်ကြကုန်သော အရိယာ။

အနာဂတ်ကာလ၌။ ။သောတာပန်,သကဒါဂါမ်-စသောအားဖြင့် ဖြစ်လတံ့ကုန်သော အရိယာ။

ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတံ့ကုန်သော၊ ထိုသောတာပန်, သကဒါဂါမ်-စသော အရိယာပုဂ္ဂိုလ် အပေါင်းတို့သည် အလောဘစသော(၆)ပါးသော အဇ္ဈာသယတို့နှင့် ပြည့်စုံခြင်းကြောင့်သာလျှင်၊ သောတာပန်, သကဒါဂါမ်-စသော အရိယာအဖြစ်သို့ ရောက်ကြလေကုန်သည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

ယေဟိကေစိ အတီတာ နာဂတပစ္စုပ္ပန္နာ သောတာပန္န သကဒါဂါမိ အနာဂါမိ ခီဏာသဝ ပစ္စေကဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓါ၊သဗ္ဗေတေ ဣမေဟေဝ ဆဟာကာရေဟိ အတ္တနာ အတ္တနာ ပတ္တဗ္ဗံ ဝိသေသံပတ္တာ။ ။ဟု မိန့်ဆို၏။

ဤသို့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ ဖြစ်ကြကုန်သော အရိယာ ပုဂ္ဂိုလ်တို့သည် အလောဘစသော (၆) ပါးသော အဇ္ဈာသယ တို့နှင့် ပြည့်စုံလျက်ရှိခြင်းကြောင့်သာလျှင် သောတာပန်,သကဒါဂါမ်, စသော အရိယာအဖြစ်သို့ ရောက်ကြရကုန်သည်ဖြစ်၍ သောတာပန်, သကဒါဂါမ်, စသော အရိယာ အဖြစ်သို့ ရောက်လိုကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်လည်း သောတာပန်, သကဒါဂါမ်, စသော အရိယာအဖြစ်သို့ ရောက်လိုကြလျှင် အလောဘစသော (၆) ပါးသော အဇ္ဈာသယတို့နှင့် ပြည့်စုံလျက် ရှိကုန်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

တသ္မာ ဣမေဟိ ဆဟာကာရေဟိ သမ္ပန္နဇ္ဈာ
သယေန ဘဝိ တဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား ယောဂီပုဂ္ဂိုလ်တို့၌ ပြည့်စုံလျက်ရှိရာသော အဇ္ဈာသယကို ပြဆိုချက်တည်း။

---

## ယောဂီပုဂ္ဂိုလ်အား သင်ပေးအပ်သော ကမ္မဋ္ဌာန်း

မဂ်, ဖိုလ်, သို့ရောက်ကြောင်း ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လို၍ ဆရာ၏အထံ၌ ကမ္မဋ္ဌာန်းကိုတောင်းသော ယောဂီပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းကို သင်ပေးသော ဆရာသည်

သဗ္ဗတ္ထက ကမ္မဋ္ဌာန်း,ပါရိဟာရိယကမ္မဋ္ဌာန်း။ ။

ဟု ဆိုအပ်သော ဤနှစ်မျိုးသောကမ္မဋ္ဌာန်းကို သင်ပေးအပ်၏။

ထိုနှစ်မျိုးသော ကမ္မာန်းဋ္ဌကို သင်ပေးသော ဆရာသည် ယောဂီ ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းကို ပြည့်စုံစွာ သင်ပေးသော ဆရာမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဣမံ ဒုဝိဓမ္ပိ ကမ္မဋ္ဌာနံ ယောဒေတိ၊ အယံကမ္မဋ္ဌာန
ဒါယကောနာမ။ ။ဟု မိန့်ဆို၏။

## သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို ပြဆိုချက်

ယောဂီပုဂ္ဂိုလ်အား သင်ပေးအပ်သော ကမ္မဋ္ဌာန်း နှစ်မျိုးတို့တွင် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟူသည်ကား-

မေတ္တာ ကမ္မဋ္ဌာန်း, မရဏဿတိကမ္မဋ္ဌာန်း။ ။

ဤနှစ်မျိုးသော ကမ္မဋ္ဌာန်းသည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။

တနည်း (ဧကေအလို)

မေတ္တာကမ္မဋ္ဌာန်း, မရဏဿတိကမ္မဋ္ဌာန်း, အသုဘ သညာ။ ။ဤသုံးမျိုးသော ကမ္မဋ္ဌာန်းတို့သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

တတ္ထသဗ္ဗတ္ထက ကမ္မဋ္ဌာနံနာမ ဘိက္ခု သံဃာဒီသု မေတ္တာ မရဏဿတိစ။အသုဘသညာတိ ပိ ဧကေ။ ။ ဟု မိန့်ဆို၏။

---

## သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရခြင်း၏ အကြောင်း

မေတ္တာ ကမ္မဋ္ဌာန်း, မရဏဿတိကမ္မဋ္ဌာန်း, အသုဘ သညာတို့ကို သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရခြင်း၏ အကြောင်းကား....

သမထ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ် ဖြစ်စေ, ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ် ဖြစ်စေ, ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တိုင်း ယောဂီပုဂ္ဂိုလ်တိုင်း မိမိတို့၏ အမြဲပွားများအားထုတ်နေကြ ကမ္မဋ္ဌာန်း တို့ကို ပွားများ အားထုတ်ခြင်းကို မပြုမီ ရှေးဦးစွာ အချိန်ကာလ အတန်ငယ် မေတ္တာကမ္မဋ္ဌာန်း, မရဏဿတိ ကမ္မဋ္ဌာန်း, အသုဘ သညာတို့ကို ပွားများအားထုတ်ခြင်းကို ပြုအပ်ကုန်၏။

၎င်းကမ္မဋ္ဌာန်းတို့ကို ရှေးဦးစွာ ပွားများနှလုံးသွင်းခြင်းကြောင့် ရအပ်သော အကျိုးတို့ကား....

မေတ္တာ ကမ္မဋ္ဌာန်းကို ပွားများနှလုံးသွင်းသဖြင့် ဘေးရန် အန္တရာယ်ကင်း၍ မိမိတို့၏ နှလုံးသွင်း၍ ပွားများနေကြ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သောအခါ စိတ်၏ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်းဖြင့် ချမ်းသာစွာနှလုံးသွင်း အားထုတ်နိုင်ခွင့်ကို ရရှိခြင်းတည်းဟူသော အကျိုး။

မရဏာဿတိ ကမ္မဋ္ဌာန်းကို နှလုံးသွင်း ပွားများသဖြင့် မလျော်မလျောက်ပတ်သော မိစ္ဆာဇီဝအသက်မွေးမှုတို့မှ ရှောင်ကြဉ်၍ မဆုတ်နစ်သော လုလ္လဝီရိယဖြင့် ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ခြင်းတည်းဟူသောအကျိုး။

အသုဘသညာကို ပွားများနှလုံးသွင်းသဖြင့် ထိုထိုဘဝ, ထိုထိုဂတိတို့၌ နှစ်သက်မြတ်နိုးခြင်း မရှိသောအကျိုး။

ဤသို့သော အကျိုးတို့ကို ရကုန်၏။

၎င်း အကျိုးတို့ကို ရရှိ၍ ယောဂီပုဂ္ဂိုလ်အား များသော ကျေးဇူးရှိသောကြောင့်၊ ယောဂီ ပုဂ္ဂိုလ်တိုင်း-ယောဂီပုဂ္ဂိုလ်တိုင်း အလိုရှိအပ်-အသုံးပြုအပ်သောကြောင့်၎င်း။

၎င်း အကျိုးတို့ကို ရရှိသဖြင့် မဆုတ်နစ်သော လုလ္လဝီရိယဖြင့် ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ခြင်း၏ အကြောင်း အထောက် အပံ့ဖြစ်သောကြောင့်၎င်း။

ဤနှစ်ပါးသော အကြောင်းတို့ကြောင့် မေတ္တာကမ္မဋ္ဌာန်း, မရဏာဿတိကမ္မဋ္ဌာန်း, အသုဘကမ္မဋ္ဌာန်း တို့ကို သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ဟု ခေါ်ဆိုအပ်ကုန်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

ဧဝံ ဗဟူပကာရတ္တာ သဗ္ဗတ္ထ အတ္ထယိတဗ္ဗံ ဣစ္ဆိ
တဗ္ဗန္တိစ အဓိပ္ပေတဿ ယောဂါနုယောဂ ကမ္မဿ
ဌာနဥ္စာတိ သဗ္ဗတ္ထက ကမ္မဋ္ဌာနန္တိ ဝုစ္စတိ။ ။ဟု
မိန့်ဆို၏။

ဤကား သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရခြင်း၏ အကြောင်းကို ပြဆိုချက်တည်း။

---

## ပါရိဟာရိယ ကမ္မဋ္ဌာန်းကို ပြဆိုချက်

ပါရိဟာရိယကမ္မဋ္ဌာန်းဟူသည်ကား။ ။သမထကမ္မဋ္ဌာန်း (၄၀) တို့တွင် မိမိ၏ စရိုက်နှင့် သင့်လျော်သော တခုခုသော ကမ္မဋ္ဌာန်း သည် ပါရိဟာရိယကမ္မဋ္ဌာန်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌-

စတ္တာလီသာယ ပန ကမ္မဋ္ဌာနေသု ယံ ယဿ စရိယာနုကူလံ၊ တံ ပါရိဟာရိယကမ္မဋ္ဌာနန္တိ ဝုစ္စတိ။ ။

ဟု မိန့်ဆို၏။

---

## ပါရိဟာရိယကမ္မဋ္ဌာန်းဟု ခေါ်ဆိုရခြင်း၏ အကြောင်း

သမထကမ္မဋ္ဌာန်း(၄၀)တို့တွင် ယောဂီပုဂ္ဂိုလ်၏ စရိုက်နှင့်သင့်လျော်သော တခုခုသော ကမ္မဋ္ဌာန်းကို ပါရိဟာရိယ ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရခြင်း၏ အကြောင်းကား....

သမထကမ္မဋ္ဌာန်း (၄၀) တို့တွင် မိမိ၏ စရိုက်နှင့် သင့်လျော်သော တခုခုသောကမ္မဋ္ဌာန်းကို ယောဂီပုဂ္ဂိုလ်တို့သည် အမြဲဆောင်၍ ပွားများအားထုတ်အပ်သောကြောင့်ရင်း။

အထက် အထက်၌ဖြစ်သော ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ၌ အနီးဆုံးသောအကြောင်း အထောက်အပံ့ ဖြစ်သောကြောင့်ရင်း။

ဤနှစ်ပါးသောအကြောင်းတို့ကြောင့် မိမိ၏ စရိုက်နှင့် သင့်လျော်သော တခုခုသော ကမ္မဋ္ဌာန်းကို ပါရိဟာရိယ ကမ္မဋ္ဌာန်းဟု ခေါ်ဆိုအပ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌—

စတ္တာလီသာယ ပန ကမ္မဋ္ဌာနေသု ယံ ယဿ စရိယာနုကူလံ၊ တံ တဿ နိစ္စံ ပရိဟရိတဗ္ဗတ္တာ ဥပရိမဿစ ဥပရိမဿ ဘာဝနာကမ္မဿ ပဒဋ္ဌာနတ္တာ ပါရိဟာရိယကမ္မဋ္ဌာနန္တိ ဝုစ္စတိ။ ။ဟု မိန့်ဆို၏။

ဤကား ပါရိဟာရိယ ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရခြင်း၏ အကြောင်းကို ပြဆိုချက်ဘည်း။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ယောဂီပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းကို သင်ပေးသော ဆရာသည် ပြဆိုအပ်သော သဗ္ဗတ္ထက ကမ္မဋ္ဌာန်း-ပါရိဟာရိယကမ္မဋ္ဌာန်းဟု ဆိုအပ်သော ဤ နှစ်မျိုးသော ကမ္မဋ္ဌာန်းကို သင်ပေးအပ်၏။

ထိုနှစ်မျိုးသော ကမ္မဋ္ဌာန်းတို့တွင် ပါရိဟာရိယကမ္မဋ္ဌာန်းကို ယောဂီပုဂ္ဂိုလ်တို့သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကဲ့သို့ ရံခါသာလျှင် နှလုံးသွင်း၍ ပွားများအပ်သည်မဟုတ် အခါခပ်သိမ်း ပွားများ၍ နေအပ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

သဗ္ဗတ္ထကကမ္မဋ္ဌာနံဝိယ ကေဒါစိ အနနုယုဉ္ဇိတွာ
သဗ္ဗကာလံ ပရိဟရဏီယတ္တာ အနုယုဉ္ဇိတဗ္ဗတ္တာ။ ။
ဟု မိန့်ဆို၏။

သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကိုကား။ ။သမထကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ပွားများသော ပုဂ္ဂိုလ်ဖြစ်စေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ပွားများသော ပုဂ္ဂိုလ်ဖြစ်စေ၊ ယောဂီ ပုဂ္ဂိုလ်တိုင်း-ယောဂီ ပုဂ္ဂိုလ်တိုင်း ရံခါရံခါ နှလုံးသွင်း၍ ပွားများခြင်းကို ပြုအပ်လေသည်။ ရံခါရံခါ နှလုံးသွင်း၍ ပွားများခြင်းကိုပြုလျှင် အမြဲအားထုတ်နေကြ ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ များသောကျေးဇူးရှိ၏။အထောက်အပံ့ကိုရ၏။

ဤသို့ အမြဲအားထုတ်နေကြ ကမ္မဋ္ဌာန်းကို အားထုတ် ရာ၌၊ ကျေးဇူးများ၍ အထောက်အပံ့ရသောကြောင့် ယောဂီ ပုဂ္ဂိုလ်တိုင်း-ယောဂီပုဂ္ဂိုလ်တိုင်း အလိုရှိအပ်-လက်သုံးပြုအပ်သည်ဖြစ်၍၊ ထိုသဗ္ဗတ္ထက

ကမ္မဋ္ဌာန်းကို အမြဲဆောင်၍ ပွား များ အား ထုတ် လို သည် ဖြစ် စေ, သို့မဟုတ် ရံခါရံခါသာလျှင် ပွားများအားထုတ်လိုသည်ဖြစ်စေ, ၎င်း ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ ထိုသဗ္ဗတ္ထက ကမ္မဋ္ဌာန်းတို့၏ သဘောတရားနှင့်တကွ ပွားများ နှလုံး သွင်းနည်း အစီအစဉ်ကို သိအပ်သိသင့်ကုန်၏။ ထို့ကြောင့် ထိုသဗ္ဗတ္ထက ကမ္မဋ္ဌာန်းတို့၏ သဘောတရားနှင့်တကွ နှလုံးသွင်းပွားများနည်း အစီ အစဉ်ကို ထုတ်ဖော်ပြဆိုပေအံ့။

## မေတ္တာကို ပြဆိုချက်

မဂ်,ဖိုလ်ကို လိုလား၍ ပဋိပတ်အကျင့်မြတ်ကို ပွားများအားထုတ် ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် လက်မလွှတ်အပ် - လက်သုံးပြုအပ် သော သဗ္ဗတ္ထက ကမ္မဋ္ဌာန်းတို့တွင် မေတ္တာ၏ သဘောတရားနှင့်တကွ မေတ္တာကမ္မဋ္ဌာန်း၏ ပွားများနှလုံးသွင်းနည်း အစီအစဉ်ကို ရှေးဦးစွာ ပြဆိုအံ့။

## မေတ္တာ၏ဝစနတ္ထ

မေဇ္ဇတီတိမေတ္တာ၊ သိနိယှတီတိအတ္ထော။

ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ မေဇ္ဇတိ၊ ချစ်တတ်၏။ ဣတိ-တသ္မာ၊ ထိုသို့ ချစ်တတ်သောကြောင့်။ သာဓမ္မဇာတိ၊ ထိုတရား သဘောသည်။ မေတ္တာ၊မေတ္တာမည်၏။ သိနိယှတိ၊ချစ်တတ်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ မေဇ္ဇတိဟူသောပုဒ်၏ အနက်တည်း။

ဤသို့ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ ပကိဏ္ဏက ကထာ၌ မေတ္တာ၏ ဝစနတ္ထကို ပြဆိုခြင်းကြောင့် ချစ်တတ်သော သဘော တရားကို မေတ္တာဟု မှတ်အပ်၏။

ချစ်တတ်သော သဘောတရားကို မေတ္တာဟု ဆိုအပ်သော်လည်း ချစ်တိုင်း-ချစ်တိုင်းသော သဘောတရားကို မေတ္တာချည်းဟူ၍ မမှတ် အပ်။ တဏှာချစ်လည်း ရှိသေး၏။

ထို့ကြောင့် အချစ်ဟူသည်....

**မေတ္တာချစ်-**

**တဏှာချစ်။** ။ဤသို့ အချစ်နှစ်မျိုးရှိ၏။

မေတ္တာချစ်ဟူသည်ကား။ ။ကြီးပွားချမ်းသာစေလိုသော သဘောထားစိတ်ထားဖြင့် ချစ်ခြင်းသည် မေတ္တာချစ်မည်၏။ လိုချင်နှစ်သက်သော ချစ်ခြင်းမျိုးမဟုတ်။

တဏှာချစ် ဟူသည်ကား။ ။လိုချင်နှစ်သက်သော သဘောထားစိတ်ထားဖြင့် ချစ်ခြင်းသည် တဏှာချစ်မည်၏။ ကြီးပွားချမ်းသာစေလိုသော ချစ်ခြင်းမျိုးမဟုတ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

သိနိယှတီတိ ဧတ္ထ သတ္တေသု ဗျာပဇ္ဇနဝသေန
လူခဘာဝဿ ပဋိပက္ခဘူတံ ဉာဏပုဗ္ဗင်္ဂမံ ဟိတာကာ
ရပ္ပဝတ္တိဝသေန သိနေဟနံဒဋ္ဌဗ္ဗံ။န တဏှာယန ဝသေန။
ဟု မိန့်ဆို၏။

သိနိယှတီတိဧတ္ထ၊သိနိယှတိဟူသော ဤပါဌ်၌။ အတ္ထော၊အနက်ကို။ ဧဝံ၊ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။ သတ္တေသု၊ သတ္တဝါတို့၌။ ဗျာပဇ္ဇနဝသေန၊ ပြစ်မှားခြင်း၏ အစွမ်းအားဖြင့်။ လူခဘာဝဿ၊ ကြမ်းတန်းစွာဖြစ်ခြင်းသဘောရှိသော ဒေါသ၏။ ပဋိပက္ခဘူတံ၊ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်သော။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်ပြဋ္ဌာန်းခြင်းရှိသော။ ဟိတာကာရပ္ပဝတ္တိဝသေန၊ ကြီးပွားချမ်းသာကို လိုလားသော အခြင်းအရာအားဖြင့်ဖြစ်သည်၏ အစွမ်းအားဖြင့်။သိနေဟနံ၊မေတ္တာချစ်ကို။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ တဏှာယနဝသေန၊ လိုချင်နှစ်သက်ခြင်း၏ အစွမ်းအားဖြင့်။ သိနေဟနံ၊ တဏှာချစ်ကို။ ဣဓ၊ ဤမေတ္တာကို ပြဆိုရာ၌။ နဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။

တဏှာချစ်သည် မောဟနှင့်ယှဉ်၏။ လိုချင်ခြင်းသဘောရှိ၏။

မေတ္တာချစ်သည် ပြစ်မှားခြင်းသဘောမရှိ။အဒေါသနှင့် ယှဉ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

တံ ဟိ မောဟပဗ္ဗဂ်မံ လုဗ္ဘနသဘာဝံ။

ဣဒံ ပန အဒုဿန သဘာဝံ၊ အလောဘသမ္ဗယုတ္တံ။

ဟု မိန့်ဆို၏။

ဟိ၊မှန်၏။ တံ၊ထိုတဏှာချစ်သည်။ မောဟပဗ္ဗဂ်မံ၊မောဟပြဋ္ဌာန်းခြင်း ရှိ၏။ လုဗ္ဘနသဘာဝံ၊ လိုချင်သော သဘောရှိ၏။

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ဣဒံ၊ ဤမေတ္တာချစ်သည်။ အဒုဿန သဘာဝံ၊ ပြစ်မှားခြင်းသဘောမရှိ။ အလောဘသမ္ဗယုတ္တံ၊ အလောဘ နှင့်ယှဉ်၏။

ဤကား မေတ္တာချစ်, တဏှာချစ်, အချစ်နှစ်ပါးကိုခွဲ၍သိရန် ဋီကာ ဆရာ၏ ထုတ်ဖော်ပြဆိုခြင်းတည်း။

## မေတ္တာ၏ အရ တရား

မေတ္တာသည် ဥာဏ်ပြဋ္ဌာန်းခြင်းရှိ၍ အလောဘနှင့် ယှဉ်လျက်ဖြစ် ခြင်းကြောင့် မေတ္တာ၏အရ တရားကို ပရမတ္ထအားဖြင့် ထုတ်သော်၊ အဒေါသတရားရ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

မေတ္တာနာမ အတ္ထတော အဒေါသော။ ။ဟု မိန့်ဆို၏။

မေတ္တာနာမ၊ မေတ္တာမည်သည်ကား။ အတ္ထတော၊ ပရမတ္ထသဘော အားဖြင့်။ အဒေါသော၊ အဒေါသတရားတည်း။

အဒေါသတရားကို မေတ္တာဟုခေါ်ဆိုရခြင်း၏အကြောင်းကား။ ။ အဒေါသတရားသည် သတ္တဝါတို့၏ စီးပွားချမ်းသာကို လိုလားသော အားဖြင့်ဖြစ်၏။

ထို့ကြောင့် အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ၌—

အဒေါသော ယေဝ ဟိ သတ္တေသု ဟိတဇ္ဈာ

သယဝသပ္ပဝတ္တော မေတ္တာနာမ။ ။ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာဋီကာတို့၌ မေတ္တာ၏သဘောကို ပြဆိုခြင်းကြောင့် ချစ်တတ်သောတရားကို မေတ္တာဟု ဆိုသည်ဖြစ်၍ ချစ်တိုင်း-ချစ်တိုင်းကို မေတ္တာဟု မမှတ်အပ်။

ကြီးပွားစေလို-ချမ်းသာစေလိုသော အားဖြင့်ဖြစ်သော ချစ်ခြင်းကိုသာလျှင် မေတ္တာဟု မှတ်အပ်၏။ လိုချင်နှစ်သက်သော ချစ်ခြင်းမျိုး မဟုတ်၊ လိုချင်နှစ်သက်သော ချစ်ခြင်းမျိုးသည် တဏှာချစ်မည်၏။

(ဤသို့ မေတ္တာချစ်, တဏှာချစ်,နှစ်ပါးကို ခွဲခြား၍ မှတ်အပ်၏။)

## မေတ္တာ၏လက္ခဏာ စသည်ကို ပြဆိုချက် "လက္ခဏာ"

ဟိတာကာရပ္ပဝတ္တိလက္ခဏာ မေတ္တာ။

မေတ္တာ၊ မေတ္တာသည်။ ဟိတာကာရပ္ပဝတ္တိလက္ခဏာ၊ သတ္တဝါတို့၏ အကျိုးစီးပွားကိုကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း သဘော လက္ခဏာရှိ၏။

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌ မိန့်ဆိုခြင်းကြောင့် မေတ္တာ၏ သဘောလက္ခဏာသည် သတ္တဝါတို့အား ကြီးပွားစေလို-ချမ်းသာစေလိုသော သဘောလက္ခဏာရှိ၏။

ဤသို့ မေတ္တာ၏ သဘောလက္ခဏာကို မှတ်အပ်၏။

## "ရသ"

ဟိတူပသံဟာရရသာ။

မေတ္တာ၊မေတ္တာသည်။ ဟိတူပသံဟာရရသာ၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ကပ်၍ဆောင်ရွက်ခြင်းကိစ္စရှိ၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် မေတ္တာ၏ကိစ္စကား။ ။ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တတ်သော အပြုအမူသည် မေတ္တာ၏ ကိစ္စရသမည်၏။

ဤသို့ မေတ္တာ၏ ကိစ္စရသကို မှတ်အပ်၏။

## ''ပစ္စုပဋ္ဌာန်''

အာဃာတပစ္စုပဋ္ဌာနာ။

မေတ္တာ၊ မေတ္တာသည်။ အာဃာတပစ္စုပဋ္ဌာနာ၊ရန်ညှိုးဖွဲ့ခြင်းကို ပယ်ဖျောက်တတ်သော တရားဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်း ကြောင့် ယောဂီ ပုဂ္ဂိုလ်သည် မေတ္တာတရားကို တွေးဆဆင်ခြင်သောအခါ၊ ရန်ညှိုးဖွဲ့ခြင်းကို ပယ်ဖျောက်တတ်သော တရားဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်၏။ ဤသို့ ထင်ခြင်းသည် မေတ္တာ၏ ပစ္စုပဋ္ဌာန်မည်၏။

ဤသို့ မေတ္တာ၏ ပစ္စုပဋ္ဌာန်ကို မှတ်အပ်၏။

## ''ပဒဋ္ဌာန်''

သတ္တာနံမနာပဘာဝ ဒဿနပဒဋ္ဌာနာ။

မေတ္တာ၊မေတ္တာသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ မနာပဘာဝဒဿနပဒဋ္ဌာနာ၊ နှစ်သက်ဘွယ်ကို ရှုသော ယောနိသော မနသိကာရလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

ဤသို့အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ယောဂီပုဂ္ဂိုလ်သည် ချစ်သူကို အာရုံပြုသည်ဖြစ်စေ, မုန်းသောသူကို အာရုံပြုသည်ဖြစ်စေ, သတ္တဝါတို့ကို မေတ္တာဖြင့် အာရုံပြုသောအခါ သတ္တဝါတို့၏ နှစ်သက်ဘွယ် အမူအရာကိုသာလျှင် အာရုံပြု၍ နှလုံးသွင်း၏။ဤသို့ သတ္တဝါတို့၏ နှစ်သက်ဘွယ်ကိုအာရုံပြု၍ နှလုံးသွင်းခြင်းသည် မေတ္တာ၏အကြောင်း ပဒဋ္ဌာန်မည်၏။

ဤသို့ မေတ္တာ၏ ပဒဋ္ဌာန်ကို မှတ်အပ်၏။

## "သမ္ပတ္တိ"

ဗျာပါဒူပသမော တေသာ သမ္ပတ္တိ။

ဗျာပါဒူပသမော၊ ဗျာပါဒ၏ ငြိမ်းခြင်း-ကင်းခြင်းသည်။ တေသာ၊ ထိုမေတ္တာ၏။ သမ္ပတ္တိ၊ ကောင်းစွာ ကိစ္စပြီးခြင်းမည်၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် မေတ္တာ၏ ပြီးမြောက် ပြည့်စုံခြင်းကား၊ ဒေါသ၏ကင်းခြင်း, ဒေါသ၏ငြိမ်းခြင်းသည် မေတ္တာ၏ ပြီးမြောက် ပြည့်စုံခြင်းမည်၏။

ဤသို့ မေတ္တာ၏ပြည့်စုံခြင်းကို မှတ်အပ်၏။

---

## "ဝိပတ္တိ"

သိနေဟသမ္ဘဝေါ ဝိပတ္တိ။

သိနေဟသမ္ဘဝေါ၊ တဏှာချစ်၏ ဖြစ်ပေါ်ခြင်းသည်။ တေသာ၊ ထို မေတ္တာ၏။ ဝိပတ္တိ၊ ပျက်စီးခြင်းမည်၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် မေတ္တာ၏ ပျက်စီးခြင်းကား၊ ချစ်ခြင်းတဏှာ၏ ဖြစ်ပေါ်ခြင်းသည် မေတ္တာ၏ ပျက်စီးခြင်းမည်၏။

ချစ်ခြင်းတဏှာသည် မေတ္တာကို ရှေ့သွားခေါင်းဆောင်ပြုပြီးလျှင် မေတ္တာ၏ နောက်ဆွယ်၌ မေတ္တာယောင်ပြုလျက် သတ္တဝါတို့ကို လှည့်ပတ်ဖြားယောင်းတတ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

မေတ္တာမုခေန ဟိ ရာဂေါ ဝဉ္စေတိ။ ။ဟု
မိန့်ဆို၏။

ဟိ၊ မှန်၏။ ရာဂေါ၊ တဏှာတည်းဟူသော ရာဂသည်။ မေတ္တာမုခေန၊ မေတ္တာကို ဦးဆောင်ပြုသဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝဉ္စေတိ၊ လှည့်ပတ်ဖြားယောင်းတတ်၏။

ဤသို့အဋ္ဌကထာဋီကာတို့၌ မိန့်ဆိုခြင်းကြောင့် မေတ္တာ၏ ပျက်စီးခြင်းကား၊ မေတ္တာယောင်ဟန်ဆောင်သော တဏှာ၏ ဖြစ်ပေါ်ခြင်းသည် မေတ္တာ၏ ပျက်စီးခြင်းမည်၏။ ထို့ကြောင့် မေတ္တာပွားသော ယောဂီပုဂ္ဂိုလ်သည် မေတ္တာယောင်ဟန်ဆောင်တတ်သော တဏှာရာဂကို သတိထား ရှောင်ရှား၍ မေတ္တာကို ပွားများရာ၏။

ဤကား မေတ္တာ၏လက္ခဏာ စသည်တို့ကို ပြဆိုချက်တည်း။

## မေတ္တာမပွားမီ ဆင်ခြင်အပ်သောတရား

ပြဆိုအပ်ပြီးသော သဘောလက္ခဏာ စသည်တို့နှင့် ပြည့်စုံလျက်ရှိသော မေတ္တာကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် မေတ္တာကို မပွားမီ ရှေးဦးစွာ မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဒေါသ၏ အပြစ်ကိုရင်း, သည်းခံခြင်း၏ အကျိုးကိုရင်း,ဆင်ခြင်ပြီးမှ မေတ္တာကို ပွားရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌—

မေတ္တံ ဘာဝေတုကာမေန တာဝ အာဒိကမ္မိကေန
ယောဂါဝစရေန ဥပစ္ဆိန္နပလိဗောဓေန ဂဟိတကမ္မ
ဋ္ဌာနေန ဘတ္တကိစ္စံ ကတွာ ဘတ္တသမ္မဒံ ပဋိဝိနော
ဒေတွာ ဝိဝိတ္တေ ပဒေသေ သုပညတ္တေ အာသနေ
သုခနိသိန္နေန အာဒိတော တာဝ ဒေါသေ အာဒီနဝေါ
ခန္တိယဉ္စ အာနိသံသော ပစ္စဝေက္ခိတဗ္ဗော။ ။ဟု
မိန့်ဆို၏။

ယောဂီပုဂ္ဂိုလ်သည် မေတ္တာကိုပွားလိုပါလျက် မေတ္တာကိုမပွားမူ၍ ရှေးဦးစွာ ဒေါသ၏အပြစ်,သည်းခံခြင်း၏အကျိုးတို့ကို အဘယ်ကြောင့် ဆင်ခြင်ရလေသနည်းဟူမူကား....

ဤမေတ္တာသည် ဒေါသနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖြစ်လတ်သော် မေတ္တာတရား မဖြစ်နိုင်၊ဒေါသကင်းစင်သော်သာလျှင် မေတ္တာတရားဖြစ်နိုင်သည်။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် ဒေါသကို ပယ်ဖျောက်နိုင်ရန် ဒေါသ၏အပြစ်ကို သိမြင်အောင် ဆင်ခြင်ရာသည်။

ဒေါသကို ပယ်ဖျောက်ရာ၌ ဒေါသ၏ အပြစ်ကို မသိမမြင်လျှင် ဒေါသကို ပယ်ဖျောက်လိုသော ဆန္ဒမဖြစ်၊ ဒေါသ၏အပြစ်ကို သိမြင်မှသာလျှင် ဒေါသကို ပယ်ဖျောက်လို၏။

ထို့ကြောင့် ဗြဟ္မဝိဟာရနိဒ္ဒေသ၌–

နစ သက္ကာ ကိဉ္စိ အဒိဋ္ဌာဒီနဝံ ပဟာတုံ။ ။ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ဒေါသ၏အပြစ်ကို သိမြင်အောင်ရှု၍ ဒေါသကို ပယ်ပြီးမှသာလျှင် မေတ္တာကို ပွားရာ၏။

## ဒေါသ၏အပြစ်

ဒေါသကိုပယ်ဖျောက်ရာ၌ ဒေါသ၏ အပြစ်ကို သိမြင်မှသာလျှင် ဒေါသကိုပယ်ဖျောက်နိုင်ရာသောကြောင့် ဒေါသ၏အပြစ်ကို သိမြင်ရန် ဒေါသ၏ အပြစ်ကို အနည်းငယ် ထုတ်ဖေါ်၍ ပြဆိုအံ့။

ဒေါသသည် မိမိအားလည်းကောင်း, သူတပါးတို့အားလည်းကောင်း ကောင်းကျိုးချမ်းသာကိုမပေး။

ဒေါသသည် မိမိကိုလည်းကောင်း, သူတပါးတို့ကို လည်းကောင်း ပျက်စီးအောင်သာလျှင် နှိပ်စက်ဖျက်ဆီးတတ်၏။

ဒေါသသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်ဟု ဆိုအပ်သော မကောင်းမှု ဒုစရိုက်ကို ပြုတတ်၏။

ဤသို့လျှင် ဒေါသသည် အပြစ်ရှိ၏။

ထိုသို့ ဒေါသ၌ အပြစ်ရှိကြောင်းကို ရှင်အာနန္ဒာမထေရ်သည် ဆန္နပရိဗ္ဗိဇ်အား အင်္ဂုတ္တရပါဠိတော် တိကနိပါတ် ဒုတိယပဏ္ဏာသက အာနန္ဒဝဂ်ဆန္နသုတ်၌–

ဒုဋ္ဌောခေါ အာဝုသော ဒေါသေန အဘိဘူတော ပရိယာဒိန္နစိတ္တော အတ္တဗျာဗာဓာယပိ စေတေတိ၊ ပရဗျာဗာဓာယပိ စေတေတိ၊ ဥဘယဗျာဗာဓာယပိ စေတေတိ။

ဒေါသေ ပဟီနေ နေဝတ္တဗျာဗာဓာယ ပိ စေတေတိ၊ နပရဗျာဗာဓာယပိ စေတေတိ၊ နဥဘယဗျာဗာဓာယပိ စေတေတိ၊ နစေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။

ဒုဋ္ဌောခေါ အာဝုသော ဒေါသေန အဘိဘူတော ပရိယာဒိန္နစိတ္တော ကာယေန ဒုစ္စရိတံ စရတိ၊ ဝါစာယ ဒုစ္စရိတံ စရတိ၊ မနသာ ဒုစ္စရိတံ စရတိ။

ဒေါသေ ပဟီနေ နေဝကာယေန ဒုစ္စရိတံ စရတိ၊ နဝါစာယ ဒုစ္စရိတံ စရတိ၊ နမနသာ ဒုစ္စရိတံ စရတိ။

ဒုဋ္ဌောခေါ အာဝုသော ဒေါသေန အဘိဘူတော ပရိယာဒိန္နစိတ္တော အတ္တတ္ထမ္ပိ ယထာဘူတံ နပ္ပဇာနာတိ၊ ပရတ္ထမ္ပိ ယထာဘူတံ နပ္ပဇာနာတိ၊ ဥဘယတ္ထမ္ပိ နပ္ပဇာနာတိ။

ဒေါသေ ပဟီနေ အတ္တတ္ထမ္ပိ ပဇာနာတိ၊ ပရတ္ထမ္ပိ ပဇာနာတိ၊ ဥဘယတ္ထမ္ပိ ပဇာနာတိ။

ဒေါသော ခေါ အာဝုသော အန္ဓကရဏော အစက္ခုကရဏော အဉာဏကရဏော ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော ဣဒံ ခေါ မယံ အာဝုသော ဒေါသေ အာဒီနဝံ ဒိသွာ ဒေါသဿ ပဟာနံ ပညာပေမ။ ။ဤသို့ ဟောပြတော်မူ၏။

ဤကား ဒေါသ၏ အပြစ်ကိုဟောပြသော ဒေသနာတည်း။

## ဒေါသဖျက်ဆီး၍ ပျက်စီးပုံဝတ္ထုကို ပြဦးအံ့

တနေ့သောအခါ ကောကမည်သော ခွေးမုဆိုး တယောက်သည် သမင်, ဒရယ်, စသော သားကောင်တို့ကို ဘမ်းခြင်းအကျိုးငှါ နံနက်အခါ၌ လေး, လှံ, စသော လက်နက်တို့ကိုယူ၍ ခွေးတို့ဖြင့် ခြံရံလျက် တောခရီးသို့ သွား၏။

မုဆိုး၏ တောသို့ထွက်သွားချိန်၌ ရဟန်းတပါးသည်လည်း ဆွမ်းအလို့ငှါ ရွာသို့ ရှေးရှုလျက် ကြွလာသည်ဖြစ်၍ လမ်းခရီးအကြား၌ မုဆိုးသည် ရဟန်းနှင့် တွေ့ဆုံလျက်ရှိ၏။

မုဆိုးသည် သားကောင်တို့ကို အရှာထွက်ရာ၌ ရဟန်းကို မြင်ရသောအခါ မင်္ဂလာမရှိဟု ထင်မှတ်ပြီး အမျက်ဒေါသ ထွက်လျက် ဤရဟန်းယုတ်ကို မြင်ခြင်းကြောင့် ငါသည် သားကောင်တို့ကိုရတော့မည်မဟုတ်ဟု ကြံအောက်မေ့၏။

ထိုသို့ ကြံအောက်မေ့လျက်ပင် တောတွင်းသို့သွား၍ သားကောင်တို့ကို ရှာ၏။

(မကောင်းမှုဖြင့် စီးပွားရှာကြကုန်သော သူတို့သည် စီးပွားကိုရှာရာ၌ ရဟန်းသံဃာများကိုမြင်လျှင် မင်္ဂလာမရှိ စီးပွားမဖြစ်ဟု အယူရှိကြကုန်သည်။)

မုဆိုးသည် တောတွင်း၌ သားကောင်တို့ကို ရှာရာ၌ အိမ်သို့ ပြန်ချိန် ရောက်သည်တိုင်အောင် သားကောင်တို့ကို ရှာငြားသော်လည်း သားကောင် တကောင်မျှ မရသဖြင့် အမျက်ထွက်လျက် အိမ်သို့ ပြန်လာ၏။

ရဟန်းသည်လည်း ရွာတွင်း၌ ဆွမ်းခံပြီး၍ လာသော လမ်းဖြင့်သာလျှင် ကျောင်းသို့ ပြန်လာစဉ် လမ်းခရီးအကြား၌ မုဆိုးနှင့်ရင်ဆိုင်၍ တွေ့ဆုံပြန်၏။

ဒေါသထွက်နေသော မုဆိုးသည် ရဟန်းနှင့် တွေ့ဆုံပြန်သောအခါ ပို၍ အမျက်ဒေါသထွက်ပြီး ငါသည် တောတွင်း၌ သားကောင်တို့ကို

အချိန်ကုန်သည်တိုင်အောင် ရှာသော်လည်း ဤရဟန်းယုတ်နှင့် တွေ့ဆုံရခြင်းကြောင့် သားကောင်တကောင်မျှမရ၊ ဤရဟန်းယုတ်သည် ငါ၏ လာဘ်ကို ဖျက်ဆီး၏။ ဤရဟန်းယုတ်ကို ခွေးတို့ဖြင့် ကိုက်စေ၍ သတ်အံ့ဟုကြံလျက် သတ်အံ့သောအမူအရာကို ပြု၏။

ရဟန်းသည် မုဆိုး၏ အမူအရာကို သိ၍ ထိုသို့မပြုရန် မုဆိုးအား တောင်းပန်၏။

မုဆိုးသည် ရဟန်း၏တောင်းပန်ခြင်းကို မနာယူဘဲ ရဟန်းကို သတ်ရန် ခွေးတို့ဖြင့် စူးတိုက်၏။

ရဟန်းသည် ခွေးကိုက်မည်ကို ကြောက်သောကြောင့် အနီး၌ရှိသော သစ်ပင်သို့တက်၍ သစ်ပင်ခွကြား၌ ရပ်လျက်နေ၏။

ထိုအခါ မုဆိုးသည် သစ်ပင်ရင်းသို့ လာလတ်၍ " ရဟန်းယုတ်သင်သည် သစ်ပင်ပေါ်သို့တက်၍ နေငြားသော်လည်း အသက်ဘေးမှ လွတ်မည်မဟုတ်" ဤသို့ ကြိမ်းမောင်းပြောဆိုလျက် ထက်လှစွာသော မြှားတို့၏ အဖျားဖြင့် ရဟန်း၏ ခြေတို့ကို ထိုးဆွ၏။

ရဟန်းသည် အကြိမ်ကြိမ် မုဆိုးအား တောင်းပန်၏။ ထိုသို့ တောင်းပန်သော်လည်း အရေးမယူ ထိုးမြဲထိုးလျက်သာလျှင်နေ၏။

မြှားတို့ဖြင့် မပြတ်အထိုးခံနေရသော ရဟန်းသည် အလွန်နာကျင်လျက် ရှိခြင်းကြောင့်၊ မိမိ၏ သင်္ကန်းတို့ကို မသိမ်းဆည်းနိုင်သည်ဖြစ်၍ ရဟန်း၏ သင်္ကန်းသည် မုဆိုး၏ ကိုယ်ပေါ်သို့ကျ၍ မုဆိုး၏ကိုယ်ကို ဖုံးအုပ်လျက်နေ၏။

ထိုအခါ မုဆိုး၏ ခွေးတို့သည် သင်္ကန်းဖြင့် ဖုံးအုပ်လျက်ရှိသော မုဆိုးကို သစ်ပင်ပေါ်မှကျလာသော ရဟန်းဟု ထင်မှတ်ပြီး သင်္ကန်းဖြင့် ဖုံးအုပ်လျက်ရှိသော မုဆိုးကို ဝိုင်းအုံ၍ ကိုက်ကြကုန်၏။

မုဆိုးသည် ခွေးတို့၏ ဝိုင်းအုံလျက် ကိုက်ခြင်းကြောင့်၊ ထိုနေရာ၌ပင်လျှင် အသက်သေခြင်းသို့ရောက်၏။

ထိုအကြောင်းကို ဘုရားရှင်အား ရဟန်းတို့ လျှောက်ကြားသောအခါ၊ ဘုရားရှင်သည် ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ချစ်သားတို့၊ထိုမုဆိုးသည် မပြစ်မှားထိုက်သော ရဟန်းကို အမျက်ဒေါသထား၍ ပြစ်မှားခြင်းကြောင့် ဤသို့ အသက်ဆုံးရှုံး၍ ပျက်စီးခြင်းသို့ ရောက်ရသည်"ဟု မိန့်တော်မူပြီး-

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။ ။

ဟူသော ဂါထာကို ဓမ္မပဒပါဠိတော် ပါပဝဂ် ကောကာသုနခလုဒ္ဒက ဝတ္ထု၌ ဘုရားရှင် ဟောပြတော်မူသည်။

ယောနရော၊ အကြင်သူသည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားထိုက်သော။ သုဒ္ဓဿ၊သီလစသည် ဖြူစင်ခြင်းရှိသော။ အနင်္ဂဏဿ၊ ကိလေသာတည်းဟူသော အညစ်အကြေးမရှိသော။ပေါသဿ၊ပေါသဟု ဆိုအပ်သော။ နရဿ၊ သတ္တဝါအား။ ဒုဿတိ၊ ပြစ်မှား၏။ ပါပံ၊ ပြစ်မှားအပ်သော မကောင်းမှုသည်။ ဗာလံ၊ မိုက်သော။ တမေဝနရံ၊ ထိုသူသို့သာလျှင်။ ပစ္စေတိ၊ တဖန်ပြန်၍ရောက်၏။ ကိမိဝ၊ဥပမာပုံကား။ ပဋိဝါတံ၊ အထက်လေဆန်သို့။ ခိတ္တော၊ ပစ်အပ်သော။ သုခုမော၊ သိမ်မွေ့သော။ ရဇော၊ မြူမှုန်သည်။ပစ္စတိဣဝ၊အောက်လေညာသို့တဖန်ပြန်ရောက်သကဲ့သို့တည်း။
ဤကား-ဒေါသဖျက်ဆီး၍ ပျက်စီးသော ဝတ္ထုတည်း။

# ထိုမှတသွယ် မှတ်ဘွယ်ဝတ္ထု

အခါတပါး၌ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ငါးရာသောရဟန်းတို့နှင့်အတူတကွ ကပိလဝတ်ပြည်သို့ ကြွလာပြီးလျှင် မိမိ၏နှမတော် ရောဟိနီမင်းသမီးကို သံဃာတော် အရှင်မြတ်တို့ သီတင်းသုံးနေထိုင်ရန် ဇရပ်ကိုဆောက်ခိုင်း၏။

ရောဟိနီမင်းသမီးသည်လည်း အစ်ကိုတော် အရှင်အနုရုဒ္ဓါမထေရ်၏ စေခိုင်းချက်အရ သံဃာတော် အရှင်မြတ်တို့၏ သီတင်းသုံးနေထိုင်ရန် ဇရပ်ကို ဆောက်၏။ ဇရပ်ဆောက်၍ပြီးသောအခါ ဇရပ်ကို လှူဒါန်း

သော အလှူဒါနပွဲ၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း ခဲဘွယ် စသည်တို့ကို ဆက်ကပ်လှူဒါန်း၏။

ဘုရားရှင်သည် ဤအလှူဒါနပွဲ၌ အလှူရှင်ကို သိလို၍ ရဟန်းတို့ကို ဤသို့ မေးတော်မူ၏။ "ချစ်သားရဟန်းတို့၊ ဤအလှူဒါနပွဲ၌ အလှူရှင်သည် မည်သူဖြစ်လေသနည်း"ဟု မေးတော်မူ၏။

ရဟန်းတို့သည် ဤသို့ လျှောက်ကြားကြကုန်၏။"အရှင်မြတ်ဘုရား၊ ဤအလှူဒါန၏ ကုသိုလ်ရှင်သည် အရှင်အနုရုဒ္ဓါမထေရ်၏ နှမတော် ရောဟိနီမင်းသမီးဖြစ်ပါသည်ဘုရား"ဟု လျှောက်ကြားကြကုန်၏။

" အလှူရှင်ဖြစ်သော ရောဟိနီမင်းသမီးကား အဘယ်မှာနည်း " ဟု မေးတော်မူသဖြင့် " ရောဟိနီ မင်းသမီးသည် ကိုယ်၌ နူနာရောဂါရှိ၍ ရှက်သောကြောင့် အလှူဒါနပြုရာ ဤနေရာသို့ မလာဝံ့ ဖြစ်ပါသည် ဘုရား " ဟု လျှောက်ထားကြသော်၊" ထိုသို့ဖြစ်လျှင် ငါဘုရားက ခေါ်တော်မူသည်ဟု ပြော၍ ခေါ်ချေ " ဟု ခေါ်ခိုင်းခြင်းကြောင့် ရောဟိနီမင်းသမီးသည် မနေသာဘဲ ဘုရား၏ ရှေ့တော်မှောက်သို့ လာရောက်၍ ဘုရားကို ရှိခိုးလျက်နေ၏။

ဘုရားရှင်သည် မိမိအား ရှိခိုးလျက်နေသော ရောဟိနီ မင်းသမီးကို ဤသို့ မေးတော်မူ၏။ " ရောဟိနီမင်းသမီး သင်၏အလှူ ဖြစ်ပါလျက် သင်သည် အဘယ့်ကြောင့် ဤအလှူဒါန ပြုရာအရပ်သို့ မလာဘိသနည်း" ဟု မေးတော်မူ၏။

ထိုအခါ ရောဟိနီမင်းသမီးသည် ဤသို့လျှောက်ထား၏။"ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်မသည် ကိုယ်၌ နူနာရောဂါ စွဲကပ်လျက်ရှိခြင်းကြောင့် ရှက်သဖြင့် မလာခြင်းဖြစ်ပါသည် ဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်သည် ဤသို့ မေးမြန်း၏။ " ရောဟိနီမင်းသမီး၊ သင်၏ကိုယ်၌ နူနာရောဂါ စွဲကပ်ရခြင်း၏ အကြောင်းကို သင်သိပါ၏လော" ဟု မေးတော်မူပြန်သဖြင့် " ဘုရားတပည့်တော်မ၏ ကိုယ်၌ နူနာရောဂါ စွဲကပ်ရခြင်း၏အကြောင်းကို မသိပါဘုရား"ဟု လျှောက်ထားလတ်သော်"ရောဟိနီမင်းသမီး သင်သည် အတိတ်ဘဝ၌ သူတပါးကို

အမျက်ဒေါသထား၍ နှိပ်စက်မှုကို ပြုခဲ့ဘူးခြင်းကြောင့် ယခုဘဝ၌ သင်၏ကိုယ်၌ နူနာရောဂါစွဲကပ်ရခြင်း ဖြစ်လေသည်” ဟု မိန့်တော်မူသောကြောင့် မိမိပြုခဲ့မိသော အတိတ်အကြောင်းကို သိလိုသော ရောဟိနီမင်းသမီးသည် ဘုရားကို ဤသို့ လျှောက်ထား၏။ “ဘုရား တပည့်တော်မသည် အတိတ်ဘဝ၌ သူတပါးကို မည်သို့ပြစ်မှားခဲ့ဘူးပါ သနည်း”ဟု ဘုရားကို လျှောက်ထားသောအခါ၊ ရောဟိနီမင်းသမီး၏ အတိတ်ဘဝ၌ ပြုခဲ့ဘူးသော အတိတ်အကြောင်းကို ဤသို့ မိန့်တော်မူ၏။

“ရောဟိနီမင်းသမီး၊သင်သည် ရှေးလွန်လေပြီးသော ဘဝ၌ ဗာရာဏသီပြည်ဝယ် ဗာရာဏသီမင်းကြီး၏ မိဖုယားကြီးဖြစ်၏။

မင်းကြီးအား သင်မှတပါးသော မင်းကြီးမြတ်နိုးနှစ်သက်အပ်သော တဦးသော ကချေသည်မသည်လည်းရှိ၏။

သင်သည် မင်းကြီးမြတ်နိုးနှစ်သက်အပ်သော ထိုကချေသည်မ၌ အမျက်ပွား၍ ရန်ညှိုးထား၏။ရန်ညှိုးထားပြီး ထိုကချေသည်မ၏ကိုယ်၌ ယားစေတတ်သော သစ်သီးမှုန့်တို့ကိုလောင်း၏။အိပ်ယာနေရာတို့၌လည်း ယားစေတတ်သော အမှုန့်တို့ကို ဖြန့်ကြဲလျက်ထား၏။

ရောဟိနီမင်းသမီး သင်သည် တတိတ်ဘဝ၌ ကချေသည်မကို အမျက်ထား၍ ယားယံစေတတ်သော သစ်သီးမှုန့်တို့ဖြင့် ကချေသည်မ၏ ကိုယ်ကိုလောင်းလျက် နှိပ်စက်ခဲ့ဘူးသောကြောင့်၊ ယခုဘဝ၌ သင်၏ ကိုယ်ဝယ် နူနာရောဂါ စွဲကပ်ရခြင်းဖြစ်လေသည်” ဟု အတိတ် အကြောင်းကို ဟောပြတော်မူပြီးလျှင် မင်းသမီးကို ဤသို့ ဆုံးမတော်မူ၏။

“ရောဟိနီမင်းသမီး အမျက်ကိုပြုတတ်သော ဒေါသတရား, စိတ်နေမြင့်မောက်သော မာနတရား,ဤတရားတို့သည် သတ္တဝါတို့အား ဖျက်ဆီးတတ်ကုန်၏။ ထို့ကြောင့် ဆင်းရဲဒုက္ခ အပေါင်းတို့မှ လွတ်လိုသောသူသည် ဒေါသ,မာန,တရားတို့ကို ပယ်စွန့်ရာ၏။ ဒေါသ,မာနတရားတို့ကို ပယ်စွန့်လျှင် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ရာ၏ ”ဟု ဆုံးမတော်မူပြီး-

ဓမ္မပဒပါဠိတော်ကောဓဝဂ် ရောဟိဏီဝတ္ထု၌–

ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊
သံယောဇနံ သဗ္ဗမတိက္ကမေယျ။
တံ နာမရူပသ္မိံ မသဇ္ဇမာနံ၊
အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။

ဟူသော ဂါထာကို ဟောတော်မူသည်။

ယော၊ အကြင်သူသည်။ ကောဓံ၊ အမျက်ဒေါသကို။ ဇဟေ၊ ပယ်စွန့်ရာ၏။ မာနံ၊ မာနတရားကို။ ဝိပ္ပဇဟေယျ၊ ပယ်စွန့်ရာ၏။ သဗ္ဗံ၊ အလုံးစုံသော။ သံယောဇနံ၊ သံယောဇဉ်တရားကို။ အတိက္ကမေယျ၊ လွန်မြောက်ရာ၏။ နာမရူပသ္မိံ၊ နာမ်,ရုပ်,တရား၌။ အသဇ္ဇမာနံ၊ ငြိကပ်ခြင်းမရှိသော။ အကိဉ္စနံ၊ ကြောင့်ကြလည်းမရှိသော။ တံ၊ ထိုသူသို့။ ဒုက္ခာ၊ ဆင်းရဲဒုက္ခအပေါင်းတို့သည်။ နာနုပတန္တိ၊ မကျရောက်နိုင်ကုန်။

ဤလည်း ဒေါသဖျက်ဆီး၍ ပျက်စီးဆင်းရဲသော ဝတ္ထုတည်း။

ယခုမျက်မှောက်ဘဝ၌လည်း သူ့ကိုင်ါကသတ်၊ ငါ့ကိုသူကသတ်၊ သူ့ကို ငါကဖျက်ဆီး၊ ငါ့ကိုသူကဖျက်ဆီး စသည်ဖြင့် သတ္တဝါတို့သည် တဦးက တဦးကို နှိပ်စက်ဖျက်ဆီးခြင်းကို ပြုကြကုန်၏။ ထိုသို့ နှိပ်စက်ဖျက်ဆီးကြခြင်း၏ အကြောင်းကား၊ ဒေါသဖြစ်ကြခြင်းကြောင့်သာလျှင် နှိပ်စက်ဖျက်ဆီးကြကုန်သည်၊ ဒေါသမဖြစ်လျှင် နှိပ်စက်ဖျက်ဆီးခြင်းကို ပြုကြမည် မဟုတ်ကုန်။

ဤသို့ ဒေါသသည် အပြစ်ရှိ၍ ဒေါသ၏အပြစ်ကို သိမြင်အောင် ရှုဆင်ခြင်ရာ၏။

ဤကား ဒေါသ၏အပြစ်ကို အနည်းငယ်မျှ ထုတ်ဖော်၍ ပြဆိုချက်တည်း။

## သည်းခံခြင်း၏ အကျိုးကို ပြဆိုချက်

မေတ္တာပွားလိုသော ယောဂီပုဂ္ဂိုလ်သည် မေတ္တာကိုမပွားမီ ရှေးဦးစွာ သည်းခံခြင်း မေတ္တာ၏ အကျိုးကိုလည်း သိမြင်အောင် ဆင်ခြင်

ရာ၏ဟု ဆိုရာ၌ ယောဂီပုဂ္ဂိုလ်သည် မေတ္တာ၏ အကျိုးကို သိမြင်မှ သာလျှင် မေတ္တာပွားလိုသော စိတ်ဆန္ဒရှိချေမည်။ မေတ္တာ၏ အကျိုးကို မသိလျှင် မေတ္တာပွားလိုသော စိတ်ဆန္ဒရှိမည်မဟုတ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

နစသက္ကာ ကိဉ္စိ အဝိဒိတာနိသံသံဝါ အဓိဂန္တုံ။ ။

ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် မေတ္တာပွားလိုသော ယောဂီပုဂ္ဂိုလ်သည် မေတ္တာကိုပွားရာ၌ စိတ်ထားထက်သန်၍ မေတ္တာပွားနိုင်ရန် မေတ္တာ၏အကျိုးကိုလည်း သိအောင်ဆင်ခြင်၍ မေတ္တာကို ပွားရာ၏။

## မေတ္တာ၏ အကျိုး

မေတ္တာ၏ အကျိုးကို သိမြင်သော်သာလျှင် ထက်သန်သောစိတ်ဖြင့် မေတ္တာကို ပွားရသောကြောင့် မေတ္တာ၏ အကျိုးကို အနည်းငယ်မျှ ပြဆိုဦးအံ့။

ကောသမ္ဗီပြည်၏ ဘုရင်မင်းမြတ်ဖြစ်သော ဥတေနမင်းအား ဝါသုလဒတ္တာမည်သော မိဖုယား၊ မာဂဏ္ဍီမည်သော မိဖုယား၊ သာမာဝတီမည်သော မိဖုယား၊ ဤသို့ မိဖုယားသုံးယောက်ရှိ၏။

ဥတေနမင်းကြီးသည် သုံးဦးသော မိဖုယားတို့၏ နေထိုင်ရာ သုံးဆောင်သော ပြာသာဒ်တို့ကိုဆောက်၍ တဆောင်တဆောင်သော ပြာသာဒ်၌ တယောက်တယောက်သော မိဖုယားကိုထားလျက် တယောက်တယောက်သော မိဖုယား၏ ပြာသာဒ်ဆောင်သို့ (၇)ရက်စီ (၇)ရက်စီ အလှည့်ကျ ကူးပြောင်း၍ ပျော်ပါးစံစားလျက်နေ၏။

ထိုသုံးယောက်သော မိဖုယားတို့တွင် မာဂဏ္ဍီ မိဖုယားသည် သာမာဝတီမိဖုယားအား ရန်ညှိုးဖွဲ့ပြီး နှိပ်စက်ရန် အမြဲကြံစည်လျက် နေ၏။

တနေ့သောအခါ ဥတေနမင်းကြီးသည် မာဂဏ္ဍီ၏ပြာသာဒ်ဆောင်မှ သာမာဝတီ၏ ပြာသာဒ်ဆောင်သို့ ကူးပြောင်းရန် အစီအစဉ်ကို ပြုလတ်သော်၊ မာဂဏ္ဍီသည် ဥတေနမင်းကြီး၏ စောင်းအိမ်အတွင်းသို့ မြွေဆိုးတကောင်ကို တိတ်တဆိတ် စောင်းပေါက်မှထည့်၍ အပေါက်ကို ပန်းကုံးတို့ဖြင့် ပိတ်ပြီးလျှင် ဥတေနမင်းကြီးကို ဤသို့ ပြောကြား၏။

"အရှင်မင်းကြီး အကျွန်ုပ်သည် ယနေ့ အရှင်မင်းကြီး၏အတွက် အိပ်မက်မြင်မက်၏။ ထိုအိပ်မက်သည် အရှင်မင်းကြီး၏ အသက်အန္တရာယ်ကို စိုးရိမ်ရလောက်အောင် ကြောက်မက်ဘွယ်ကောင်းသော အိပ်မက်ဖြစ်ပါသည်။ ထို့ကြောင့် သာမာဝတီ၏ ပြာသာဒ်ဆောင်သို့ မသွားပါလေလင့်"ဟု စိုးရိမ်ပူပန်လေဟန်ပြု၍ တားမြစ်၏။

မင်းကြီးသည် သွားနေကျဖြစ်၍ မာဂဏ္ဍီ၏စကားကို မနာယူဘဲ သွားမြဲတိုင်းသာလျှင် သွားရန်အစီအစဉ်ကိုပြု၏။

ထိုအခါ မာဂဏ္ဍီသည် မင်းကြီးအား ဤသို့ ပြောကြား၏ "အရှင်မင်းကြီး အကျွန်ုပ်သည် မင်းကြီးအတွက် အလွန်စိုးရိမ်သည် ဖြစ်၍ မင်းကြီးနှင့်အတူလိုက်အံ့"ဟု ပြောဆိုပြီး မင်းကြီးနှင့်အတူ သာမာဝတီ၏ ပြာသာဒ်ဆောင်သို့ လိုက်ပါ၍သွား၏။

ဥတေနမင်းသည် သာမာဝတီ၏ပြာသာဒ်ဆောင်သို့ ရောက်လာသောအခါ၊ သာမာဝတီ၏ ကမ်းလှမ်းဆက်သအပ်သော ပန်းနံ့သာစသည်တို့ကိုယူလျက် သာမာဝတီ၏ တည်ခင်းကျွေးမွေးအပ်သော အစာအာဟာရတို့ကို သုံးဆောင်စားသောက်ပြီးနောက် မိမိ၏စောင်းကို ဦးခေါင်းအနီး၌ထားလျက် အိပ်လေ၏။

မာဂဏ္ဍီသည် မင်းကြီးအိပ်ပျော်မှန်း သိသောအခါ၊ ထိုထို ဤဤ လှည့်လည်၍ ကြည့်ရှုလေဟန်ပြုပြီး အိပ်နေသောမင်းကြီး၏ အနီးသို့ သွား၍ စောင်းပေါက်၌ ပိတ်ထားအပ်သော ပန်းကုံးတို့ကို ဆွဲထုတ်၍ ဖယ်ရှားလိုက်၏။

ထိုအခါ စောင်းတွင်း၌ နှစ်ရက်၊ သုံးရက်ခန့် အစာပြတ်လျက်ရှိသော မြွေသည် စောင်းပေါက်မှ ပါးပျဉ်းကိုထောင်လျက် ရှူးရှူး၊ ရှူးရှူးဟု မှုတ်၍နေ၏။

မာဂဏ္ဍီသည် စောင်းပေါက်မှ ပါးပျဉ်းထောင် လျက်နေသော မြွေကိုကြည့်၍ အလွန်စိုးရိမ်ပူပန်လေဟန် အမူအရာဖြင့် "မင်းကြီး မြွေ-မြွေ" ဟု မင်းကြီးမြင်ရန် ဟစ်အော်လျက် ဤအမှုကို သာမာဝတီတို့ လုပ်ကြံအပ်သောအမှုဟု မင်းကြီး ထင်မှတ် အောင် မင်းကြီး ကို၎င်း, သာမာဝတီအမှူးရှိသော မောင်းမအပေါင်းတို့ကို၎င်း ဆဲဆိုကြိမ်းမောင်း လျက် နေ၏။

ဥတေနမင်းသည် မိမိ၏အနီး၌ ပါးပျဉ်းကို ထောင်လျက်နေသော မြွေကို မြင်သောအခါ အလွန်ကြောက်ရွံထိတ်လန့်ပြီး၊ ဤ အမှုကား-သာမာဝတီတို့ ပြုအပ်သော အမှုတည်းဟု အမျက်ဒေါသထွက်လျက် သာမာဝတီအမှူးရှိသော မောင်းမအပေါင်းကို ကြိမ်းမောင်းဆဲဆိုလျက် သတ်ရန်ပြု၏။

ထိုအခါ သာမာဝတီမိဖုယားသည် ဥတေနမင်း၏ သတ်အံ့သော အမူအရာကိုသိ၍ ငါးရာသော မောင်းမအပေါင်းကို ဤသို့ ဆုံးမ၏။

"အိုမိခင်တို့-မင်းကြီးသည် အကျွန်ုပ်တို့အားအမျက်ထား၍ သတ်ရန် ပြုချေပြီ၊ အကျွန်ုပ်တို့သည် မေတ္တာမှတပါးသော အားထားကိုးကွယ်ရာ မရှိကုန်။ သတ်အံ့သောမင်းကြီး၌၎င်း, မာဂဏ္ဍီ၌၎င်း, မိမိတို့၌၎င်း, တူမျှသော မေတ္တာစိတ်ကို ထားကြကုန်လော့-ပွားကြကုန်လော့ မည်သူ့အားမျှ ဒေါသကို မဖြစ်စေကြကုန်လင့်" ဟု ဆုံးမပြီး မေတ္တာကို ပွားကြကုန်၏။

ဒေါသထွက်လျက်ရှိသော ဥတေနမင်းသည် သာမာဝတီ အမှူးရှိသော မောင်းမတို့ကိုသတ်ရန် တန်းစီစေပြီး သာမာဝတီ၏ ရှေ့၌ ရပ်လျက် သားချိုဖြင့်ပြီးသောလေးကိုတင်၍ အဆိပ်လူးသောမြှားဖြင့် သာမာဝတီ၏ ရင်ဝကိုပစ်၏။

ပစ်အပ်သောမြှားသည် သာမာဝတီ အမှူးရှိသော ငါးရာသော မောင်းမတို့၏ မေတ္တာတန်ခိုးကြောင့် သာမာဝတီကို မစူးဘဲ မင်းကြီး ဘက်သို့ ပြန်လှည့်၍ မင်းကြီး၏ရင်ဝကို စူးမည်ဟန်ကဲ့သို့ တည်နေ၏။

ထိုအခါ ဥတေနမင်းသည် ဤသို့ တွေးဆ၏။ "ငါပစ်အပ်သောမြှားသည် ကျောက်ဖျာကိုပင်သော်လည်း ဖေါက်ထွင်းခြင်းငှါ စွမ်းနိုင်၏။

ထိုသို့ဖြစ်လျက် ယခု သာမာဝတီကို မစူးဘဲ ငါ့အား စူးအံ့သကဲ့သို့ တည်နေ၏။

ဤမြှားသည် သတ္တဝါလည်းမဟုတ်၊ အသက်ဇီဝိန်လည်းမရှိ၊ ထိုသို့ ဖြစ်လျက် သာမာဝတီ၏ဂုဏ်ကို သိတုံသေး၏။

"ငါသည်ကား အသက်ဇီဝိန်ရှိသောသူ ဖြစ်လျက် သာမာဝတီ၏ ဂုဏ်ကို မသိသောသူ ဖြစ်လေစွတကား"ဟု ကြောက်ရွံ့ထိတ်လန့်လျက် လေးကိုပစ်ချပြီးလျှင် သာမာဝတီ၏ ခြေအနီး၌ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် သာမာဝတီကို တောင်းပန်၏။

"သာမာဝတီ ငါသည် မိုက်မှား၍ ဤသို့ ပြုမိ၏။ သင်သည် ငါ့အား သည်းခံပါ၊ ငါ၏ မှီခိုအားထားရာ ဖြစ်ပါလော့"ဟု ဆို၍ တောင်းပန်၏။

ထိုအခါ သာမာဝတီ မိဖုယားသည် ဥတေနမင်းကြီးအား ဤသို့ ပြောဆို၏။ "အရှင်မင်းကြီး အကျွန်ုပ်သည် ဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ ဘုရားကို မှီခိုအားထား၏၊ ဘုရား၏သမီးတော်တည်း၊ သင်မင်းကြီး သည်လည်း ကျွန်ုပ်ကဲ့သို့ ဘုရားကို ကိုးကွယ်ဆည်းကပ်လော့ ဘုရားကို မှီခိုအားထားလော့"ဟု ပြောဆို၏။

ဥတေနမင်းသည် သာမာဝတီကို ဤသို့ဆို၏။ "သာမာဝတီ ငါ သည် သင်ပြောဆို တိုက်တွန်းသည့် အတိုင်း ဘုရားကိုလည်း ကိုးကွယ် ဆည်းကပ်ပါ၏။ သင့်ကိုလည်း မှီခိုအားထားပါ၏။ သင့်အားလိုရာဆု ကိုလည်း ပေးပါ၏"ဟုဆို၍ သာမာဝတီအား လိုရာဆုကိုပေး၏။

ဤသို့သာမာဝတီအား မြှားမစူးသည့်အပြင် သာမာဝတီကိုတောင်း ပန်ရခြင်း လိုရာဆုကို ပေးရခြင်းသည် သာမာဝတီတို့၏ မေတ္တာတန်ခိုး မေတ္တာအကျိုးပေတည်း။

မျက်မှောက်၌လည်း သည်းခံ၍ ရန်တုံ့မမူလျှင် ရန်ကင်းသည်၏ အဖြစ်ကို မျက်မြင်ပင်ဖြစ်ကြကုန်၏။

ဤသို့လျှင် မေတ္တာသည် အကျိုးရှိ၍ ဒေါသသည် အပြစ်ရှိသော ကြောင့် ယောဂီပုဂ္ဂိုလ်သည် မေတ္တာ၏အကျိုး ဒေါသ၏ အပြစ်တို့ကို

သိမြင်အောင် ဆင်ခြင်ပြီးသော်သာလျှင် မေတ္တာကို ပွားများ နှလုံးသွင်းရာ၏။

## မေတ္တာပွားနည်း

မေတ္တာကိုပွားရာ၌ မေတ္တာကိုပွားများ နှလုံးသွင်းအပ်သော နည်းသည်။

၁။ ။ဈာန်, မဂ်, ဖိုလ်,တို့ကို ရခြင်းအကျိုးငှါ မေတ္တာ ပွားအပ်သောနည်း။

၂။ ။ဘေးရန်ကင်းခြင်း အကျိုးငှါ မေတ္တာပွားအပ်သောနည်း။

ဤသို့မေတ္တာပွားအပ်သော နည်းသည်(၂)မျိုး ရှိ၏။ ထို(၂)မျိုးတို့တွင် ဈာန်, မဂ်, ဖိုလ်,အကျိုးငှါ မေတ္တာပွားနည်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာပြဟ္မဟာရနိဒ္ဒေသ၌ ပြဆိုလျက်ရှိသည်။

ဘေးရန်ကင်းခြင်းအကျိုးငှါ မေတ္တာပွားနည်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၌ ပြဆိုလျက် ရှိသည်။

ယင်း (၂) မျိုးတို့တွင် ရှေးဦးစွာ ဈာန်, မဂ်, ဖိုလ်တို့ကို ရခြင်း၏အကျိုးငှါ မေတ္တာပွားနည်းကို ပြဆိုပေအံ့။

ယောဂီပုဂ္ဂိုလ်သည် ဈာန်,မဂ်,ဖိုလ်တို့ကို ရခြင်းအကျိုးငှါ မေတ္တာကို ပွားသောအခါ ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာ မပွားအပ်သော ပုဂ္ဂိုလ်ကိုရင်း၊ ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာပွားအပ်သော ပုဂ္ဂိုလ်ကိုရင်း ခွဲခြား၍ သိထားရာ၏။

# ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာ မပွားအပ်သော ပုဂ္ဂိုလ်

ချစ်ခြင်း,မုန်း,ဖိုလ်တို့ကို ရခြင်းအကျိုးငှါ မေတ္တာပွားရာ၌ ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်တို့ကား....

၁။ ။အပ္ပိယပုဂ္ဂိုလ်။

၂။ ။အတိပ္ပိယသဟာယကပုဂ္ဂိုလ်။

၃။ ။မဇ္ဈတ္တပုဂ္ဂိုလ်။

၄။ ။ဝေရီပုဂ္ဂိုလ်။

ဤလေးယောက်သော ပုဂ္ဂိုလ်တို့သည်ကား ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာ မပွားအပ်သော ပုဂ္ဂိုလ်တို့တည်း။ ၎င်းလေးယောက်သော ပုဂ္ဂိုလ်တို့တွင်။

အပ္ပိယပုဂ္ဂိုလ် ဟူသည်ကား။ ။မချစ်အပ် မမြတ်နိုးအပ်သော ပုဂ္ဂိုလ်သည် အပ္ပိယပုဂ္ဂိုလ်မည်၏။

အတိပ္ပိယသဟာယက ပုဂ္ဂိုလ်ဟူသည်ကား။ ။အလွန် ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်သည် အတိပ္ပိယသဟာယက ပုဂ္ဂိုလ်မည်၏။

မဇ္ဈတ္တပုဂ္ဂိုလ်ဟူသည်ကား။ ။ချစ်ခြင်း, မုန်းခြင်းမရှိသော ပုဂ္ဂိုလ်သည် မဇ္ဈတ္တပုဂ္ဂိုလ်မည်၏။

ဝေရီပုဂ္ဂိုလ်ဟူသည်ကား။ ။ရန်သူဖြစ်သော ပုဂ္ဂိုလ်သည် ဝေရီပုဂ္ဂိုလ်မည်။

မေတ္တာကိုပွားရာ၌ ဤလေးယောက်သော ပုဂ္ဂိုလ်တို့ကို ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာပွားခြင်းကို မပြုအပ်ကုန်။

ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာပြဟာ့ဝိဟာရနိဒ္ဒေသ၌—

အယဉ္စမေတ္တာ အပ္ပိယပုဂ္ဂလေ, အတိပ္ပိယသဟာယ
ကေ မဇ္ဈတ္တေ, ဝေရိပုဂ္ဂလေတိ ဣမေသုစတူသု ပဌမံ
နဘာဝေတဗ္ဗာ။ ။ဟု မိန့်ဆို၏။

## အပ္ပိယပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာ မပွားရခြင်း၏ အကြောင်း

အပ္ပိယပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာ မပွားရခြင်း၏ အကြောင်းကား။ ။မချစ်အပ်, မမြတ်နိုးအပ်သော ပုဂ္ဂိုလ်ကို ချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်၏အရာဌာန၌ ထား၍ မေတ္တာစိတ်ကို ဖြစ်စေသည်ရှိသော် လွယ်ကူစွာ မဖြစ်နိုင် ပင်ပန်းဆင်းရဲရာ၏။ ထိုကြောင့် အပ္ပိယပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာပွားခြင်းကို မပြုအပ်။

ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

အပ္ပိယံ ဟိ ပိယဋ္ဌာနေ ဌပေန္တော ကိလမတိ။ ။

ဟုမိန့်ဆို၏။

---

## အတိပ္ပိယသဟာယက ပုဂ္ဂိုလ်၌ မေတ္တာ မပွားရခြင်း၏ အကြောင်း

အတိပ္ပိယသဟာယက ပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာ မပွားရခြင်း၏ အကြောင်းကား။ ။မေတ္တာကိုကား အလုံးစုံသော သတ္တဝါတို့၌ တူမျှစွာ ဖြစ်စေအပ်သည်ဖြစ်၍ အတိပ္ပိယသဟာယက ပုဂ္ဂိုလ်၌ဖြစ်သော မေတ္တာစိတ်ကို မဇ္ဈတ္တပုဂ္ဂိုလ်၌ တူမျှစွာ ဖြစ်အောင် ထားသည်ရှိသော် လွယ်ကူစွာ မဖြစ်နိုင် ပင်ပန်းဆင်းရဲရာ၏။ ထို့ပြင် အတိပ္ပိယသဟာယက ပုဂ္ဂိုလ်၌ အနည်းငယ်မျှလောက်သော ဆင်းရဲဒုက္ခဖြစ်ပေါ်သော် စိတ်၏ပူပန်ခြင်းသို့ ရောက်ရာ၏။ ထို့ကြောင့် အတိပ္ပိယသဟာယက ပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာပွားခြင်းကို မပြုအပ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

အတိပ္ပိယသဟာယကံ မဇ္ဈတ္တဋ္ဌာနေ ဌပေန္တော ကိလမတိ၊ အပ္ပမတ္တကေပိစဿ ဒုက္ခေ ဥပ္ပန္နေ အာရောဒနာကာရပ္ပတ္တော ဝိယ ဟောတိ။ ။ဟု မိန့်ဆို၏။

---

## မဇ္ဈတ္တပုဂ္ဂိုလ်၌ မေတ္တာမပွားရခြင်း၏ အကြောင်း

မဇ္ဈတ္တပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာ မပွားရခြင်း၏ အကြောင်းကား။ ။မဇ္ဈတ္တပုဂ္ဂိုလ်သည်ကား၊ မေတ္တာသက်ဝင်နေ၍ ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်မဟုတ်၊ မေတ္တာသက်ဝင် နေအပ်သော ပုဂ္ဂိုလ်မဟုတ်၍ ၎င်းပုဂ္ဂိုလ်ကို အလေးပြုအပ်သော အရာဌာနနှင့်၎င်း, ချစ်မြတ်နိုးအပ်သော အရာဌာနနှင့်၎င်း, ထား၍ မေတ္တာစိတ်ကို ဖြစ်စေသည်ရှိသော် လွယ်ကူစွာ မဖြစ်နိုင် ပင်ပန်းဆင်းရဲရာ၏။ ထိုကြောင့် မဇ္ဈတ္တပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွားခြင်းကို မပြုအပ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌-

မဇ္ဈတ္တံဂရုဋ္ဌာနေစ ပိယဋ္ဌာနေစ ဌပေန္တော ကိလမတိ။ ။ဟု မိန့်ဆို၏။

---

## ဝေရီပုဂ္ဂိုလ်၌ မေတ္တာမပွားရခြင်း၏ အကြောင်း

ဝေရီပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာ မပွားရခြင်း၏ အကြောင်းကား။ ။ဝေရီပုဂ္ဂိုလ်သည်ကား အကျိုးမဲ့ကိုပြုသော ရန်သူဖြစ်၍၊ ၎င်းပုဂ္ဂိုလ်ကို နှလုံးသွင်းမှု ဒေါသသာလျှင် ဖြစ်ရာ၏၊ မေတ္တာမဖြစ်နိုင်ရာ။ ထို့ကြောင့် ဝေရီပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွားခြင်းကို မပြုအပ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

ဝေရိ မနုဿရတော ကောဓော ဥပ္ပဇ္ဇတိ။ ။ဟု မိန့်ဆို၏။

ဤသို့ အပိုယစသော ပုဂ္ဂိုလ်တို့၌-ရှေးဦးအစ၌ မေတ္တာကိုပွားသော် ပြဆိုအပ်ပြီးသော အပြစ်ဒေါသတို့၏သာလျှင် ဖြစ်ပေါ်လာရာသောကြောင့်၊ ၎င်းပုဂ္ဂိုလ်တို့ကို အာရုံပြု၍ ရှေးဦးအစ၌ မေတ္တာပွားခြင်းကို မပြုအပ်ကုန်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

တသ္မာ အပ္ပိယာဒီသု ပဌမံ နဘာဝေတဗ္ဗာ။ ။ဟု မိန့်ဆို၏။

ဤကား ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်တို့ကို ပြဆိုချက်တည်း။

## အသီးအခြားခွဲ၍ မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်

မေတ္တာကို ပွားရာ၌ သီးသန့်အာရုံပြု၍ မေတ္တာမပွားအပ် မပွားကောင်းသော ပုဂ္ဂိုလ်လည်းရှိ၏။ ။သီးသန့်အာရုံပြု၍ မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်ဟူသည် လိင်အသွင်မတူသော လိင်္ဂဝိသဘာဂပုဂ္ဂိုလ်တည်း။

ယောကျ်ားသည် မိန်းမနှင့် လိင် အသွင်မတူသော လိင်္ဂဝိသဘာဂ ပုဂ္ဂိုလ်မည်၏။

မိန်းမသည် ယောကျ်ားနှင့် လိင် အသွင်မတူသော လိင်္ဂဝိသဘာဂ ပုဂ္ဂိုလ်မည်၏။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် ယောကျ်ားဖြစ်လျှင် မိန်းမကို သီးသန့်ခွဲခြား၍ အာရုံပြု၍ မေတ္တာ မပွားအပ်။

ယောဂီပုဂ္ဂိုလ်သည် မိန်းမဖြစ်လျှင် ယောကျ်ားကို သီးသန့်ခွဲခြား၍ အာရုံပြု၍ မေတ္တာ မပွားအပ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

လိင်္ဂဝိသဘာဂေ ဩဓိသော နဘာဝေတဗ္ဗာ။ ။ဟု မိန့်ဆို၏။

## လိင်္ဂဝိသဘာဂ၌ သီးသန့်ခွဲခြား၍ မေတ္တာ မပွားရခြင်း၏ အကြောင်း

မေတ္တာကိုပွားရာ၌ လိင်္ဂဝိသဘာဂပုဂ္ဂိုလ်ကို သီးသန့်ခွဲခြား၍ မေတ္တာ မပွားရခြင်း၏ အကြောင်းကား။ ။မေတ္တာကိုပွားရာ၌ လိင်္ဂဝိသဘာဂ

ပုဂ္ဂိုလ်ကိုသာလျှင် သီးသန့်ခွဲခြား၍ မေတ္တာပွားလျှင် လိင် အသွင် မတူ၍ ရာဂ၏ဖြစ်ပေါ်ရာ အာရုံဖြစ်ခြင်းကြောင့် ရာဂသာလျှင်ဖြစ်ပေါ် တတ်၏။ ထို့ကြောင့် လိင်္ဂဝိသဘာဂပုဂ္ဂိုလ်ကို သီးသန့်အာရုံပြု၍ မေတ္တာမပွားအပ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

လိင်္ဂဝိသဘာဂေ ပန တမေဝ အာရဗ္ဘ ဩဓိသော
ဘာဝေန္တဿ ရာဂေါ ဥပ္ပဇ္ဇတိ။ ။ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ယောဂီပုဂ္ဂိုလ်သည် မေတ္တာ၏ အာရုံကို မှားယွင်းခြင်း မဖြစ်စေရန် ဆရာ၏ အထံ၌ မေတ္တာ၏ အာရုံကို ကျနမှန်ကန်စွာ သင်ယူ၍ မှတ်သားအပ်၏။

ဆရာသည်လည်း မေတ္တာ၏အာရုံကို ခွဲခြားဝေဘန်၍ ဟောပြအပ် ၏။ သာမညအားဖြင့် ဟောပြခြင်းကို မပြုအပ်၊ အကယ်၍ သာမည အားဖြင့် ဟောပြသော် ယောဂီပုဂ္ဂိုလ်သည် အာရုံပြုမှား၍ စိတ် ဖေါက်ပြန်ခြင်းသို့ ရောက်တတ်၏။

## အာရုံပြုမှား၍ စိတ်ဖေါက်ပြန်ခြင်းသို့ ရောက်သောဝတ္ထု

တဦးသော အမတ်၏သားသည် မေတ္တာဘာဝနာကို ပွားလို၍ မိမိ၏ ဆရာဖြစ်သော မထေရ်၏အထံသို့ ချဉ်းကပ်၍ ဤသို့ လျှောက်ထား၏။

“ဆရာတော်မြတ်ဘုရား-ဘုရားတပည့်တော်သည် မေတ္တာ တရားကို ပွားများအားထုတ်လိုပါသည်။ အဘယ်ပုဂ္ဂိုလ်ကို အာရုံပြု၍ မေတ္တာ ပွားအပ်ပါသနည်း”ဟု လျှောက်ထား၏။

ထိုအခါ ဆရာမထေရ်သည် ဤသို့ မိန့်ဆို၏။“အချင်း အမတ်သား မေတ္တာကို ပွားလိုသော် ချစ်မြတ်နိုးအပ်သောသူကို အာရုံပြု၍ မေတ္တာ ပွားအပ်၏”ဟု မိန့်ကြားလိုက်၏။

အမတ်၏သားသည် ဆရာမထေရ်၏ မိန့်ကြားချက်အရ မေတ္တာ ပွားရန် ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်ကို ဆင်ခြင်လတ်သော်“ ငါ

ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်ကား ငါ၏ဇနီးပေတည်း။ ငါသည် ဇနီးကို အာရုံပြု၍ မေတ္တာပွားအံ့”ဟု စိတ်ထားပြီး ဇနီးကို အာရုံပြု၍ မေတ္တာပွား၏။

ဇနီးကိုအာရုံပြု၍ မေတ္တာပွားလတ်သော်၊ ဝိသဘာဂအာရုံဖြစ်ခြင်းကြောင့် မေတ္တာစိတ်မဖြစ်ပေါ်မူ၍ ရာဂစိတ်သာလျှင်ဖြစ်ပေါ်၍လာ၏။ ဖြစ်ပေါ်၍လာသော ရာဂသည်လည်း ဆင့်ကဲ-ဆင့်ကဲ လွန်ကဲအားကြီးလာခြင်းကြောင့်၊ နောက်ဆုံး၌ စိတ်နှလုံး ဖေါက်ပြန်ပြီး တည့်လိုးနံရံကို တိုးဝှေ့လျက်နေ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သော တဿာ မေတ္တံ ဘာဝေန္တော သဗ္ဗရတ္တိံ ဘိတ္တိယုဒ္ဓမကာသိ။ ။ဟု မိန့်ဆို၏။

ဤကား အာရုံပြု လွဲမှား၍ စိတ်ဖေါက်ပြန်သော ဝတ္ထုတည်း။

ဤသို့လျှင် အာရုံပြုမှားယွင်းလျှင် စိတ်ဖေါက်ပြန်ခြင်းသို့ ရောက်တတ်သည်ဖြစ်၍ မေတ္တာကိုပွားရာ၌ လိင်ဝိသဘာဂ ပုဂ္ဂိုလ်ကို သီးသန့်ခွဲခြား၍ မေတ္တာမပွားအပ်။

ဤကား သီးသန့်အာရုံပြု၍ မေတ္တာ မပွားအပ်သော ပုဂ္ဂိုလ်ကို ပြဆိုချက်တည်း။

## အချင်းခပ်သိမ်းမေတ္တာမပွားအပ်သော ပုဂ္ဂိုလ်

ယောဂီပုဂ္ဂိုလ်သည် အချင်းခပ်သိမ်း မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်ကိုလည်း သိအပ်၏။ ၎င်းပုဂ္ဂိုလ်ကား သေသောပုဂ္ဂိုလ်တည်း။ သေသောပုဂ္ဂိုလ်တို့သည် မေတ္တာ၏အာရုံ မဟုတ်ကုန်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ကာလကတေ နဘာဝေတဗ္ဗာဝ။ ။ဟု မိန့်ဆို၏။

## သေသောပုဂ္ဂိုလ်၌ အချင်းခပ်သိမ်းမေတ္တာ မပွားရခြင်း၏ အကြောင်း

သေသောသူတို့ကို အာရုံပြု၍ မေတ္တာကိုပွားသော်လည်း မေတ္တာ၏ အာရုံမဟုတ်သောကြောင့် ဈာန်တရားမဖြစ်၊ ဈာန်ကို မဆိုထားဘိ ဥပစာရဘာဝနာမျှပင် မဖြစ်ကောင်းချေ။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ကာလကတေ ပန ဘာဝေန္တော နေဝ အပ္ပနံ၊
နဥပစာရံ ပါပုဏာတိ။ ။ဟု မိန့်ဆို၏။

ထို့ကြောင့် သေသောပုဂ္ဂိုလ်သည် အချင်းခပ်သိမ်း မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်မည်၏။

## သေသောသူကို အာရုံပြု၍ မေတ္တာပွားရာ၌ ဈာန်မဖြစ်သောဝတ္ထု

မေတ္တာဈာန်ကို ရပြီး၍ မေတ္တာဈာန်ကို ဝင်စားလေ့ရှိသော ရဟန်းတပါးသည် တနေ့သောအခါ ဈာန်ကိုဝင်စားလို၍ သေပြီးသော ဆရာကို အာရုံပြု၍ မေတ္တာပွား၏။

ထိုသို့ မေတ္တာကို ပွားသော်လည်း ရဟန်းအား ဈာန်တရားမဖြစ်၊ တဖန် မလျော့သော လုံ့လဖြင့် မေတ္တာပွားပြန်၏။ ထိုသို့ မေတ္တာကို ပွားသော်လည်း ဈာန်တရား မဖြစ်ခြင်းကြောင့် သမာပတ်ကို မဝင်စားနိုင်။

ရဟန်းသည် မေတ္တာကိုပွားပါလျက် ဈာန်မဖြစ်ခြင်းကြောင့် ဈာန်မဖြစ်ခြင်း၏အကြောင်းကိုသိလို၍ ဆရာမထေရ်အား ဤသို့လျှောက်၏။

"၊ ဆရာတော်ဘုရား-ဘုရားတပည့်တော်သည် မေတ္တာကိုပွား၍ ဈာန်ကိုဝင်စားလေ့ရှိပါသည်။ ကိုသို့ဖြစ်လျက် ဈာန်ဝင်စားအံ့သောငှာ မေတ္တာကို ပွားပါသော်လည်း ဈာန်တရား မဖြစ်ပေ၊ အကြောင်း အသို့ပါနည်း"ဟု မေးလျှောက်၏။

ထိုအခါ မထေရ်သည် ဤသို့မိန့်၏။ "ငါ့ရှင် သင်သည် မေတ္တာပွားအပ်သော အာရုံကို မေတ္တာ၏အာရုံ ဟုတ်လေသလော-မဟုတ်လေသလောဟု စိစစ်လေလော့"ဟု အာရုံကို စိစစ်ခိုင်း၏။

ရဟန်းသည် အာရုံကိုစစ်သော် မိမိမေတ္တာပွားအပ်သော ပုဂ္ဂိုလ်ကား-သေပြီးသောပုဂ္ဂိုလ်ဖြစ်နေ၍ မေတ္တာ၏အာရုံ မဟုတ်မှန်းသိသောကြောင့် အသက်ရှင်လျက်နေသော-တပါးသောပုဂ္ဂိုလ်ကိုမေတ္တာပွား၏။ ထိုအခါ ရှေးကကဲ့သို့ ဈာန်ရ၍ ဈာန်သမာပတ်ကို ဝင်စားနိုင်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌—

ထေရော"နိမိတ္တံအာဝုသော ဂဝေသာဟီ"တိအာဟ။
သော ဂဝေသန္တော အာစရိယဿ မတာဘာဝံ ဉတွာ
အညံ အာရဗ္ဘ မေတ္တာယန္တော သမာပတ္တိံ အပ္ပေသိ။ ။
ဟု မိန့်ဆို၏။

ဤကား သေပြီးသော ပုဂ္ဂိုလ်ကို အာရုံပြု၍ မေတ္တာကိုပွားရာ၌ ဈာန်မရသည်ကို ပြဆိုအပ်သော ဝတ္ထုတည်း။

ဤကား အချင်းခပ်သိမ်း မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်ကို ပြဆိုချက်တည်း။

ဤသို့အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ယောဂီပုဂ္ဂိုလ်သည် မေတ္တာကို ပွားရာ၌ ရှေးဦးအစ၌ မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်, သီးသန့်အာရုံပြု၍ မေတ္တာမပွားအပ်သောပုဂ္ဂိုလ်, အချင်းခပ်သိမ်းမေတ္တာမပွားအပ်သောပုဂ္ဂိုလ်,၎င်းပုဂ္ဂိုလ်တို့ကို ခွဲခြား၍ သိထားအပ်၏။

## ရှေးဦးအစ၌ မေတ္တာပွားအပ်သော ပုဂ္ဂိုလ်

မေတ္တာကိုပွားရာ၌ ရှေးဦးအစ၌ အာရုံပြု၍ မေတ္တာပွားအပ်သော ပုဂ္ဂိုလ်ကား။ ။မိမိပင်တည်း။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် မေတ္တာကိုပွားသောအခါ ရှေးဦးအစ၌ မိမိကိုယ်ကိုသာလျှင် အာရုံပြု၍ မေတ္တာပွားအပ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သဗ္ဗပဌမံ ပန အတ္တနိယေဝ ဘာဝေတဗ္ဗာ။ ။

ဟု မိန့်ဆို၏။

ဤသို့ ရှေးဦးအစ၌ မိမိကိုယ်ကို အာရုံပြု၍ မေတ္တာပွားရန် အဋ္ဌကထာဆရာ မိန့်ဆိုခြင်းသည် ဈာန်ရကောင်း၍ မိန့်ဆိုခြင်းမဟုတ်။

မိမိကိုယ်ကို အာရုံပြု၍ မေတ္တာကို ပွားရာ၌ တခဏ-တခါသာ မဟုတ်၊ အနှစ်တရာပတ်လုံးသော်၎င်း, အနှစ်တထောင်ပတ်လုံးသော်၎င်း, မေတ္တာပွားစေကာမူ ဈာန်တရားကို မရကောင်းချေ။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သစေပိ ဟိ ဝဿသတံ ဝဿသဟဿံဝါ " အဟံ သုခိတော ဟောမိ" တိ-အာဒိနာ နယေန အတ္တနိ မေတ္တံ ဘာဝေတိ၊နေဝဿ အပ္ပနာ ဥပ္ပဇ္ဇတိ။ ။ဟုမိန့်ဆို၏။

မိမိကိုယ်ကိုအာရုံပြု၍ မေတ္တာကိုပွားရာ၌ ဈာန်ကိုမရကောင်းသည် ဖြစ်လျက် အဘယ်ကြောင့် ရှေးဦးအစ၌ မိမိကိုယ်ကိုသာလျှင် မေတ္တာပွားရလေသနည်းဟူမူ။ ။မိမိကိုယ်ကို သက်သေပြုခြင်းငှာ ရှေးဦးအစ၌ မိမိကိုယ်ကိုသာလျှင် မေတ္တာပွားရလေသည်။

## မိမိကိုယ်ကို သက်သေပြုပုံ

မိမိကား ချမ်းသာသုခကို ရလို၏။
ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်လို၏။
အသက်ရှည်လို၏။

တပါးသော သတ္တဝါတို့သည်လည်း မိမိကဲ့သို့ ချမ်းသာသုခကို ရလိုကြမည် ဖြစ်ကုန်၏။

ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်လိုကြမည် ဖြစ်ကုန်၏။

အသက်ရှည်လိုကြမည် ဖြစ်ကုန်၏။

ထိုသတ္တဝါတို့သည်လည်း မိမိကဲ့သို့ ချမ်းသာကြပါစေ, ဒုက္ခကင်းလွတ်ကြပါစေ, အသက်ရှည်ကြပါစေ။

ဤသို့ မိမိကိုယ်ကို သက်သေပြု၍ မိမိ၌မေတ္တာစိတ် ဖြစ်သကဲ့သို့ တပါးသော သတ္တဝါတို့၌လည်း မေတ္တာစိတ်ကို ဖြစ်ပေါ်စေရာ၏။

ဤသို့ အကျိုးရှိ၍ မိမိကိုယ်ကိုသာလျှင် ရှေးဦးအစ၌ မေတ္တာပွား ရလေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

"အဟံ သုခိတော ဟောမိ"တိဘာဝယတော ပန ယထာ အဟံ သုခကာမော ဒုက္ခ ပဋိကူလော ဇီဝိတု ကာမော အမရိတုကာမောစ၊ ဧဝံ အညေပိ သတ္တာတိ အတ္တာနံ သက္ခိံ ကတွာ အညသတ္တေသု ဟိတသုခ ကာမတာ ဥပ္ပဇ္ဇတိ။ ။ဟု မိန့်ဆို၏။

## မိမိကိုယ်ကို အာရုံပြု၍ မေတ္တာပွားနည်း

မေတ္တာပွားသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးအစ၌ မိမိကိုယ်ကို သာလျှင် အာရုံပြု၍ မေတ္တာပွားရာသောကြောင့် မေတ္တာကိုပွားသော အခါ ဤသို့ ပွားရာ၏။

အဟံ အဝေရော ဟောမိ,<br>
အဗျာပဇ္ဇော ဟောမိ,<br>
အနီဃော ဟောမိ,<br>
သုခီအတ္တာနံ ပရိဟရာမိ။

အဟံ၊ငါသည်။ အဝေရော၊ရန်မရှိသည်။ ဟောမိ၊ဖြစ်ရလို၏။

အဟံ၊ ငါသည်။ အဗျာပဇ္ဇော၊ စိတ်နှလုံးပူပန်မှုမရှိသည်။ ဟောမိ၊ ဖြစ်ရလို၏။

အဟံ၊ငါသည်။ အနီဃော၊ဆင်းရဲခြင်းမရှိသည်။ ဟောမိ၊ဖြစ်ရလို၏။

အဟံ၊ ငါသည်။ သုခီ၊ ချမ်းသာခြင်း ရှိသည်ဖြစ်၍။ အတ္တာနံ၊မိမိ ကိုယ်ကို။ ပရိဟရာမိ၊ ရွက်ဆောင်နိုင်လို၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

> သဗ္ဗ ပဌမံ ပန ''အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော'' တိဝါ ''အဝေရော အဗျာပဇ္ဇော အနီဃော သုခီအတ္တာနံ ပရိဟရာမိ '' တိဝါဧဝံ ပုနပ္ပုနံ အတ္တနိယေဝ ဘာဝေ တဗ္ဗာ။ ။ဟု မိန့်ဆို၏။

ဤကား မိမိကိုယ်ကို အာရုံပြု၍ မေတ္တာပွားနည်းတည်း။

၎င်းမေတ္တာပွားနည်း၌။ ။အဟံအဝေရောဟောမိကား မေတ္တာပွားနည်းတခု။

အဟံ အဗျာပဇ္ဇော ဟောမိကား မေတ္တာပွားနည်းတခု။
အဟံ အနီဃော ဟောမိကား မေတ္တာပွားနည်းတခု။
အဟံ သုခီအတ္တာနံ ပရိဟရာမိကား မေတ္တာပွားနည်းတခု။
ဤသို့ မေတ္တာပွားနည်း လေးမျိုးရှိ၏။

ယောဂီပုဂ္ဂိုလ်သည် မေတ္တာပွားနည်းလေးမျိုးလုံးကို ပွားများမှသာ လျှင် မေတ္တာပွားသောသူ မည်သည်မဟုတ်။ မေတ္တာပွားနည်း လေးမျိုးလုံးကိုသော်၎င်း၊ သို့မဟုတ် မိမိ၏စိတ်၌ ထင်ရှားရာ တခုခုကို၎င်း၊ ပွားများလျှင်လည်း မေတ္တာပွားသောသူမည်၏။

မိမိကိုယ်ကို မေတ္တာပွားရာ၌ စျာန်တရားကို မရကောင်းသော ကြောင့် ယောဂီပုဂ္ဂိုလ်သည် ''သက်သေဖြစ်ရုံ ခဏမျှလောက်သာ ပွားရာ၏''ဟု ပေါ့ပေါ့ဆဆ နှလုံးမပြုအပ်။

မိမိကိုယ်ကို မေတ္တာပွား၍ စျာန်တရားကို မရကောင်းသော်လည်း တပါးသောသူတို့ကို မေတ္တာပွားရာ၌ အားကြီးသော အထောက်အပံ့ ကိုဖြစ်စေရန် အကြိမ်ကြိမ်ပွား၍ နေအပ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

> ဧဝံ ပုနပ္ပုနံ အတ္တနိယေဝ ဘာဝေတဗ္ဗာ။ ။ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် မိမိ၏မေတ္တာစိတ်ကို ထက် မြက်ဖွံ့ဖြိုးသည်တိုင်အောင် ပွားနေရာသည်။

# မိမိမှတဆင့် မေတ္တာ ကူးပြောင်းအပ်သော ပုဂ္ဂိုလ်

မိမိကိုယ်ကို မေတ္တာပွား၍ မေတ္တာတရားသည် အားကြီးခြင်းသို့ ရောက်လတ်သော်သာလျှင် ထိုမေတ္တာစိတ်ကို မိမိမှတဆင့် ချစ်မြတ်နိုး အပ်သော ပိယပုဂ္ဂိုလ်သို့ ကူးပြောင်းဆက်သွယ်အပ်၏။

ပိယ ပုဂ္ဂိုလ်ကား မိမိမှတဆင့် ကူးပြောင်း ဆက်သွယ်အပ်သော ပုဂ္ဂိုလ်တည်း။

မေတ္တာကိုကူးပြောင်းရာ၌ ပိယပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်သို့ကူး ပြောင်းခြင်းကိုမပြုမူ၍ ပိယပုဂ္ဂိုလ်သို့သာလျှင် ကူးပြောင်းရခြင်းကား။ ပိယပုဂ္ဂိုလ်သို့ မိမိ၏မေတ္တာစိတ်ကို ကူးပြောင်းသော် လွယ်ကူစွာ ကူး ပြောင်း၍ရရာ၏။ ထို့ကြောင့် ပိယပုဂ္ဂိုလ်သို့ ကူးပြောင်း ရလေသည်။

ပိယပုဂ္ဂိုလ်သို့ ကူးပြောင်းက လွယ်သည်၏အဖြစ်ကို ဝိသုဒ္ဓိမဂ် အဋ္ဌ ကထာ၌—

> သက္ကိဘာဝတ္ထံ ပဌမံ အတ္တာနံ မေတ္တာယ ဖရိတွာ
> တဒနန္တရံ သုခပ္ပဝတ္တနတ္ထံ ယွာယံ ပိယော မနာပေါ
> ဂရုဘာဝနီယော အာစရိယော ဝါ အာစရိယမတ္တော ဝါ
> ဥပဇ္ဈာယော ဝါ ဥပဇ္ဈာယမတ္တော ဝါ တဿ ဒါနပိယ
> ဝစနာဒီနိ ပိယမနာပတ္တကာရဏာနိ သီလသုတာဒီနိ ဂရု
> ဘာဝနီယတ္တကာရဏာနိစ အနုဿရိတွာ "သောသပ္ပုရိ
> သော သုခီဟောတု နိဒ္ဒုက္ခော" တိ အာဒိနာ နယေန
> မေတ္တာဘာဝေတဗ္ဗာ။ ။ဟု မိန့်ဆို၏။

ဤအဋ္ဌကထာစကားရပ်၌ "သုခပ္ပဝတ္တနတ္ထံ" ဟူသောပါဌ်ဖြင့် မိမိမှ တဆင့် ပိယပုဂ္ဂိုလ်သို့ မေတ္တာကို ကူးပြောင်းရာ၌ လွယ်ကူသည်၏ အဖြစ်ကို ပြသည်။

"သုခီဟောတု" စသောပါဌ်ဖြင့် ပိယပုဂ္ဂိုလ်၌ မေတ္တာ ပွားနည်းကို ပြဆို၏။

# ပိယပုဂ္ဂိုလ်၌ မေတ္တာပွားနည်း

"သုခီဟောတု" အစရှိသောပါဠိဖြင့် ပိယပုဂ္ဂိုလ်၌ မေတ္တာပွားအပ်သောနည်းကို ပြဆိုခြင်းကြောင့် ပိယပုဂ္ဂိုလ်၌ မေတ္တာ ပွားလိုသော် ပိယပုဂ္ဂိုလ်ကို စိတ်ဖြင့်အာရုံပြု၍—

ဧသော အဝေရော ဟောတု။
အဗျာပဇ္ဇော ဟောတု။
အနီဃော ဟောတု။
သုခီအတ္တာနံ ပရိဟရတု။

ဧသော၊ ဤသူသည်။ အဝေရော၊ ရန်မရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဧသော၊ ဤသူသည်။ အဗျာပဇ္ဇော၊ ကြောင့်ကြပူပန်ခြင်း မရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဧသော၊ ဤသူသည်။ အနီဃော၊ ဆင်းရဲခြင်းမရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဧသော၊ ဤသူသည်။ သုခီ၊ ချမ်းသာခြင်း ရှိသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတု၊ ရွက်ဆောင် နိုင်ပါစေသတည်း။

ဤကား ပိယပုဂ္ဂိုလ်၌ မေတ္တာပွားနည်းတည်း။

အဓိပ္ပါယ်ကား။ ။ဤမေတ္တာပွားနည်း လေးမျိုးတို့တွင် "ဧသော အဝေရော ဟောတု" ဟူသော မေတ္တာပွားနည်းဖြင့် ယောဂီပုဂ္ဂိုလ်၏ မေတ္တာစိတ်သည် ပိယပုဂ္ဂိုလ်၌ ရန်ကင်းစေလိုသောစိတ် ဖြစ်ပေါ်လျက် ရှိနေရမည်ဟု ပြဆိုသည်။

ရန်ကင်းစေလိုသော စိတ်ကား မေတ္တာစိတ်ဖြစ်၍ ၎င်းစိတ်မျိုးဖြစ်လျက်နေသော သူကိုသာလျှင် မေတ္တာ ပွား၍ နေသောသူဟု ဆိုအပ်သည်။

ထို့ကြောင့် နဝင်္ဂတ္တရပါဠိတော် နဝကနိပါတ်၌—

မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ ။ဟု ဟောတော်မူ၏။

ဤသို့ ဘုရားဟောတော်မူခြင်းကြောင့် မေတ္တာပွားသော ပုဂ္ဂိုလ်၌ မေတ္တာစိတ်သည် ဖြစ်ပေါ်လျက် ရှိနေရမည်။ မေတ္တာစိတ် ဖြစ်ပေါ်ခြင်းမရှိပါဘဲလျက် "အဝေရာဟောတု" စသော မေတ္တာပွားနည်းကို ရွတ်ဆို၍နေရုံမျှဖြင့် မေတ္တာပွားသောသူမမည်။ မေတ္တာပွားနည်းအစဉ်ကို မမေ့မပျောက်ရအောင်ရွတ်ဆို၍ လေ့လာ နေသောသူ ဟူ၍သာ ဆိုသင့်သည်။

---

"သော အဗျာပဇ္ဇော ဟောတု" ဟူသော မေတ္တာပွားနည်းဖြင့် ယောဂီပုဂ္ဂိုလ်၏စိတ်သည် ပိယပုဂ္ဂိုလ်၌ ကြောင့်ကြပူပန်မှု ကင်းစေလိုသောစိတ် ဖြစ်ပေါ်လျက် ရှိနေရမည်ဟု ပြဆိုသည်။

ကြောင့်ကြပူပန်မှုကင်းစေလိုသောစိတ်ကား မေတ္တာစိတ်ဖြစ်၍ ၎င်းစိတ်မျိုးဖြစ်လျက်နေသောသူကို မေတ္တာပွား၍ နေသောသူဟု ဆိုအပ်သည်။

---

"သော အနီဃော ဟောတု"ဟူသော မေတ္တာပွားနည်းဖြင့် ယောဂီပုဂ္ဂိုလ်၏စိတ်သည် ပိယပုဂ္ဂိုလ်၌ ဆင်းရဲခြင်း ကင်းစေလိုသောစိတ် ဖြစ်ပေါ်လျက် ရှိနေရမည်ဟု ပြဆိုသည်၊ ဆင်းရဲခြင်း ကင်းစေလိုသောစိတ်ကား မေတ္တာစိတ်ဖြစ်၍ ၎င်းစိတ်မျိုး ဖြစ်လျက်နေသောသူကို မေတ္တာပွား၍ နေသောသူဟု ဆိုအပ်သည်။

---

"သော သုခီအတ္တာနံ ပရိဟရတု" ဟူသော မေတ္တာပွားနည်းဖြင့် ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ပိယပုဂ္ဂိုလ်၌ ချမ်းသာစွာ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်စေလိုသော စိတ်ဖြစ်ပေါ်လျက် ရှိနေရမည်ဟု ပြဆိုသည်။

ချမ်းသာစွာ ကိုယ်ကို ရှက်ဆောင်နိုင်စေလိုသော စိတ်ကား မေတ္တာ စိတ်ဖြစ်၍ ၎င်းစိတ်မျိုးဖြစ်လျက်နေသောသူကို မေတ္တာပွား၍နေသော သူဟု ဆိုအပ်သည်။

ဤကား မေတ္တာပွားနည်း လေးမျိုးတို့၌ သိအပ်သော အခိပ္ပါယ် တည်း။

နောက်၌ ပြဆိုလတ့ံသော မေတ္တာပွားနည်းတို့၌လည်း အဓိပ္ပါယ်ကို ၎င်းအတိုင်းမှတ်ယူကြကုန်။

## ပိယပုဂ္ဂိုလ်မှတဆင့် မေတ္တာ ကူးပြောင်းအပ်သော ပုဂ္ဂိုလ်

ပိယပုဂ္ဂိုလ်၌ ပွားအပ်သော မေတ္တာစိတ်သည် နူးညံ့သိမ်မွေ့သည် ဖြစ်၍ ပြုလိုတိုင်း ပြုခြင်းငှါ ပိုင်နိုင်ခြင်းသို့ ရောက်လတ်သော် ထို မေတ္တာစိတ်ကို ပိယပုဂ္ဂိုလ်မှတဆင့် အတိပ္ပိယသဟာယက ပုဂ္ဂိုလ်သို့ကူး ပြောင်းဆက်သွယ်အပ်၏။

အတိပ္ပိယသဟာယက ပုဂ္ဂိုလ်ကား ပိယပုဂ္ဂိုလ်မှတဆင့် ကူးပြောင်း ဆက်သွယ်အပ်သော ပုဂ္ဂိုလ်တည်း။

ပိယပုဂ္ဂိုလ်မှ အတိပ္ပိယသဟာယက ပုဂ္ဂိုလ်သို့ မေတ္တာကိုကူးပြောင်း ဆက်သွယ်ရခြင်းကား၊ ပိယပုဂ္ဂိုလ်၌ ပွားအပ်သော မေတ္တာသည် မိမိ ကိုယ်ကိုအာရုံပြု၍ ပွားအပ်သော မေတ္တာကဲ့သို့ စျာန်ကိုမရကောင်း၍ ကူးပြောင်းရသည်မဟုတ်၊ စျာန်ကိုရနိုင်၏။ စျာန်ကို ရနိုင်သော်လည်း တဦးတယောက်သောပုဂ္ဂိုလ်၌ သီးသန့်ခွဲခြား၍ဖြစ်သော မေတ္တာသည် အားမကြီး, တန်ခိုးအာနုဘော်မရှိ၊ အတိပ္ပိယ, မဇ္ဈတ္တ, ဝေရီ, ပုဂ္ဂိုလ်တို့ ၌လည်း မေတ္တာစိတ်၏တူမျှခြင်း ရှိသော်သာလျှင် မေတ္တာသည် အား ကြီး၍ တန်ခိုးအာနုဘော်ရှိ၏။

အလုံးစုံသော သတ္တဝါတို့၌ တူမျှစွာဖြစ်သော မေတ္တာစိတ်မျိုးကို ရစိမ့်သောငှါ၊ ပိယပုဂ္ဂိုလ်မှတဆင့် အတိပ္ပိယပုဂ္ဂိုလ်သို့ မေတ္တာစိတ်ကို ကူးပြောင်း၍ ဆက်သွယ်ရလေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

ဧဝရူပေစ ပုဂ္ဂလေ ကာမံအပ္ပနာ သမ္ပဇ္ဇတိ၊ ဣမိနာ
ပန ဘိက္ခုနာ တာဝတကေနေဝ တုဋ္ဌိံ အနာပဇ္ဇိတွာ
သီမာသမ္ဘေဒံ ကတ္တုကာမေန တဒနန္တရံ အတိပ္ပိယ
သဟာယကေ မေတ္တာဘာဝေတဗ္ဗာ။ ။ဟု မိန့်ဆို၏။

ဤအဋ္ဌကထာစကားရပ်၌ "သီမာသမ္ဘေဒ" ဟူသည်ကား၊ သီမာပုဒ်, သမ္ဘေဒပုဒ်, ၎င်းနှစ်ပုဒ်ကို စပ်၍ထားသည်။

သီမာကား ပိုင်းခြားခြင်းအနက်ကို ဟောသည်။

သမ္ဘေဒကား ပယ်ဖျက်ခြင်းအနက်ကို ဟောသည်။

သီမာသမ္ဘေဒကား-ပိုင်းခြားခြင်းကို ပယ်ဖျက်ခြင်းဟူသော အနက်ကို ဟောသည်။

ဆိုလိုရင်း အဓိပ္ပါယ်ကား။ ။မေတ္တာကိုပွားရာ၌ မေတ္တာစိတ်သည် အချို့သောပုဂ္ဂိုလ်၌ ဖြစ်၏။ အချို့သောပုဂ္ဂိုလ်၌ မဖြစ်။ ဤသို့ ကွက်၍-ခွဲခြား၍ဖြစ်သော မေတ္တာစိတ်ကိုပယ်ဖျောက်၍ အလုံးစုံသော သတ္တဝါတို့၌ မေတ္တာစိတ်ကို တူမျှစွာ ဖြစ်အောင်ပြု၍ မေတ္တာစိတ်၏ တူမျှစွာ ဖြစ်ခြင်းသည် "သီမာသမ္ဘေဒ" မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌-

သီမာသမ္ဘေဒေါ သာဝေ သမစိတ္တတာ။ ။ဟု
မိန့်ဆို၏။

ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သတ္တဝါတို့၌ တူမျှစွာဖြစ်ခြင်း ရှိသော " သီမာသမ္ဘေဒ " မေတ္တာစိတ်မျိုးကို ရအောင် ကြိုးစား၍ ပွားများရာ၏။ ထို့ကြောင့် ပိယပုဂ္ဂိုလ်မှတဆင့် အတိပ္ပိယ ပုဂ္ဂိုလ်သို့ ကူးပြောင်းဆက်သွယ်ရလေသည်။

သီမာသမ္ဘေဒဖြစ်သော မေတ္တာစိတ်ကိုရလို၍ မေတ္တာကိုကူးပြောင်းရာ၌ အတိပ္ပိယပုဂ္ဂိုလ်မှ တပါးသောပုဂ္ဂိုလ်တို့သို့ ကူးပြောင်းခြင်းကို မပြုမူ၍ အဘယ်ကြောင့် အတိပ္ပိယပုဂ္ဂိုလ်သို့သာလျှင် ကူးပြောင်းရလေသနည်း ဟူမူ။ ။အတိပ္ပိယပုဂ္ဂိုလ်သည်ကား ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်ဖြစ်၍

မေတ္တာစိတ်ကို ကူးပြောင်းသော် လွယ်ကူစွာကူးပြောင်း၍ ရရာ၏။ ထို့ကြောင့် ပိယပုဂ္ဂိုလ်မှတဆင့် အတိပ္ပိယ ပုဂ္ဂိုလ်သို့သာလျှင် ကူးပြောင်းရလေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

သုခူပသံဟာရံ တတ္ထဿ တံ ဟောတိ။ ။ဟု
မိန့်ဆို၏။

တတ္ထ၊ ထိုအတိပ္ပိယပုဂ္ဂိုလ်၌။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ တံမနသိကာရံ၊ ထိုနှလုံးသွင်း မနသိကာရသည်။ သုခူပသံဟာရံ၊ ဆောင်လွယ်သည်။ ဟောတိ၊ ဖြစ်၏။

---

ပိယပုဂ္ဂိုလ်မှတဆင့် အတိပ္ပိယပုဂ္ဂိုလ်သို့ မေတ္တာကိုကူးပြောင်းသော ပုဂ္ဂိုလ်သည် ပိယပုဂ္ဂိုလ်၌ သာမန်မေတ္တာပွား၍ ကူးပြောင်းအပ်သည် မဟုတ်။

ပိယပုဂ္ဂိုလ်၌ ပွားအပ်သောမေတ္တာစိတ်ကို နူးညံ့သိမ်မွေ့၍ ပြုလိုတိုင်း ပြုခြင်းငှါ ပိုင်နိုင်ခြင်း သို့ရောက်အောင် ပွားပြီးမှသာလျှင် ကူးပြောင်းအပ်သည်။

တဦးသောပုဂ္ဂိုလ်မှ တဦးသောပုဂ္ဂိုလ်သို့ မေတ္တာကို ကူးပြောင်းရာ၌ ပြဆိုအပ်ပြီးသောအတိုင်း မေတ္တာစိတ်ကို ပိုင်နိုင်ခြင်းရှိအောင် ပြုပြီးမှသာလျှင် ကူးပြောင်းအပ်လေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဘာဝေန္တေနစ ဧကေကသ္မိံ ကောဋ္ဌာသေ မုဒုံ ကမ္မ
နိယံ စိတ္တံ ကတွာ တဒနန္တရေ တဒနန္တရေ ဥပသံဟရိ
တဗ္ဗံ။ ။ဟု မိန့်ဆို၏။

## အတိပ္ပိယပုဂ္ဂိုလ်၌ မေတ္တာပွားနည်း

ပိယပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ပိုင်နိုင်ခြင်းရှိအောင်ပွားပြီး၍ အတိပ္ပိယ ပုဂ္ဂိုလ်သို့ ကူးပြောင်းလိုသော် အတိပ္ပိယပုဂ္ဂိုလ်ကို စိတ်ဖြင့်အာရုံပြု၍-

ဧသော အဝေရော ဟောတု,
အဗျာပဇ္ဇော ဟောတု,
အနီဃော ဟောတု,
သုခီအတ္တာနံ ပရိဟရတု,

ဤသို့နှလုံးသွင်း၍ ပွားများရာ၏။

ဤကား အတိပ္ပိယပုဂ္ဂိုလ်၌ မေတ္တာပွားနည်းတည်း။

ရင်းမေတ္တာပွားနည်း၏ သဘောအဓိပ္ပါယ်ကို ပိယပုဂ္ဂိုလ်၏ မေတ္တာ ပွားနည်း၌ ပြဆိုအပ်သောအတိုင်း မှတ်အပ်၏။

## အတိပ္ပိယပုဂ္ဂိုလ်မှတဆင့် မေတ္တာကူးပြောင်းအပ်သောပုဂ္ဂိုလ်

ယောဂီပုဂ္ဂိုလ်သည် အတိပ္ပိယသဟာယကပုဂ္ဂိုလ်၌ မေတ္တာပွား၍ မေတ္တာစိတ်သည် ပိုင်နိုင်ခြင်းသို့ ရောက်လတ်သော်၊ ထိုမေတ္တာစိတ်ကို မဇ္ဈတ္တပုဂ္ဂိုလ်သို့ ကူးပြောင်းဆက်သွယ်အပ်၏။

မဇ္ဈတ္တပုဂ္ဂိုလ်ကား အတိပ္ပိယပုဂ္ဂိုလ်မှတဆင့် မေတ္တာကိုကူးပြောင်း၍ ဆက်သွယ်အပ်သော ပုဂ္ဂိုလ်တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်် အဋ္ဌကထာ၌—

အတိပ္ပိယသဟာယကတော မဇ္ဈတ္တေ မေတ္တာ ဘာဝေတဗ္ဗာ။ ။ဟု မိန့်ဆို၏။

မေတ္တာကိုကူးပြောင်းရာ၌ ဝေရီပုဂ္ဂိုလ်သို့ ကူးပြောင်းခြင်းကို မပြု မူ၍ အဘယ်ကြောင့် မဇ္ဈတ္တပုဂ္ဂိုလ်သို့သာလျှင် ကူးပြောင်းရာသနည်း ဟူမူကား။ ။မဇ္ဈတ္တပုဂ္ဂိုလ်ကို မေတ္တာဆက်သွယ်ရာ၌ ဝေရီပုဂ္ဂိုလ်ထက်

လွယ်ကူရာသောကြောင့် မဇ္ဈတ္တပုဂ္ဂိုလ်သို့သာလျှင် ကူးပြောင်းရလေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌—

မဇ္ဈတ္တံ ပိယဂရုဋ္ဌာနေ ဌပေတုံ သုကရဘာဝတော။ ။

ဟု မိန့်ဆို၏။

## မဇ္ဈတ္တပုဂ္ဂိုလ်၌ မေတ္တာပွားနည်း

ယောဂီပုဂ္ဂိုလ်သည် အတိပိယပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ပိုင်နိုင်အောင် ပွားပြီး၍ မဇ္ဈတ္တပုဂ္ဂိုလ်သို့ ကူးပြောင်းလိုသော် မဇ္ဈတ္တပုဂ္ဂိုလ်ကို စိတ်ဖြင့် အာရုံပြု၍—

ဧသော အဝေရော ဟောတု,

အဗျာပဇ္ဇော ဟောတု,

အနီဃော ဟောတု,

သုခီအတ္တာနံ ပရိဟရတု,

ဤသို့နှလုံးသွင်း၍ မေတ္တာကိုပွားရာ၏။

ဤကား မဇ္ဈတ္တပုဂ္ဂိုလ်၌ မေတ္တာပွားနည်းတည်း။

၎င်းမေတ္တာပွားနည်း၏ သဘောအဓိပ္ပါယ်ကို ရှေး၌ ပြဆိုအပ်ပြီးသောအတိုင်း မှတ်အပ်၏။

## မဇ္ဈတ္တပုဂ္ဂိုလ်မှတဆင့် မေတ္တာကူးပြောင်းအပ်သော ပုဂ္ဂိုလ်

ယောဂီပုဂ္ဂိုလ်သည် မဇ္ဈတ္တပုဂ္ဂိုလ်၌ မေတ္တာပွား၍ မေတ္တာစိတ်သည် ပိုင်နိုင်ခြင်းသို့ ရောက်လတ်သော်၊ ၎င်းမေတ္တာစိတ်ကို ဝေရီပုဂ္ဂိုလ်သို့ ကူးပြောင်းဆက်သွယ်အပ်၏။

ဝေရီပုဂ္ဂိုလ်ကား မဇ္ဈတ္တပုဂ္ဂိုလ်မှတဆင့် ကူးပြောင်းဆက်သွယ်အပ်သော ပုဂ္ဂိုလ်တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

မဇ္ဈတ္တတော ဝေရီပုဂ္ဂလေ မေတ္တာ ဘာဝေတဗ္ဗာ။ ။

ဟု မိန့်ဆို၏။

## ဝေရီပုဂ္ဂိုလ်၌ မေတ္တာပွားနည်း

ယောဂီပုဂ္ဂိုလ်သည် မဇ္ဈတ္တပုဂ္ဂိုလ်၌ မေတ္တာကိုပိုင်နိုင်အောင်-ပွားပြီး၍ ဝေရီပုဂ္ဂိုလ်သို့ ကူးပြောင်းလိုသော် ဝေရီပုဂ္ဂိုလ်ကို စိတ်ဖြင့် အာရုံပြု၍—

ဧသော အဝေရော ဟောတု,
အဗျာပဇ္ဇော ဟောတု,
အနီဃော ဟောတု,
သုခီအတ္တာနံ ပရိဟရတု,

ဤသို့ နှလုံးသွင်း၍ မေတ္တာကိုပွားရာ၏။

ဤကား ဝေရီပုဂ္ဂိုလ်၌ မေတ္တာပွားနည်းတည်း။

၎င်းမေတ္တာပွားနည်း၏ သဘောအဓိပ္ပါယ်ကို ရှေး၌ပြဆိုအပ်ပြီးသောအတိုင်း မှတ်အပ်၏။

မဇ္ဈတ္တပုဂ္ဂိုလ်မှ ဝေရီပုဂ္ဂိုလ်သို့ မေတ္တာကူးပြောင်းအပ်သော အစဉ်ကို အဋ္ဌကထာဆရာ ပြဆိုခြင်းသည် ရန်သူရှိသော ပုဂ္ဂိုလ်ကိုသာလျှင် ရည်၍ ပြဆိုသည်။ ရန်သူမရှိလျှင် ရန်သူသို့ မေတ္တာကူးပြောင်းဘွယ် ကိစ္စမရှိ။

ရန်သူမရှိသည်ဖြစ်လျက် အဋ္ဌကထာ၌ ရန်သူသို့ မေတ္တာကူးပြောင်းရန် အစီအစဉ်ကို ပြဆိုခြင်းကြောင့် ရန်သူသို့ ကူးပြောင်းနိုင်ရန် ရန်သူကိုရရှိရေးအတွက် အားထုတ်ခြင်းကိုကား မပြုအပ်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ယဿ ပန ဝေရီပုဂ္ဂလောဝ နတ္ထိ၊ မဟာပုရိသဇာတိကတ္တာဝ အနတ္ထံ ကရောန္တေပိ ပရေ ဝေရီသညာဝ နုပ္ပဇ္ဇတိ၊ တေန "မဇ္ဈတ္တေ မေ မေတ္တစိတ္တံ ကမ္မနိယံ ဇာတံ၊ ဣဒါနိ နံ ဝေရိမှိ ဥပသံဟရာမိ" တိ ဗျာပါရော န ကာတဗ္ဗော။ ယဿ ပန အတ္ထိ၊ တံသန္ဓာယ ဝုတ္တံ မဇ္ဈတ္တတော ဝေရီပုဂ္ဂလေ မေတ္တာဘာဝေတဗ္ဗာတိ။ ။ဟု မိန့်ဆို၏။

ယောဂီပုဂ္ဂိုလ်သည် ရန်သူရှိသည် ဖြစ်၍ ရန်သူသို့ မေတ္တာကို ကူးပြောင်းသောအခါ မေတ္တာစိတ်မဖြစ်၊ဒေါသစိတ်သာလျှင် ဖြစ်ပေါ်၍ နေ၏။

ထိုအခါ ယောဂီပုဂ္ဂိုလ်သည် ပိယစသော ပုဂ္ဂိုလ်တို့တွင် တဦးဦးသောပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ပြန်လည်ထူထောင်၍ ပိုင်နိုင်ခြင်းရှိအောင် ပွားပြီးလျှင် ဝေရီပုဂ္ဂိုလ်သို့ တဖန်ကူးပြောင်း ဆက်သွယ်အပ်၏။

ဤနည်းဖြင့် မေတ္တာစိတ်ကို ရန်သူပုဂ္ဂိုလ်၌ ဆက်သွယ်မိအောင် အကြိမ်ကြိမ်အဖန်ဖန် ပြန်ချီတလှည့် ကူးပြောင်းချီတခါ၊ပြန်ချီတလှည့် ကူးပြောင်းချီတခါ ပွား၍ မေတ္တာစိတ်ကို ဆက်သွယ်အပ်၏။

ထိုသို့ ပွားအပ်သည်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သစေ ပနဿ ဝေရိမှိ စိတ္တမုပသံဟရတော တေန ကတာပရာဓာနုဿရဏေန ပဋိဃမုပ္ပဇ္ဇတိ၊ အထာနေန ပုရိမပုဂ္ဂလေသု ယတ္ထကတ္ထစိ ပုနပ္ပုနံ မေတ္တံ သမာပဇ္ဇိတွာ ဝုဋ္ဌဟိတွာ ပုနပ္ပုနံ တံပုဂ္ဂလံ မေတ္တာယန္တေန ပဋိဃံ ဝိနောဒေတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ယောဂီပုဂ္ဂိုလ်သည် ပြဆိုအပ်ပြီးသောမေတ္တာပွားနည်းဖြင့် မေတ္တာကိုပွား၍၊ ၎င်းမေတ္တာကိုရန်သူသို့ ဆက်သွယ်ပါသော်လည်း မေတ္တာစိတ်မဖြစ်၊ ဒေါသစိတ်သာလျှင် ဖြစ်မြဲဖြစ်၍နေသော် မိမိကိုယ်ကို ဘုရား၏ဆုံးမဩဝါဒဖြင့် ဆုံးမ၍ ဒေါသကို ပယ်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သစေ ဝေမ္ပိ ဝါယမတော န နိဗ္ဗာတိ၊ အထ ကကစူ
ပမဩဝါဒအာဒီနံ အနုဿရတော။ ပဋိဃဿ ပဟာ
နာယ ဃဋိတဗ္ဗံ ပုနပ္ပုနံ။ ။ဟု မိန့်ဆို၏။

## ဘုရား၏ ဩဝါဒ

ချစ်သားတို့ သူခိုးတို့သည် လွှဖြင့် ကိုယ်အင်္ဂါကြီးငယ်တို့ကို အပိုင်းအပိုင်း တိုက်ဖြတ်သော်လည်း အမျက်မထွက် သည်းခံလျက်နေ၏။ ထိုသူသည် ငါဘုရား၏ ဩဝါဒကို လိုက်နာသောသူမည်၏။

အကြင်သူသည် မိမိ၏ အင်္ဂါကြီးငယ်တို့ကို သူခိုးတို့သည် လွှဖြင့် တိုက်ဖြတ်သော်၊ ထိုသူခိုးတို့၌ အမျက်ထား၍ ရန်ညိုးဖွဲ့၏၊ ထိုသူသည် ငါဘုရား၏ ဩဝါဒကို လိုက်နာသောသူမမည်။

ဤကား ဘုရား၏ ဆုံးမဩဝါဒတည်း။

ဘုရား၏ဩဝါဒဖြင့် မိမိကိုယ်ကို ဤသို့ဆုံးမအပ်၏။ ။"အမောင်-ရန်သူ၌ ဒေါသကိုပယ်ဖျောက်ရာ၏။ ရန်သူ၌ ဒေါသကို မပယ်ဖျောက်လျှင် ငါဘုရား၏ဩဝါဒကို မလိုက်နာသောသူမည်၏ဟု ဘုရားဟောတော်မူသည်ဖြစ်၍ ဘုရား၏ဆုံးမဩဝါဒကို လိုက်နာသောသူ ဖြစ်လိုလျှင် သင်သည် ရန်သူ၌ ဒေါသကို ပယ်ဖျောက်လေလော့"ဟု မိမိကိုယ်ကို ဆုံးမ၍ ဒေါသကို ဖျောက်ရာ၏။

### ထိုမှတပါး ဘုရား၏ ဆုံးမဩဝါဒကား

တဿေဝ တေန ပါပိယော၊ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓမပ္ပဋိ ကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။
ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။
ပရံ သင်္ကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။

ယော၊အကြင်သူသည်။ ကုဒ္ဓံ၊ မိမိအား အမျက်ဒေါသဖြစ်သောသူကို။ ပဋိကုဇ္ဈတိ၊ တုံ့ပြန်၍ အမျက်ပွား၏။ သော၊ ထိုတုံ့ပြန်၍ အမျက်ပွားသော

သူသည်။ တေန၊ ထိုတုံ့ပြန်၍ အမျက်ပွါးခြင်းကြောင့်။ တဿဝ၊ မိမိအား အမျက်ပွါးသော ထိုသူထက်လည်း။ ပါပိယော၊ အထူးသဖြင့် ပို၍ယုတ်မာသည်။ ဟောတိ၊ ဖြစ်၏။

ကုဒ္ဓံ၊မိမိအား အမျက်ဒေါသဖြစ်သောသူကို။အပ္ပဋိကုဇ္ဈန္တော၊တုံ့ပြန်၍ အမျက်ဒေါသမပွါးသောသူသည်။ဒုဇ္ဇယံ၊အောင်နိုင်ခဲသော။ သင်္ဂါမံ၊ စစ်မြေပြင်ကို။ ဇေတိ၊အောင်၏။

သကုပိတံ၊အမျက်ဒေါသဖြစ်နေသော။ပရံ၊တပါးသောသူကို။ ဉတွာ၊ ဒေါသဖြစ်မှန်းသိ၍။ ယော၊ အကြင်သူသည်။ သတော၊ သတိပွါး၍။ ဉပသမ္မတိ၊ ဒေါသကိုငြိမ်းစေ၏။ သော၊ ထိုသူသည်။ အတ္တနောစ၊ မိမိ၏ငှင်း။ ပရဿစ၊ သူတပါး၏ငှင်း။ ဉဘိန္နံ၊ နှစ်ဦးကုန်သော သူတို့၏။ အတ္ထံ၊ အကျိုးစီးပွားကို။ စရတိ၊ ကျင့်သည်မည်၏။

ဤကား ဘုရား၏ ဆုံးမဩဝါဒတည်း။

ဘုရား၏ ဆုံးမဩဝါဒဖြင့် မိမိကိုယ်ကို ဤသို့ ဆုံးမရာ၏။

"အမောင်-မိမိအား အမျက်ထွားသောသူကို တုံ့ပြန်၍ အမျက်ထွားလျှင် မိမိအား အမျက်ထွားသော သူထက်ပို၍ ယုတ်မာသောသူမည်၏။

မိမိအား အမျက်ထွားသောသူကို တုံ့ပြန်၍ အမျက်မထွားသောသူသည် အောင်နိုင်ခဲသော ရန်မျိုးဟူသမျှကို အောင်ရ၏။

မိမိအား အမျက်ထွားသောသူကို အမျက်ထွားမှန်းသိ၍ အမျက်ဒေါသကို ငြိမ်းအောင်ပြုလျှင် မိမိ၏အကျိုး-သူတပါး၏ အကျိုးကို ကျင့်ကြံဆောင်ရွက်သောသူမည်၏ဟု ဘုရား ဆုံးမ တော်မူသည်ဖြစ်၍ ဘုရား၏ဆုံးမဩဝါဒအတိုင်း မိမိကိုယ်ကို အထူးသဖြင့် ပို၍ မယုတ်မာစေလိုလျှင်, ရန်မျိုးဟူသမျှကို အောင်လိုလျှင်, သူတပါး၏အကျိုး-မိမိ၏အကျိုးကို ဆောင်ရွက်သောသူ ဖြစ်လိုလျှင်, သင်သည် ရန်သူဋ္ဌ အမျက်ဒေါသကိုပယ်ဖျောက်လေလော့"ဟု မိမိကိုယ်ကို ဆုံးမ၍ ဒေါသကို ပယ်ဖျောက်ရာ၏။

ဤသည်တို့ကား ဘုရား၏ ဆုံးမဩဝါဒဖြင့် မိမိကိုယ်ကို ဆုံးမ၍ ဒေါသကို ပယ်ဖျောက်ရာသောနည်းတည်း။

## ကံကိုဆင်ခြင်၍ ဒေါသကိုပယ်နည်း

ဘုရား၏ဆုံးမဩဝါဒဖြင့် မိမိကိုယ်ကိုဆုံးမ၍ ဒေါသကိုပယ်ဖျောက်သော်လည်း ဒေါသမပျောက်သေးလျှင် ကံကိုဆင်ခြင်၍လည်း ဒေါသကို ပယ်ဖျောက်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သစေ ပနဿ ဧဝံ အတ္တာနံ ဩဝဒတောပိ ပဋိဃံ
နေဝ ဝူပသမ္မတိ၊ အထာနေန အတ္တနော စ ပရဿ စ
ကမ္မဿ ကတာ ပစ္စဝေက္ခိတဗ္ဗာ။ ။ဟု မိန့်ဆို၏။

## ကံကိုဆင်ခြင်၍ ဒေါသကိုဖျောက်နည်း

"အမောင်-ရန်သူ၌ ဒေါသကို ပယ်လေလော့၊ အကယ်၍ ဒေါသကိုမပယ်လျှင် ဒေါသကြောင့်ဖြစ်သော ကံဆိုးသည် သင့်အားဖြစ်ရာ၏၊ ထိုကံဆိုးကား အကျိုးမဲ့ ပျက်စီးအောင် ပြုတတ်၏။ မဂ်, ဖိုလ်တို့ကို ရအောင်လည်း မပြုစွမ်းနိုင်၊ ဗြဟ္မာ, နတ်, လူတို့၏ စည်းစိမ်ချမ်းသာကိုလည်း ရအောင်မပြုတတ်၊ စင်စစ်သော်ကား ယခုဘဝ၌လည်း သင့်ကို ပျက်စီးအောင် ဖျက်ဆီး၍ နောင်ဘဝ၌လည်း အပါယ်ငရဲသို့သာ ရောက်စေ၏။ ထို့ကြောင့် ဒေါသကို ပယ်ဖျောက်လော့ " ဟု ဒေါသကြောင့် ဖြစ်သောကံကို ဆင်ခြင်၍ ဒေါသကိုပယ်ရာ၏။

ဤကား ကံကိုဆင်ခြင်၍ ဒေါသကို ပယ်ဖျောက်နည်းတည်း။

## အလောင်းတော်တို့၏ သည်းခံပုံကို ဆင်ခြင်၍ ဒေါသကို ပယ်နည်း

ကံကိုဆင်ခြင်၍ ဒေါသကိုပယ်သော်လည်း ဒေါသ မပျောက်သေးလျှင် အလောင်းတော်တို့၏ သည်းခံပုံကို ဆင်ခြင်၍လည်း ဒေါသကို ပယ်ဖျောက်ရာ၏။

## အလောင်းတော်မဟာသီလဝမင်း၏ သည်းခံပုံ

အလောင်းတော် မဟာသီလဝ မင်းကြီးသည် ဗာရာဏသီပြည်ကို အုပ်ချုပ်၍ မင်းလုပ်နေစဉ်၊ ကောသလမင်းသည် ဗာရာဏသီပြည်ကို သိမ်းပိုက်ရန် စစ်သည်ဗိုလ်ပါနှင့်တကွ စစ်ချီတက်ပြီးလျှင် ဗာရာဏသီပြည်ကိုဝိုင်း၍ ဤသို့ စစ်ရေးဆို၏။

"မင်းကြီး-မင်းကြီးသည် ဗာရာဏသီပြည်ကို အကျွန်ုပ်အားပေးမည်လော၊ သို့တည်းမဟုတ် စစ်ထိုးမည်လော" ဟု အရေးဆို၏။

ဤသို့ အရေးဆိုလာသော ကောသလမင်း၏ စစ်အင်အားကား မဟာသီလဝမင်းကြီး၏ စစ်အင်အားလောက် မကြီးချေ။

မဟာသီလဝမင်းကြီး၏ စစ်အင်အားကား ကောသလမင်း၏ စစ်အင်အားထက် အဆပေါင်းများစွာ သာလွန်၏။ ကောသလမင်းကို စစ်ခင်းမူ ကောသလမင်းနှင့်တကွ စစ်သည်ဗိုလ်ပါအပေါင်းကို တခဏခြင်းဖြင့် ချေမှုန်းဖျက်ဆီးနိုင်၏။

ထိုသို့ စစ်သည်အင်အား ကြီးမားငြားသော်သည်း စစ်ထိုးလိုသော ဆန္ဒ မရှိသည်ဖြစ်၍ သာကြည်စွာ တိုင်းပြည်ကို ကောသလမင်းအား အပ်နှင်းလိုက်၏။

ကောသလမင်းသည် ဗာရာဏသီပြည်ကြီးကို ဘေးမသီ, ရန်မခ အေးချမ်းစွာ ရရှိပါလျက် မဟာသီလဝမင်းကြီးအား ညှာတာမှုစိတ်မထားဘဲ မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါအပေါင်းတို့ကို ကြိုးတို့ဖြင့် ဖွဲ့ချည်တုတ်နှောင်လျက် ညှဉ်းပန်းနှိပ်စက်ခြင်းကို ပြု၏။

ထိုသို့ ညှဉ်းပန်းနှိပ်စက်ခြင်းကို ပြုသော်လည်း မဟာသီလဝမင်းကြီးသည် ရန်သူကောသလမင်းအား အမျက်မထား ရန်ငြိုးမဖွဲ့ သည်းခံလျက်သာနေ၏။

ကောသလမင်းသည် ထိုသို့ နှိပ်စက်၍ အားမရသေးဘဲ မှူးမတ်ဗိုလ်ပါအပေါင်းနှင့်တကွ မဟာသီလဝမင်းကြီးကို သုသာန်သို့ယူဆောင်ပြီးလျှင် သုသာန်၌ လည်ပင်းတိုင် မြှုပ်နှံ လောက်အောင် တွင်းတို့ကို တူး၍ ထိုတွင်းတို့၌ လည်ပင်းတိုင် မြုပ်အောင် မြှုပ်နှံလျက် အမျိုးမျိုးသော နှိပ်စက်ခြင်းတို့ဖြင့် ညှဉ်းဆဲနှိပ်စက်၏။

ထိုသို့ ရက်စက်ကြမ်းကြုတ်စွာ ညှဥ်းပန်း နှိပ်စက်သော်လည်း မဟာသီလဝမင်းကြီးသည် ကောသလမင်းအား အမျက်မထွက် သည်းခံလျက် သာနေ၏။

ဤကား အလောင်းတော် မဟာ သီလ ဝ မင်း ကြီး ဖြစ်စဥ်အခါ၌ ရန်သူမင်းအား သည်းခံလျက် နေပုံတည်း။

---

## အလောင်းတော် ခန္တိဝါဒီရသေ့ဖြစ်စဥ် သည်းခံပုံ

ဘုရားအလောင်းတော်သည် ခန္တိဝါဒီ ရသေ့ ဖြစ် စဥ် အခါ၌လည်း ရန်သူအား သည်းခံလျက်သာ နေခဲ့ဘူး၏။

---

## ခန္တိဝါဒီရသေ့၏ သည်းခံပုံ

ခန္တိဝါဒီ ရသေ့သည် ကလာဗုမင်း၏ ဥယျာဥ်သို့ လာ၍ ဥယျာဥ်အတွင်း၌ သီတင်းသုံးနေထိုင်စဥ် ကလာဗုမင်းသည် ဥယျာဥ်သို့ အလည် ရောက်လာ၍ ဥယျာဥ်အတွင်း၌ လှည့်လည်၍ကြည့်ရှုသောအခါ ခန္တိဝါဒီရသေ့ကိုမြင်သဖြင့် ဤသို့မေး၏၊ "သင်သည် အဘယ် ဝါဒ ရှိသနည်း" ဟု မေး၏။

"မင်းကြီး အကျွန်ုပ်သည် ခန္တိဝါဒရှိ၏"ဟု ဖြေ၏။

"ခန္တိဟူသည် အဘယ်သို့ သဘောရှိသနည်း"ဟု မေးပြန်၏။

"ခန္တိဟူသည် သည်းခံခြင်း သဘောရှိ၏"ဟု ဖြေ၏။

ထိုအခါ ကလာဗုမင်းသည် ရသေ့၌ ခန္တိတရား ရှိ, မရှိ သိရန်စုံစမ်းအံ့ဟု အကြံပြုပြီး ဆူးအပြည့်တပ်ထားသော ကြိမ်လုံးဖြင့် ကျောငါးရာ ရင်ငါးရာ နံဘေးနှစ်ဘက်တို့၌ ငါးရာစီ လူသတ် ယောကျ်ားကို ရိုက်ခိုင်း၏။

လူသတ်ယောကျ်ားသည် ကလာဗုမင်း စေခိုင်းသည့်အတိုင်း ရသေ့အား ရိုက်နှက်၏။

ဆူးတပ်သောကြိမ်လုံးဖြင့် ရိုက်နှက်ခြင်းကြောင့် ရသေ့၏ အပေါ်ရေ, အတွင်းရေ, အသားတို့သည် အစိပ်စိပ် အမွာမွာ စုတ်ပြတ်၍ ကြေမွကုန်၏၊ သွေးတို့သည်လည်း တကိုယ်လုံးမှ တဖြိုင်ဖြိုင်ယိုစီးလျက် ကျကုန်၏။

ထိုသို့ ရက်စက်စွာ ရိုက်ပုတ်သော်လည်း ရသေ့သည် ကလာဗုမင်းအား အမျက်မထွက် သည်းခံလျက်နေ၏။

ကလာဗုမင်းသည် ရသေ့ကို ရိုက်ပြီးသောအခါ "သင်သည် အဘယ်ဝါဒရှိသနည်း" ဟု မေးပြန်၏။

"မင်းကြီး ငါသည် ခန္တိဝါဒရှိ၏၊ မင်းကြီး သင်မင်းကြီးသည် ငါ၏ ခန္တိကို အရေကြား အသားကြား၌ ရှိ၏ဟုထင်မှတ်၏။ မင်းကြီး ငါ၏ ခန္တိကို သင်မင်းကြီးသည် မြင်ခြင်းငှါ မစွမ်းနိုင်၊ ငါ၏ခန္တီသည် စိတ်နှလုံး၌တည်၏" ဟု ဖြေ၏။

ထိုအခါ ကလာဗုမင်းသည် ရသေ့၏ ခြေဖျား,လက်ဖျားတို့ကို ဖြတ်ခိုင်းပြန်၏။

လူသတ်ယောကျ်ားသည်လည်း ရသေ့၏ ခြေဖျား, လက်ဖျား တို့ကို ဖြတ်ပြန်၏။

ခြေဖျား, လက်ဖျားတို့ကို ဖြတ်ခြင်းကြောင့် ရသေ့၏ ခြေဖျား, လက်ဖျားတို့မှ သွေးတို့သည် တသွင်သွင် စီးကျလျက် ရှိကုန်၏။

ထိုအခါ၌လည်း ရသေ့သည် ကလာဗုမင်း၌ အမျက်မထွက် သည်းခံလျက်နေ၏။

တဖန် ကလာဗုမင်းသည် "သင်သည် အဘယ်ဝါဒ ရှိသနည်း" ဟု မေးပြန်၏။

"မင်းကြီး ငါသည် ခန္တိဝါဒရှိ၏၊ မင်းကြီး သင်သည် ငါ၏ခန္တိကို ခြေဖျား, လက်ဖျားတို့၌ရှိ၏ဟု ထင်မှတ်၏။ မင်းကြီး ငါ၏ ခန္တီသည် ခြေဖျား, လက်ဖျားတို့၌ မတည်၊ နှလုံးအရပ်၌ သာလျှင် တည်၏" ဟု ဖြေ၏။

တဖန် ကလာဗုမင်းသည် ရသေ့၏ နှာခေါင်းဖျား, နားရွက်ဖျား တို့ကို ဖြတ်ခိုင်းပြန်၏။

လူသတ် ယောကျ်ားသည်လည်း နှာခေါင်းဖျား, နားရွက်ဖျားတို့ကို ဖြတ်ပြန်၏။

ရသေ့၏ နှာခေါင်းဖျား, နားရွက်ဖျားတို့မှလည်း သွေးတို့သည် မပြတ် စီးကျလျက် ရှိကုန်၏။

ထိုအခါ၌လည်း ရသေ့သည် ကလာဗုမင်း၌ အမျက်မထွက် သည်း ခံလျက်နေ၏။

တဖန်ကလာဗုမင်းသည် "သင်သည် အဘယ်ဝါဒရှိသနည်း"ဟု မေး ပြန်၏။

"မင်းကြီး ငါသည် ခန္တိဝါဒရှိ၏၊ သင်မင်းကြီးသည် ငါ၏ခန္တိကို နှာခေါင်းဖျား, နားရွက်ဖျားတို့၌ ရှိ၏ဟု ထင်မှတ်၏။ မင်းကြီး ငါ၏ ခန္တိသည် စိတ်နှလုံး၌သာလျှင် တည်၏"ဟု ဖြေ၏။

ထိုအခါ ကလာဗုမင်းသည် ခန္တိဝါဒီရသေ့၏ ရင်ဝကို ခြေဖြင့်ကန် ၍ အမျိုးမျိုး ညှဥ်းပန်းနှိပ်စက်ခြင်းဖြင့်နှိပ်စက်ပြီး ပြန်သွား၏။

ရသေ့သည် မင်း၏ နှိပ်စက်မှုကြောင့် အသက်၏ ကုန်ခြင်းသို့ ရောက် ရ၏။

ဤကား အလောင်းတော် ခန္တိဝါဒီရသေ့ ဖြစ်စဥ် အခါ၌ နှိပ်စက် သော မင်းအား အမျက်မထား သည်းခံလျက် နေပုံတည်း။

ထို့ပြင် အလောင်းတော် စူလဓမ္မပါလ, ဆဒ္ဒန်ဆင်မင်း, စမ္ပေယျ နဂါးမင်း စသည်တို့ဖြစ်သော ဘဝပေါင်း များစွာတို့၌လည်း ရန်သူတို့ အား အမျက်မထား သည်းခံလျက်သာလျှင် နေခဲ့ဘူး၏။

ဤသို့ အလောင်းတော်တို့၏ သည်းခံလျက်နေခဲ့ပုံကို ဆင်ခြင်ပြီးလျှင် မိမိ၏ဒေါသကို ပယ်ဖျောက်ရာ၏။

ဒေါသကို ပယ်ဖျောက်ရာ၌ မည်သည့်နည်းဖြင့် ပယ်ဖျောက်သည်ဖြစ် စေ၊ ဒေါသကင်းပျောက်လျှင် ၎င်းနည်းဖြင့် ပယ်ဖျောက်ရာ၏။

ယောဂီပုဂ္ဂိုလ်သည် ရန်သူ၌ ဒေါသကိုပယ်ဖျောက်၍ ဒေါသပျောက် ကင်းလေသော် ရန်သူ၌ မိမိ၏မေတ္တာကို ဆက်သွယ်ရာ၏။

ရန်သူ၌ မိမိ၏မေတ္တာကို ဆက်သွယ်နိုင်ရန် မိမိ၏မေတ္တာကို ပိယ စသော ပုဂ္ဂိုလ်တို့၌ ပြန်လည်ထူထောင်၍ ပိုင်နိုင်ခြင်း ရှိသော် သာလျှင် ရန်သူသို့ ဆက်သွယ်ခြင်းကို ပြုရာ၏။

ဤနည်းဖြင့်ဆက်သွယ်၍ ရန်သူ၌ မေတ္တာကို ဆက်သွယ်မိသော် ထို ဆက်သွယ်မိသော မေတ္တာကို ပိုင်နိုင်ခြင်းရှိအောင် အကြိမ်ကြိမ် ပွား၍ နေအပ်၏။

ရန်သူ၌ မေတ္တာကို အကြိမ်ကြိမ် ပွား၍ ပိုင်နိုင်ခြင်း ရှိလတ်သော် ထိုမေတ္တာကို အတ္တ, ပိယ, အတိပ္ပိယ, မဇ္ဈတ္တ, ဝေရီ, ပုဂ္ဂိုလ်တို့၌ ကွဲပြား ခြင်းမရှိ တူမျှစွာ ဖြစ်ခြင်းရှိအောင် တလှည့်စီ တလှည့်စီ လှည့်၍ ပွား များအပ်၏။

ထိုသို့ ပွားများ၍ မေတ္တာစိတ်သည် အတ္တ, ပိယ စသော ပုဂ္ဂိုလ်တို့၌ ကွဲပြားခြင်းမရှိ တူမျှစွာ ဖြစ်ခြင်းရှိလတ်သော် ထိုအခါ ယောဂီပုဂ္ဂိုလ် သည် မိမိ၏မေတ္တာစိတ်ကို "သီမာသမ္ဘေဒ" ဖြစ်အောင် ပြုအပ်သည် မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

အတ္တနိ စ တေသု စ တီသု ဇနေသု သမမေဝ၊
စိတ္တံ ပဝတ္တေတိ၊ ကတော ဟောတိ သီမာသမ္ဘေဒေါ။
ဟု မိန့်ဆို၏။

"သီမာသမ္ဘေဒ"ဟူသည် အတ္တ, ပိယ, စသော အလုံးစုံသော ပုဂ္ဂိုလ် တို့၌ မေတ္တာစိတ်၏ တူမျှစွာဖြစ်ခြင်းသည် "သီမာသမ္ဘေဒ"မည်၏။

အတ္တ,ပိယ,စသော ပုဂ္ဂိုလ်တို့၌ မေတ္တာစိတ်ကို တူမျှစွာဖြစ်အောင်ပြု၍ မေတ္တာစိတ်၏ တူမျှစွာ ဖြစ်ခြင်းရှိသော ပုဂ္ဂိုလ်သည် မေတ္တာစိတ်ကို ခွဲခြား၍ မေတ္တာစိတ်၏ ကွဲပြားစွာ ဖြစ်ခြင်းရှိသော ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ပို၍ ထူးမြတ်သော ပုဂ္ဂိုလ်မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သမံ ဖရတိ မေတ္တာယ၊ သဗ္ဗလောကံ သဒေဝကံ။
မဟာဝိသေသော ပုရိမေန၊ ယဿ သီမာ နဉာယတိ။
ဟု မိန့်ဆို၏။

# မေတ္တာ၏ နိမိတ်အာရုံ

အတ္တ, ပိယ, စသော ပုဂ္ဂိုလ်တို့၌ မေတ္တာစိတ်ကို တူမျှစွာပြု၍ မေတ္တာစိတ်သည် တူမျှစွာ ဖြစ်လတ်သော် ထိုမေတ္တာ ဘာဝနာသည် ဈာန်ဖြစ်ရန် နီးကပ်လျက် ဖြစ်ခြင်းကြောင့် ဥပစာရ ဘာဝနာမည်၏။

အာရုံသည်လည်း ဈာန်ကို ရစေနိုင်သော အာရုံ ဖြစ်ခြင်းကြောင့် နိမိတ်အာရုံမည်၏။

မေတ္တာစိတ်ကို အတ္တ, ပိယ, စသော ပုဂ္ဂိုလ်တို့၌ တူမျှစွာဖြစ်အောင် ပြု၍ မေတ္တာစိတ်၏ တူမျှစွာ ဖြစ်ခြင်းရှိသော ယောဂီ ပုဂ္ဂိုလ်သည် မေတ္တာ၏ ဥပစာရဘာဝနာကိုလည်းကောင်း၊ မေတ္တာ၏ နိမိတ်အာရုံကို လည်းကောင်း၊ ရသောပုဂ္ဂိုလ်မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌–

ဧဝံ သီမာသမ္ဘေဒသမကာလမေဝစ ဣမိနာ ဘိက္ခုနာ နိမိတ္တဉ္စ ဥပစာရဉ္စ လဒ္ဓံ ဟောတိ။ ။ ဟု မိန့်ဆို၏။

မေတ္တာ၏ နိမိတ်အာရုံကို ရလျက်ရှိသော ပုဂ္ဂိုလ်သည် ရအပ်ပြီးသော ထိုနိမိတ်အာရုံကိုအာရုံပြု၍ မေတ္တာကိုပွားသည်ရှိသော် မကြာမြင့်မီ ဆင်းရဲငြိုငြင်ခြင်းမရှိဘဲ ပဌမဈာန်သို့ ရောက်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌–

သီမာသမ္ဘေဒေ ပန ကတေ တမေဝနိမိတ္တံ အာသေဝန္တော ဘာဝေန္တော ဗဟုလီကရောန္တော အပ္ပကသိရေနေဝ ပထဝီကသိဏေ ဝုတ္တနယေနေဝ အပ္ပနံ ပါပုဏာတိ။ ။ဟု မိန့်ဆို၏။

မေတ္တာပဌမဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ပဌမဈာန်ကို ရကာမျှဖြင့် ရောင့်ရဲတင်းတိမ်၍ မနေအပ်၊ ဒုတိယဈာန် စသည်တို့ကိုလည်း ရအောင်ဆက်၍ ပွားများအားထုတ်အပ်၏။

မေတ္တာဒုတိယစျာန်စသည်တို့ကို ရခြင်းငှါ ဆက်၍ အားထုတ်ရာ၌ကား၊ တနည်းတဖုံပြောင်းလဲ၍ အားထုတ်ရသည်မဟုတ်၊ မေတ္တာပဌမစျာန်၌ ပွားများအားထုတ်အပ်သောနည်းအတိုင်း ရအပ်ပြီးသော မေတ္တာ၏ နိမိတ်အာရုံကို သာလျှင် အာရုံပြု၍ ပွားများအားထုတ်အပ်၏။

ဒုတိယစျာန် စသည်တို့ကို ရလို၍ ဆက်ပြီး မေတ္တာကိုပွားများသော ယောဂီပုဂ္ဂိုလ်သည် ဒုတိယစျာန်စသည်တို့၌ ရလိုသောစိတ်ကို ရှေ့သွားပြု၍ပွားများရာ၏။

ဒုတိယစျာန် စသည်တို့ကို ရလိုသောစိတ်ဖြင့် ဆက်ပြီး မေတ္တာဘာဝနာကို ပွားများ အားထုတ်လျှင် အစဉ်အတိုင်း စတုက္ကနည်း၌ ဒုတိယစျာန်,တတိယစျာန်တို့သို့ ရောက်ရာ၏။

ပဉ္စကနည်း၌ ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်တို့သို့ ရောက်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

အဓိဂတေစ တသ္မိံ တဒေဝနိမိတ္တံ အာသေဝေန္တော ဘာဝေန္တော ဗဟုလီကရောန္တော အနုပုဗ္ဗေန စတုက္ကနယေ ဒုတိယတတိယဇ္ဈာနာနိ၊ ပဉ္စကနယေ ဒုတိယတတိယစတုတ္ထဇ္ဈာနာနိစ ပါပုဏာတိ။ ။ ဟု မိန့်ဆို၏။

## ၅၂၈-သွယ် မေတ္တာ

စျာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် ရအပ်ပြီးသောစျာန်ကို ကစား၍, စျာန်၏အရသာကိုခံစား၍, စျာန်၏ကွန့်မြူး စမွယ်ခြင်းဖြင့် ကွန့်မြူး စမွယ်၍, နေလိုသော် ၅၂၈-သွယ်သော မေတ္တာတို့ကို ပွား၍, စျာန်၏ အရသာကိုခံစား၍, စျာန်၏ ကွန့်မြူးစမွယ်ခြင်းဖြင့် ကွန့်မြူး စမွယ်၍ နေရာ၏။

၅၂၈-သွယ်သော မေတ္တာကိုပွား၍ ဈာန်ကို ကစားနိုင်သော ပုဂ္ဂိုလ် သည်ကား ဈာန်ကိုရပြီးသော "ဈာနလာဘီ" ပုဂ္ဂိုလ်သည် သာလျှင် မေတ္တာကိုပွား၍ ဈာန်ကိုကစားနိုင်သည်။ ဈာန်မရသော ပုဂ္ဂိုလ်ကား ဈာန်ကိုမကစားနိုင်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ပဉ္စမဇ္ဈာနာဒိဝသေန အပ္ပနာပတ္တစိတ္တဿေဝ ဟိ
အယံ ဝိကုဗ္ဗနာ သမ္ပဇ္ဇတိ။ ။ဟု မိန့်ဆို၏။

## ၅၂၈-သွယ်မေတ္တာကား

| | |
|---|---|
| အနောဓိသောဖရဏာ မေတ္တာ | ၂၀ |
| ဩဓိသောဖရဏာ မေတ္တာ | ၂၈ |
| ဒိသာဖရဏာ မေတ္တာ | ၄၈၀ |

ပေါင်း ၅၂၈-သွယ် မေတ္တာဖြစ်၏။

## အနောဓိသောဖရဏာ မေတ္တာ(၂၀)

အနောဓိသော ဖရဏာမေတ္တာ ( ၂၀ ) ဟူသည်ကား။ ။ပိုင်းခြားခြင်းကို မပြုမူ၍ မေတ္တာပွားအပ်သော အနောဓိပုဂ္ဂိုလ်(၅)မျိုးတို့တွင် တမျိုးမျိုးသော ပုဂ္ဂိုလ်၌ မေတ္တာ(၄)ပါးစီ,(၄)ပါးစီဖြစ်ခြင်းကြောင့် အနောဓိပုဂ္ဂိုလ်(၅)မျိုးတို့၌ဖြစ်သော မေတ္တာ ( ၂၀ ) သည် အနောဓိသောဖရဏာ မေတ္တာ(၂၀)မည်၏။

## အနောဓိပုဂ္ဂိုလ်(၅)မျိုး

| | | | | |
|---|---|---|---|---|
| ၁။ | ။သတ္တ | ပုဂ္ဂိုလ် | ၁ | မျိုး |
| ၂။ | ။ပါဏ | ။ | ၁ | မျိုး |
| ၃။ | ။ဘူတ | ။ | ၁ | မျိုး |
| ၄။ | ။ပုဂ္ဂလ | ။ | ၁ | မျိုး |
| ၅။ | ။အတ္တဘာဝပရိယာပန္န | ။ | ၁ | မျိုး |

ဤကား အနောဓိပုဂ္ဂိုလ်(၅)မျိုးတည်း။

ၚင်းပုဂ္ဂိုလ်တို့ကို အနောဓိပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကား။ ။မေတ္တာကို ပွားရာ၌ ပိုင်းခြားခြင်းကို မပြုမူ၍, အားလုံး သိမ်းကျုံး၍ မေတ္တာပွားအပ်သော ပုဂ္ဂိုလ်တို့ ဖြစ်ခြင်းကြောင့်၊ ၚင်း ပုဂ္ဂိုလ်တို့သည် အနောဓိပုဂ္ဂိုလ်တို့ မည်ကုန်၏။

## မေတ္တာ (၄) ပါး

### မေတ္တာ(၄)ပါး ဟူသည်ကား

| | | | | |
|---|---|---|---|---|
| ၁။ | ။အဝေရာ ဟောန္တု | မေတ္တာ | ၁ | ပါး |
| ၂။ | ။အဗျာပဇ္ဇာ ဟောန္တု | ။ | ၁ | ပါး |
| ၃။ | ။အနီဃာ ဟောန္တု | ။ | ၁ | ပါး |
| ၄။ | ။သုခီအတ္တာနံ ပရိဟရန္တု | ။ | ၁ | ပါး |

ဤကား မေတ္တာ(၄)ပါးတည်း။

ၚင်းမေတ္တာ ( ၄ ) ပါးဖြင့် သတ္တဝါသောပုဂ္ဂိုလ်တို့၌ အသီး-အသီး မေတ္တာကို ပွားရသောကြောင့်၊ ထိုပုဂ္ဂိုလ်တို့၌ မေတ္တာ (၄) ပါး ဖြင့် အသီး-အသီး မေတ္တာပွားပုံကို ပြဆိုအံ့။

### သတ္တဝါ၌ မေတ္တာ(၄)ပါးပွားပုံ

သဗ္ဗေသတ္တာ အဝေရာ ဟောန္တု,
အဗျာပဇ္ဇာ ဟောန္တု,
အနီဃာ ဟောန္တု,
သုခီအတ္တာနံ ပရိဟရန္တု,

ဤကား သတ္တမည်သော ပုဂ္ဂိုလ်၌ ( ၄ ) ပါးသော မေတ္တာဖြင့် မေတ္တာပွားပုံတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အဗျာပဇ္ဇာ၊ စိတ်နှလုံးပူပန်မှု မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အနီဃာ၊ ဆင်းရဲခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သုခီ၊ချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍။ အတ္တာနံ၊မိမိတို့၏ကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

ဤကား မေတ္တာပို့၏ အနက်တည်း။

မေတ္တာ (၄) ပါး ဖြင့် သတ္တမည်သော ပုဂ္ဂိုလ်၌ မေတ္တာပွားအပ်သောနည်းကဲ့သို့ ပါဏ, ဘူတ, ပုဂ္ဂလ, အတ္တဘာဝပရိယာပန္န,မည်သော ပုဂ္ဂိုလ်တို့၌လည်း မေတ္တာ(၄)ပါးဖြင့် အသီး-အသီး မေတ္တာပွားခြင်းကို ပြုရာ၏။

ပါဏစသည်တို့၌ မေတ္တာပွားသောအခါ သတ္တဝါရှိသမျှ အလုံးစုံကို အာရုံပြု၍ သဗ္ဗေပါဏာ, သဗ္ဗေဘူတာ, သဗ္ဗေပုဂ္ဂလာ, သဗ္ဗေအတ္တဘာဝပရိယာပန္နာဟုဆို၍ ပွားရာ၏။

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ ပါဏာ၊ထွက်သက်,ဝင်သက်ရှိကြကုန်သော သတ္တဝါတို့သည်။(ဤင်းနောက်၌ မေတ္တာ ၄-ပါးကိုထည့်ဆို။)

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ ဘူတာ၊ ကံကိလေသာကြောင့် ထင်ရှားစွာ ဖြစ်ကြကုန်သော သတ္တဝါတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပုဂ္ဂလာ၊ အပါယ်ငရဲသို့ကျခြင်း မကင်းကြကုန်သော သတ္တဝါတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အတ္တဘာဝပရိယာပန္နာ၊ ခန္ဓာကိုယ် အတ္တဘော၌အကျုံးဝင်ခြင်း ရှိကြကုန်သော သတ္တဝါတို့သည်။

ဤကား အနက်တည်း။

ဤသို့ အနောဓိပုဂ္ဂိုလ်(၅)မျိုးတို့၌ မေတ္တာ(၄)ပါးဖြင့် အသီး-အသီး ပွားအပ်သောကြောင့် "အနောဓိသောဖရဏ" မေတ္တာသည် ၂၀-ဖြစ်၏။

ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

ဧတ္ထစ သဗ္ဗေသတ္တာ အဝေရာဟောန္တူတိ အဃမေကာ အပ္ပနာ။

အဗျာပဇ္ဇာဟောန္တူတိ အဃမေကာ အပ္ပနာ။

အနီဃာဟောန္တူတိ အဃမေကာ အပ္ပနာ။

သုခီအတ္တာနံ ပရိဟရန္တူတိ အဃမေကာ အပ္ပနာ။

တသ္မာ ဣမေသုပိ ပဒေသု ယံယံ ပါကဋံ ဟောတိ၊ တဿတဿဝသေန မေတ္တာဖရိတဗ္ဗာ။

ဣတိ ပဉ္စသု အာကာရေသု စတုန္နံ အပ္ပနာနံ ဝသေန အနောဓိသော ဖရဏာ ဝီသတိ အပ္ပနာ ဟောန္တိ။ ။

ဟု မိန့်ဆို၏။

ဤကား အနောဓိသောဖရဏာ မေတ္တာ(၂၀)ကို ပြဆိုချက်တည်း။

## ဩဒိသောဖရဏာ မေတ္တာ (၂၈) ပါး

ဩဒိသောဖရဏာ မေတ္တာ ( ၂၈ ) ပါးဟူသည်ကား။ ။ပိုင်းခြား၍ မေတ္တာပွားအပ်သော ဩဒိပုဂ္ဂိုလ် (၇) မျိုးတို့တွင် တမျိုး,တမျိုးသော ပုဂ္ဂိုလ်၌ မေတ္တာ (၄) ပါးစီ (၄) ပါးစီ ဖြစ်ခြင်းကြောင့် ဩဒိပုဂ္ဂိုလ် (၇)မျိုးတို့၌ မေတ္တာသည်(၂၈)ပါးဖြစ်၏။

### ဩဒိပုဂ္ဂိုလ်(၇)မျိုး

| | | | |
|---|---|---|---|
| ၁။ | ။ဣတ္ထိ | ၁ | မျိုး |
| ၂။ | ။ပုရိသ | ၁ | မျိုး |
| ၃။ | ။အရိယ | ၁ | မျိုး |
| ၄။ | ။အနရိယ | ၁ | မျိုး |
| ၅။ | ။ဒေဝ | ၁ | မျိုး |
| ၆။ | ။မနုဿ | ၁ | မျိုး |
| ၇။ | ။ဝိနိပါတိက | ၁ | မျိုး |

ဤကား ဩဒိပုဂ္ဂိုလ် (၇)မျိုးတည်း။

၎င်းပုဂ္ဂိုလ်တို့ကို သြဓိပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကား။ ။မေတ္တာကိုပွားရာ၌ မိန်းမ,ယောကျ်ား စသည်ဖြင့် ပုဂ္ဂိုလ်တို့ကို ပိုင်းခြား၍ မေတ္တာကိုပွားအပ်သောကြောင့်၊ ထို (၇) မျိုးသော ပုဂ္ဂိုလ်တို့သည် သြဓိပုဂ္ဂိုလ်တို့မည်ကုန်၏။

မေတ္တာ(၄)ပါးကိုကား ရှေ့၌ပြဆိုအပ်ပြီးသောအတိုင်း မှတ်အပ်၏။

၎င်းမေတ္တာ(၄)ပါးဖြင့် ဣတ္ထိစသော ပုဂ္ဂိုလ်(၇)မျိုးတို့၌ အသီး-အသီး မေတ္တာကိုပွားအပ်သောကြောင့်၊ ထိုသြဓိပုဂ္ဂိုလ် (၇) မျိုးတို့၌ မေတ္တာ(၄)ပါးဖြင့် မေတ္တာပွားပုံကို ပြဆိုအံ့။

## ဣတ္ထိ၌မေတ္တာ(၄)ပါးပွားပုံ

၁။ ။သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု

၂။ ။အဗျာပဇ္ဇာ ဟောန္တု

၃။ ။အနီဃာ ဟောန္တု

၄။ ။သုခီအတ္တာနံ ပရိဟရန္တု

ဤကား ဣတ္ထိ၌ မေတ္တာ(၄)ပါးပွားပုံတည်း။

သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ အဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ စိတ်နှလုံး ပူပန်ခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အနီဃာ၊ ဆင်းရဲခြင်းမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သုခီ၊ချမ်းသာခြင်းရှိကြကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိတို့၏ကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

ဤကား မေတ္တာပို့၏ အနက်တည်း။

မေတ္တာ ( ၄ ) ပါးဖြင့် ဣတ္ထိ၌ ပွားအပ်သောနည်းကဲ့သို့ ပုရိသ, အရိယ,အနရိယ,ဒေဝ,မနုဿ,ဝိနိပါတိက,တို့၌လည်း မေတ္တာ(၄)ပါးဖြင့် အသီး-အသီး မေတ္တာကို ပွားအပ်၏။

ပုရိသစသည်တို့၌ မေတ္တာပွားသောအခါ သဗ္ဗေပုရိသာ, သဗ္ဗေအရိယာ,သဗ္ဗေအနရိယာ, သဗ္ဗေဒေဝါ, သဗ္ဗေမနုဿာ, သဗ္ဗေဝိနိပါတိကာဟု ဆို၍ ပွားရာ၏။

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ ပုရိသာ၊ယောကျ်ားတို့သည်။(၎င်းနောက် မေတ္တာ ၄-ပါးကိုဆို။)

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ အနရိယာ၊ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ ဒေဝါ၊နတ်တို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မနုဿာ၊လူတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဝိနိပါတိကာ၊ ပျက်စီး၍ ကျရောက်ခြင်း ရှိကုန်သော သတ္တဝါတို့သည်။

ဤကား အနက်တည်း။

ဤသို့သြဓိပုဂ္ဂိုလ် (၇) မျိုးတို့၌ မေတ္တာ (၄) ပါးဖြင့် အသီး-အသီး ပွားအပ်သောကြောင့် " သြဓိသောဖရဏ " မေတ္တာသည် (၂၈) ပါး ဖြစ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သြဓိသောဖရဏေ ပန သတ္တသု အာကာရေသု
စတုန္နံ ဝသေန အဋ္ဌဝီသတိ။ ။ဟု မိန့်ဆို၏။

ဤကား သြဓိသောဖရဏ မေတ္တာ (၂၈) ပါးကို ပြဆိုချက်တည်း။

## ဒိသာဖရဏမေတ္တာ (၄၈၀)

ဒိသာဖရဏမေတ္တာ(၄၈၀)ဟူသည်ကား။ ။အနောဓိသော ဖရဏ မေတ္တာ(၂၀)ကိုင်း, သြဓိသောဖရဏ မေတ္တာ(၂၈)ပါးကိုင်း, အရပ် (၁၀)မျက်နှာတို့ဖြင့် ပိုင်းခြား၍ အသီး-အသီး မေတ္တာပွားအပ်သော ကြောင့် အရပ် (၁၀) မျက်နှာ တို့၌ အနောဓိသောဖရဏ မေတ္တာ၏

အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏာ မေတ္တာ(၂၀၀)၊ ကြွင်းသော ဖရဏာ မေတ္တာ၏ အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏာ မေတ္တာ (၂၈၀)ဖြစ်၍ ဒိသာဖရဏာမေတ္တာသည် (၄၈၀) ဖြစ်လေသည်။

## အရပ် (၁၀) မျက်နှာ

| | | |
|---|---|---|
| ၁။ | ။ပုရတ္ထိမာဒိသာ | အရှေ့အရပ် |
| ၂။ | ။ပစ္ဆိမာဒိသာ | အနောက်အရပ် |
| ၃။ | ။ဥတ္တရာဒိသာ | မြောက်အရပ် |
| ၄။ | ။ဒက္ခိဏာဒိသာ | တောင်အရပ် |
| ၅။ | ။ပုရတ္ထိမာအနုဒိသာ | အရှေ့တောင်ထောင့်အရပ် |
| ၆။ | ။ပစ္ဆိမာအနုဒိသာ | အနောက်မြောက်ထောင့်အရပ် |
| ၇။ | ။ဥတ္တရာအနုဒိသာ | အရှေ့မြောက်ထောင့်အရပ် |
| ၈။ | ။ဒက္ခိဏာအနုဒိသာ | အနောက်တောင်ထောင့်အရပ် |
| ၉။ | ။ဟေဋ္ဌိမာဒိသာ | အောက်အရပ် |
| ၁၀။ | ။ဥပရိမာဒိသာ | အထက်အရပ် |

ဤကား အရပ်(၁၀)မျက်နှာတို့တည်း။

## အရှေ့အရပ်၌ အနောဓိသောဖရဏာမေတ္တာ (၂၀) ပွားပုံ

ပုရတ္ထိမာယဒိသာယ သဗ္ဗေသတ္တာ၊ အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊ (သတ္တာ၌ မေတ္တာ ၄-ပါး။)

ပုရတ္ထိမာယဒိသာယ သဗ္ဗေပါဏာ၊အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊ (ပါဏာ၌ မေတ္တာ ၄-ပါး)

ပုရတ္ထိမာယဒိသာယ သဗ္ဗေဘူတာ၊ အဝေရာဟောန္တု အဗျာ ပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊ (ဘူတ၌ မေတ္တာ ၄-ပါး)

ပုရတ္ထိမာယဒိသာယ သဗ္ဗေပုဂ္ဂလာ၊ အဝေရာဟောန္တု အဗျာ ပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊ (ပုဂ္ဂလ၌ မေတ္တာ ၄-ပါး။)

ပုရတ္ထိမာယဒိသာယ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ အဝေရာ ဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊ (အတ္တဘာဝပရိယာပန္န၌ မေတ္တာ ၄-ပါး။)

ဤကား အရှေ့အရပ်၌ အနောဓိသောဖရဏ မေတ္တာ (၂၀) ပွား ပုံတည်း။

ပုရတ္ထိမာယဒိသာယ၊ အရှေ့အရပ်၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ စိတ်နှလုံးပူပန်ခြင်း မရှိကြကုန် သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ၊ ဆင်းရဲခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခီ၊ ချမ်းသာ ခြင်း ရှိကြကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိတို့၏ကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

သဗ္ဗေပါဏာစသည်တို့၌လည်း၊ ၎င်းအတိုင်း မေတ္တာ (၄) ပါးနှင့် တွဲ၍ အနက်ကို ဆိုရာ၏။

အနောက်အရပ် စသည်တို့၌လည်း အရှေ့အရပ်၌ ပွားအပ်သော နည်းအတိုင်း အနောဓိသောဖရဏမေတ္တာ (၂၀) ကို အသီး-အသီး ပွားရာ၏။

အနောက်အရပ် စသည်တို့၌ ပွားသောအခါ ပစ္ဆိမာယဒိသာယ, ဥတ္တရာယဒိသာယ, ဒက္ခိဏာယဒိသာယ, ပုရတ္ထိမာယအနုဒိသာယ, ပစ္ဆိမာယအနုဒိသာယ, ဥတ္တရာယအနုဒိသာယ, ဒက္ခိဏာယအနုဒိသာယ, ဟေဋ္ဌိမာယဒိသာယ,ဥပရိမာယဒိသာယဟုဆို၍ မေတ္တာကိုပွားရာ၏။ ဤ မျှသာထူး၏။

ပစ္ဆိမာယဒိသာယ၊ အနောက်အရပ်၌။
ဥတ္တရာယဒိသာယ၊ မြောက်အရပ်၌။
ဒက္ခိဏာယဒိသာယ၊ တောင်အရပ်၌။
ပုရတ္ထိမာယအနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌။
ပစ္ဆိမာယအနုဒိသာယ၊ အနောက်မြောက်ထောင့် အရပ်၌။
ဥတ္တရာယအနုဒိသာယ၊ အရှေ့မြောက်ထောင့် အရပ်၌။
ဒက္ခိဏာယအနုဒိသာယ၊ အနောက်တောင်ထောင့် အရပ်၌။
ဟေဋ္ဌိမာယဒိသာယ၊ အောက်အရပ်၌။
ဥပရိမာယဒိသာယ၊ အထက်အရပ်၌။

ဤကားအနက်တည်း။

ဤသို့ အနောဓိသောဖရဏမေတ္တာ (၂၀) ကို အရပ်(၁၀)မျက်နှာတို့၌ အသီးသီး ပွားအပ်သည်ရှိသော်၊ အရပ် ( ၁၀ ) မျက်နှာတို့၌ အနောဓိသောဖရဏမေတ္တာ၏ အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏမေတ္တာသည်(၂၀၀)ဖြစ်၏။

ဤကား အနောဓိသောဖရဏမေတ္တာ၏ အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏမေတ္တာ(၂၀၀)ကို ပြဆိုချက်တည်း။

---

## အရှေ့အရပ်၌ဩဓိသောဖရဏမေတ္တာ (၂၈)ပါးပွားပုံ

ပုရတ္ထိမာယဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊ (ဣတ္ထိ၌ မေတ္တာ ၄-ပါး။)

ပုရတ္ထိမာယဒိသာယ သဗ္ဗေ ပုရိသာ၊ (ရှေ့အတိုင်း ထည့်) (ပုရိသ၌ မေတ္တာ ၄-ပါး။)

ပုရတ္ထိမာယဒိသာယ သဗ္ဗေ အရိယာ၊ (ရှေ့အတိုင်းထည့်) (အရိယ၌ မေတ္တာ ၄-ပါး)

ပုရတ္ထိမာယဒိသာယ သဗ္ဗေ အနုရိယာ၊ (ရှေ့အတိုင်းထည့်) (အနုရိယ၌ မေတ္တာ ၄-ပါး)

ပုရတ္ထိမာယဒိသာယ သဗ္ဗေ ဒေဝါ၊ ( ရှေ့အတိုင်းထည့် ) (ဒေဝ၌ မေတ္တာ ၄-ပါး)

ပုရတ္ထိမာယဒိသာယ သဗ္ဗေမနုဿာ၊ ( ရှေ့အတိုင်း ထည့် ) (မနုဿ၌ မေတ္တာ ၄-ပါး)

ပုရတ္ထိမာယဒိသာယ သဗ္ဗေ ဝိနိပါတိကာ၊(ရှေ့အတိုင်းထည့်) (ဝိနိပါတိက၌ မေတ္တာ ၄-ပါး)

ဤကား အရှေ့အရပ်၌ ဩဓိသော ဖရဏာမေတ္တာ ( ၂၈ ) ပါး ပွားပုံတည်း။

အနောက်အရပ် စသည်တို့၌လည်း၊ ၎င်းနည်းအတိုင်း ဩဓိသော ဖရဏာမေတ္တာ(၂၈)ပါးကို အသီးသီး ပွားရာ၏။

ဤသို့ ဩဓိသောဖရဏာမေတ္တာ(၂၈) ပါးကို အရပ် (၁၀)မျက်နှာ တို့၌ အသီးသီးပွားအပ်သည်ရှိသော်၊ အရပ် (၁၀) မျက်နှာတို့၌ ဩဓိ သောဖရဏာမေတ္တာ၏ အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏာ မေတ္တာသည်(၂၈၀)ဖြစ်၏။

ဤကား အရပ် ( ၁၀ ) မျက်နှာတို့၌ ဩဓိသောဖရဏာမေတ္တာ၏ အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏာမေတ္တာ ( ၂၈၀ ) ကို ပြဆို ချက်တည်း။

အရပ် (၁၀) မျက်နှာတို့၌ ပွားအပ်သော အနောဓိသောဖရဏာ မေတ္တာ၏ အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏာမေတ္တာ (၂၀၀)၊ ဩဓိသောဖရဏာမေတ္တာ၏ အစွမ်းအားဖြင့် ရအပ်သော ဒိသာဖရဏာ မေတ္တာ(၂၈၀)၊၎င်းတို့ကိုပေါင်းသော် ဒိသာဖရဏာမေတ္တာသည် (၄၈၀) ဖြစ်လေ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဒိသာဖရဏေ ပန သဗ္ဗေ ပုရတ္ထိမာယဒိသာယ သတ္တာတိအာဒိနာ နယေန ဧကမေကိဿာ ဒိသာယ ဝီသတိဝီသတိ ကတွာ ဒ္ဝေသတာနိ၊

သဗ္ဗာ ပုရတ္ထိမာယဒိသာယ ဣတ္ထိယောတိအာဒိနာ နယေန ဧကမေကိဿာ ဒိသာယ အဋ္ဌဝီသတိအဋ္ဌဝီသတိ ကတွာ အသီတိဒ္ဝေသတာနီတိ စတ္တာရိသတာနိ အသီတိစအပ္ပနာ။ ။ဟု မိန့်ဆို၏။

ဤကား ဒိသာဖရဏမေတ္တာ (၄၈၀) ကို ပြဆိုချက်တည်း။

ပြဆိုအပ်ပြီးသောမေတ္တာပွားနည်းဖြင့် ရအပ်သောမေတ္တာတို့ကား—

| | |
|---|---|
| အနောဓိသောဖရဏမေတ္တာ | ၂၀ |
| ဩဓိသောဖရဏမေတ္တာ | ၂၈ |
| ဒိသာဖရဏမေတ္တာ | ၄၈၀ |

၎င်းတို့ကို ပေါင်းသော်(၅၂၈)သွယ် မေတ္တာဖြစ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဣတိသဗ္ဗာနိပိ ပဋိသမ္ဘိဒါယံ ဝုတ္တာနိ အဋ္ဌဝီသာဓိကာနိ ပဉ္စအပ္ပနာသတာနိ။ ။ဟု မိန့်ဆို၏။

ဤကား(၅၂၈)သွယ်သောမေတ္တာတို့ကို ပြဆိုချက်တည်း။

ဈာနလာဘီပုဂ္ဂိုလ်သည်(၅၂၈)သွယ်သော မေတ္တာတို့ကို ပြဆိုအပ်ပြီးသော မေတ္တာပွားနည်းအစဉ်ဖြင့် မေတ္တာပွား၍ ဈာန်၏ ကွန့်မြူး စမွယ်ခြင်းဖြင့် ကွန့်မြူးစမွယ်၍ နေရာ၏။

ဈာန်မရသော ပုဂ္ဂိုလ်တို့သည်ကား ၅၂၈-သွယ်သော မေတ္တာတို့ကို ပြဆိုအပ်ပြီးသော မေတ္တာပွားနည်းဖြင့် မေတ္တာပွား၍ နေကြကုန်သည် ရှိသော် ကြီးမြတ်သော မေတ္တာကုသိုလ်တို့ကို ရကုန်ရာ၏။

## ရှေးဆရာတော်ကြီးများ၏ သင်ပြနည်း

ဤ (၅၂၈) သွယ်သော မေတ္တာတို့၏ ပွားနည်းကို ရှေးဆရာတော်ကြီးများသည် မိမိတို့၏ တပည့်တို့အား သင်ပြသောအခါ အကျဉ်းချုံး၍ သင်ပြတော်မူကြသည်။

### ရှေးဆရာတော်ကြီးများ၏ သင်ပြနည်း

သဗ္ဗေသတ္တာ သဗ္ဗေပါဏာ သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊

သဗ္ဗာဣတ္ထိယော သဗ္ဗေပုရိသာ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ သဗ္ဗေဝေဒေါ သဗ္ဗေမနုဿာ သဗ္ဗေဝိနိပါတိကာ၊

အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊

ပုရတ္ထိမာယဒိသာယ ပစ္ဆိမာယဒိသာယ ဥတ္တရာယဒိသာယ ဒက္ခိဏာယဒိသာယ ပုရတ္ထိမာယအနုဒိသာယ ပစ္ဆိမာယအနုဒိသာယ ဥတ္တရာယအနုဒိသာယ ဒက္ခိဏာယအနုဒိသာယ ဟေဋ္ဌိမာယဒိသာယ ဥပရိမာယဒိသာယ၊

သဗ္ဗေသတ္တာ သဗ္ဗေပါဏာ သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊

သဗ္ဗာဣတ္ထိယော သဗ္ဗေပုရိသာ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ သဗ္ဗေဝိနိပါတိကာ၊

အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ဤကား ရှေးဆရာတော်ကြီးများ၏ တပည့်တို့အား သင်ပြသောနည်းတည်း၊အနက်ကို ရှေးကပြဆိုအပ်ပြီးသည့်အတိုင်း မှတ်အပ်၏။

ဤသင်ပြနည်း၌ ပုဂ္ဂိုလ်(၁၂)ယောက်ကို မေတ္တာ (၄) ပါးဖြင့် ပွား၍ အနောဓိသောဖရဏမေတ္တာ,ဩဓိသောဖရဏမေတ္တာ(၄၈)ပါးကို

ပေါင်း၍ပြပြီးနောက် အရပ်(၁၀)မျက်နှာတို့၌ ပုဂ္ဂိုလ်(၁၂)ယောက်ကို မေတ္တာ(၄)ပါးဖြင့်ပွား၍ ဒိသာဖရဏမေတ္တာ(၄၈၀)ကိုပြဆိုသည်။

ရှင်းသင်ပြနည်းအရ ပုဂ္ဂိုလ် (၁၂)ယောက်ကို မေတ္တာ (၄) ပါးဖြင့် မြှောက်သော်၊ အနောဓိသောဖရဏမေတ္တာ, ဩဓိသောဖရဏမေတ္တာ (၄၈)ပါးရ၏။ ထို့နောက် အရပ်(၁၀) မျက်နှာကို ပုဂ္ဂိုလ်(၁၂) ယောက်နှင့်မြှောက်သော် (၁၂၀) ရ၏။ ၎င်းကို မေတ္တာ (၄) ပါးဖြင့် ထပ်၍မြှောက်ပြန်သော်၊ ဒိသာဖရဏမေတ္တာ (၄၈၀) ရ၏။ (၄၈) နှင့် (၄၈၀)ကိုပေါင်းသော် (၅၂၈) သွယ် မေတ္တာဖြစ်၏။

ဤကား ရှေးဆရာတော်ကြီးများ သင်ပြသော (၅၂၈) သွယ် မေတ္တာတည်း။

## မေတ္တာ၏အကျိုး

မေတ္တာယ ခေါ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ။

ကတမေ ဧကာဒသ။ ။သုခံ သုပတိ၊သုခံ ပဋိဗုဇ္ဈတိ၊ နပါပကံ သုပိနံ ပဿတိ၊မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏော ပသီဒတိ၊အသမ္မူဠှော ကာလင်္ကရောတိ၊ ဥတ္တရိမပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဣမေဧကာဒသာနိသံသာ ပါဋိကင်္ခါ။

ဤသို့ အင်္ဂုတ္တရပါဠိတော် ကောဒသကနိပါတ် အနုဿတိဝဂ် မေတ္တာ သုတ်၌ ဘုရားဟောတော်မူခြင်းကြောင့်။

၁။ ။ချမ်းသာစွာ အိပ်ရခြင်းတည်းဟူသော အကျိုးကို ရ၏။

**ချမ်းသာစွာ အိပ်ရခြင်း ဟူသည်**။ ။လူးလိမ့် ငြီးတွားခြင်း မရှိဘဲ သမာပတ်ဝင်စား၍နေသော ပုဂ္ဂိုလ်ကဲ့သို့ ငြိမ်သက်စွာ အိပ်ရခြင်းသည် ချမ်းသာစွာ အိပ်ရခြင်းမည်၏။

၂။ ။ချမ်းသာစွာ နိုးရခြင်းတည်းဟူသော အကျိုးကိုလည်းရ၏။

**ချမ်းသာစွာနိုးရခြင်းဟူသည်**။ ။ငြီးတွားခြင်း, ကိုယ်လက်လိမ်ကျစ်ခြင်း, ခြေဆန့်လက်ဆန့်ပြုခြင်း, စသည်မရှိမူ၍ ပဒုမ္မာ ကြာငုံသည် နေအာရုံနှင့် တွေ့သောအခါ အလိုလို ပွင့်သကဲ့သို့ ငြိမ်သက်လျက် အလိုလို နိုးခြင်းသည် ချမ်းသာစွာနိုးရခြင်းမည်၏။

၃။ ။မကောင်းသော အိပ်မက်ကို မမက်မူ၍ ကောင်းသော အိပ်မက်ကို မြင်မက်ခြင်း တည်းဟူသော အကျိုးကိုလည်း ရ၏။

**မကောင်းသောအိပ်မက်ဟူသည်**။ ။မိမိကို သူခိုးဒါးပြတို့လိုက်ခြင်း သားရဲဘီလူးတို့ နှိပ်စက်ခြင်း, ချောက်ကမ်းပါးသို့ ကျခြင်းစသော ကြောက်မက်ဘွယ်သော အိပ်မက်ကို မြင်မက်ခြင်းသည် မကောင်းသော အိပ်မက်မည်၏။

**ကောင်းသောအိပ်မက်ဟူသည်ကား**။ ။ဘုရားကို ဖူးရခြင်း,တရားကိုနာရခြင်း, ချစ်သောသူတို့နှင့် တွေ့ဆုံရခြင်း,စသော မင်္ဂလာရှိသော အိပ်မက်ဟူသမျှသည် ကောင်းသောအိပ်မက်မည်၏။

၄။ ။လူအပေါင်းတို့ ချစ်မြတ်နိုးခြင်း တည်းဟူသော အကျိုးကို လည်းရ၏။

**လူအပေါင်းတို့ ချစ်မြတ်နိုးပုံကား**။ ။ကိုယ်၌ ဝတ်ဆင်၍ထားအပ်သော စိန်, ရွှေ, ရတနာကိုငှင်း၊ ဦးခေါင်း၌ ပန်ဆင်၍ထားအပ်သော ပန်းအမျိုးမျိုးကိုငှင်း၊မြတ်နိုး နှစ်သက်လျက်နေကြကုန်သကဲ့သို့ ထို့အတူ လူအပေါင်းတို့သည် ချစ်မြတ်နိုးလျက် ရှိကြကုန်၏။

၅။ ။နတ်ဘီလူးတို့ ချစ်မြတ်နိုးခြင်း တည်းဟူသော အကျိုးကို လည်းရ၏။

**နတ်ဘီလူးတို့ချစ်မြတ်နိုးပုံကား။** ။ဝိသာခမထေရ်သည် စိတ္တလမည်သော တောင်ပေါ် ကျောင်း၌ သီတင်းသုံး၍ နေထိုင်ခြင်းငှါ ၎င်းကျောင်းသို့ သွားသောအခါ ခရီးအကြား၌ လမ်းဆုံကိုမြင်၍ "ဤလမ်းသည် စိတ္တလတောင်သို့ သွားသော လမ်းဖြစ်သလော၊ သို့မဟုတ် ထိုလမ်းသည် စိတ္တလတောင်သို့ သွားသောလမ်းဖြစ်သလော"ဟု တွေးဆစဉ်းစားနေစဉ် တောင်စောင့်နတ်သည် မထေရ်၏အထံသို့ လာ၍ "ဤလမ်းသည် စိတ္တလတောင်သို့ သွားသော လမ်းဖြစ်ပါသည်ဘုရား"ဟု လမ်းကိုညွှန်ပြ၏။ မထေရ်သည် နတ်ညွှန်ပြသော လမ်းဖြင့်သွား၍ ထိုတောင်ပေါ်ကျောင်း၌လေးလပတ်လုံး မေတ္တာဘာဝနာကို ပွားလျက် သီတင်းသုံး၍ နေထိုင်၏။

ထိုကျောင်း၌ လေးလပတ်လုံး သီတင်းသုံးနေထိုင်ပြီး၍ ၎င်းကျောင်းမှ တပါးသော အရပ်သို့ သွားအံ့သော အစီအစဉ်ကို ပြုနေစဉ် သပြေပင်စောင့်နတ်သည် မထေရ်၏ စင်္ကြံလမ်းထိပ်၌ ထိုင်လျက် ငိုနေ၏။

ထိုအခါ "ဤစင်္ကြံထိပ်၌ ငိုနေသောသူကား အဘယ်သူနည်း"ဟု မထေရ်ကမေး၏။

"သပြေပင်စောင့်နတ်ပါဘုရား"ဟု သပြေပင်စောင့်နတ်က လျှောက်ထား၏။

တဖန်"အဘယ်ကြောင့် ငိုနေသနည်း"ဟုမေး၏။

"အရှင်မြတ်သည် အရပ်တပါးသို့ သွားမည် ပြုခြင်းကြောင့် ငိုပါသည်ဘုရား"ဟု လျှောက်၏။

တဖန်"ဤအရပ်၌ ငါနေခြင်းကြောင့် သင်တို့အား အဘယ်အကျိုးရှိလေသနည်း"ဟု မေးပြန်၏။

"ဤအရပ်၌ အရှင်မြတ်ရှိခြင်းကြောင့် နတ်ဘီလူးတို့သည် အချင်းချင်း ချစ်မြတ်နိုးကြ၍ ခိုက်ရန်လည်း မပြုကြကုန် ဆဲရေးခြင်းကိုလည်း မပြုကြကုန်"။

"အရှင်မြတ်သည် အရပ်တပါးသို့ သွားသည်ရှိသော် နတ်ဘီလူးတို့သည် အချင်းချင်းမေတ္တာကင်းကုန်၍ ခိုက်ရန်ကိုလည်း ပြုကြကုန်လတ္တံ့၊ ဆဲလည်းဆဲကြကုန်လတ္တံ့၊ ဤသို့ ဖြစ်မည် စိုးသောကြောင့် ငိုပါသည်ဘုရား" ဟု လျှောက်၏။

"ဤအရပ်၌ ငါမထေရ်နေခြင်းကြောင့် သင်တို့အားအကျိုးများလျှင် နောက်ထပ် လေးလနေဦးအံ့" ဟု မိန့်ဆို၍ နောက်ထပ်လေးလနေပြန်၏။

နောက်ထပ် လေးလ နေပြီးနောက် အရပ်တပါးသို့ သွားအံ့သော အစီအစဉ်ကို ပြုပြန်သော် ရှေးကကဲ့သို့ သပြေပင်စောင့်နတ်သည် လာ၍ ငိုပြန်သဖြင့် နောက်ထပ် လေးလဆက်၍ နေရပြန်၏။

ဤသို့သွားအံ့ဟုအစီအစဉ်ကိုပြုတိုင်းပြုတိုင်း သပြေပင်စောင့်နတ်သည် ငိုကြွေး၍ တောင်းပန်၏၊ သပြေပင်စောင့်နတ်၏ တောင်းပန်ချက်အရ နတ်တို့၏ အကျိုးကိုငဲ့၍ နေရခြင်းကြောင့် ဤစိတ္တလ တောင်ပေါ် ကျောင်း၌ပင်လျှင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုရလေသတည်း။

ဤဝတ္ထုကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌ ပြဆိုထားသည်။

ဤကား နတ်တို့ချစ်မြတ်နိုးသော ဝတ္ထုကို ပြဆိုချက်တည်း။

၆။ ။နတ်တို့ စောင့်ရှောက်ခြင်း တည်းဟူသော အကျိုးကိုလည်း ရ၏။

**နတ်တို့စောင့်ရှောက်ပုံကား**။ ။ငါးရာကုန်သော ရဟန်းတို့သည် ဘုရား၏အထံ၌ ကမ္မဋ္ဌာန်းတို့ကို သင်ယူပြီးနောက် သာဝတ္ထိပြည်နှင့် ယူဇနာတရာဝေးသော ရွာကြီးတရွာ၏အနီး တခုသော တောအုပ်သို့ သွား၍ ထိုတောအုပ်၌ သီတင်းသုံး၍ နေထိုင်ကြကုန်၏။

ထိုတောအုပ်၌ရှိသော တောစိုးနတ်တို့သည် ရဟန်းတို့ကိုမြင်ကြသောအခါ "ဤရဟန်းတို့ကား ဤတောအုပ်၌ တခဏမျှသာနေကြကုန်လတ္တံ့" ဟု မှတ်ထင်ကြပြီး ရဟန်းတို့အား အနှောင့်အယှက် မပြုကြကုန်၊ ထိုသို့ အနှောင့်အယှက်ကို မပြုကြကုန်သော်လည်း ဤတောအုပ်၌ ရဟန်းတို့၏ နေထိုင်ခြင်းကိုကား အလိုမရှိကြကုန်။

၁၅-ရက်မျှလောက် ကြာသောအခါ နတ်တို့သည် ဤသို့ကြံကြကုန် "ဤရဟန်းတို့သည် ဤတောအုပ်၌ ခဏမျှသာမဟုတ် ကြာရှည်စွာ နေကြကုန်လတ္တံ့၊ ထိုရဟန်းတို့သည် ဤတောအုပ်၌ ကြာရှည်စွာနေကြကုန်သည်ရှိသော် ငါတို့သည် ဆင်းရဲ ငြိုငြင်စွာ နေကြရကုန်လတ္တံ့၊ ထိုရဟန်းတို့ကို ဤအရပ်မှပြေးအောင် ပြုကြကုန်အံ့"ဟု တိုင်ပင်ကြပြီးလျှင် ထိုတောစိုးနတ်တို့သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ရဟန်းတို့၏ နေရာဟူသမျှတို့၌ ဦးခေါင်းမပါ ကြောက်မက်ဘွယ်သော ကိုယ်ကိုလည်း ပြုကြကုန်၏၊ ကြောက်မက်ဘွယ်သော အသံကိုလည်းပြုကြကုန်၏၊ ခြေဆတ်ခြင်းစသော ရောဂါတို့ကိုလည်း ဖြစ်စေကုန်၏။

ဤကား မေတ္တာ မထားမိ ရဟန်းတို့အား တွေ့ကြုံရသော ဘေးအန္တရာယ်တည်း။

ရဟန်းတို့သည် တောစိုးနတ်တို့၏ နှိပ်စက်မှုကြောင့် ဤသို့ တိုင်ပင်ကြကုန်၏။ "ငါ့ရှင်တို့ ဤအရပ်ကား ဘေးအန္တရာယ်ရှိသောအရပ်တည်း၊ ထိုအရပ်ကို စွန့်ခွါ၍ ဘုရား၏အထံတော်သို့ သွားကြကုန်အံ့"ဟု တိုင်ပင်ကြပြီး ဘုရား၏ အထံတော်သို့ ပြန်သွားကြကုန်၏။

ဘုရားရှင်သည် မိမိ၏ ထံမှောက်သို့ ရောက်လာကြကုန်သော ရဟန်းတို့ကို "အဘယ်ကြောင့်ပြန်လာကြကုန်သနည်း"ဟု မေးတော်မူ၏။

ရဟန်းတို့သည် ဤသို့ လျှောက်ထားကြကုန်၏။ "ထိုအရပ်၌ များသော ဘေးအန္တရာယ် ရှိသောကြောင့် ထိုအရပ်ကို စွန့်ခွါ၍ ပြန်လာကြပါကုန်သည်ဘုရား"ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်သည် ဤသို့ မိန့်တော်မူ၏။ "ရဟန်းတို့-ထိုအရပ်သည် သင်တို့အား သင့်လျော်သောအရပ်တည်း။ ထိုအရပ်သို့သာလျှင် ပြန်၍သွားကြကုန်လော့ "ဟု မိန့်တော်မူသောအခါ " ထိုအရပ်သည် ဘေးအန္တရာယ်ရှိသော အရပ်ဖြစ်၍ ထိုအရပ်သို့ ပြန်၍သွားခြင်းငှာ မစွမ်းနိုင်ကြပါဘုရား " ဟု လျှောက်ထားကြလေသော်၊ ဘုရားရှင်သည် ဤသို့ မိန့်တော်မူ၏။ "ရဟန်းတို့-ရှေးအခါက ထိုအရပ်သို့ သွားကြစဉ် ဘေးအန္တရာယ်တို့ကို ကာကွယ်နိုင်သော လက်နက်ကောင်းကို မယူမူ၍ သွားကြကုန်သောကြောင့် ဘေးအန္တရာယ်တို့ကို တွေ့ကြရကုန်သည်။

ယခုကား ဘေးအန္တရာယ်တို့ကိုကာကွယ်နိုင်သော လက်နက်ကောင်းကို ငါဘုရားပေးလိုက်အံ့၊ ထိုလက်နက်ကောင်း အကာအကွယ်ကိုယူ၍ သွားကြကုန်”ဟု မိန့်တော်မူပြီး မေတ္တာသုတ်ပရိတ်တော်ကို သင်ပေးတော်မူ၏။

ရဟန်းတို့သည် ဘုရားသင်ပေးအပ်သော မေတ္တာသုတ်ပရိတ်တော်ကို သင်ယူပြီးနောက်၊ ထိုတောအုပ်သို့ တဖန်ပြန်၍ သွားကြကုန်၏။

ရဟန်းတို့သည် တောအုပ်သို့ ရောက်သောအခါ တောစပ်မှစ၍ နေရာကျောင်းသို့ ရောတ်သည်တိုင်အောင် မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဘာသ်သရဇ္ဈာယ် ကြကုန်လျက် တောအုပ်သို့ သွားကြကုန်၏။

တောစိုးနတ်တို့သည် ရဟန်းတို့၏ မေတ္တာသုတ်ပရိတ်တော် ရွတ်ဆိုသံကို ကြားရသောအခါ၊ မေတ္တာ စိတ် သက် ဝင် ကြ ကုန် သည် ဖြစ် ၍ ခရီးဦးကြိုဆိုခြင်း, သပိတ်သင်္ကန်းကမ်းလှမ်းယူခြင်း, ခြေဆုတ်လက်နယ် ပြုခြင်း စသည်တို့ကို ပြုကြကုန်လျက်၊ ထိုတောအုပ်၌ နေသမျှကာလ ပတ်လုံး ထိုရဟန်းတို့အား ဘေးအန္တရာယ် မရှိစိမ့်သောငှာ အမြဲ စောင့်ရှောက်၍ နေကြကုန်၏။

ဤကား မေတ္တာဆက်သွယ်ပြီးသောအခါ ရအပ်သောအကျိုးတည်း။

ထိုဝတ္ထုကို ဓမ္မပဒအဋ္ဌကထာ စိတ္တဝဂ် ပဉ္စသတဘိက္ခုဝတ္ထု၌ ပြဆိုထားသည်။

ဤကား နတ်တို့စောင့်ရှောက်ပုံ ဝတ္ထုတည်း။

၇။ ။မေတ္တာပွားလျက်နေသော ပုဂ္ဂိုလ်အား မီးမလောင်နိုင်ခြင်း, အဆိပ်ပြေခြင်း,လက်နက်မစူးနိုင်ခြင်း, ၎င်းအကျိုးတို့ကိုလည်း ရ၏။

**မီးမလောင်ပုံကား။** ။သူဌေးသမီး မယ်ဥတ္တရာ၌ ရန်ညိုးဖွဲ့လျက်ရှိသေ၀ သိရိမာသည် မယ်ဥတ္တရာအား ဆီပူဖြင့်လောင်း၍ သတ်အံ့ဟု အကြံပြုပြီး မီးဖိုပေါ်၌ ကျိုက်ကျိုက်ဆူလျက်ရှိသော ဆီအိုးမှဆီကို ခပ်ယူ၍ သူဌေးသမီး မယ်ဥတ္တရာထံသို့ သွား၏။

သူဌေးသမီး မယ်ဥတ္တရာသည် မိမိအား ဆီပူဖြင့် လောင်းအံ့သော အဖြစ်ကို သိသော်လည်း၊ သိရိမာအား အမျက်မထား မေတ္တာပွား လျက်နေ၏။

သိရိမာသည် သူဌေးသမီး မယ်ဥတ္တရာထံသို့ ရောက်သောအခါ ယူ ဆောင်၍လာသော ဆီပူဖြင့် သူဌေးသမီးမယ်ဥတ္တရာ၏ ကိုယ်ပေါ်သို့ လောင်းချ၏။

ထိုသို့ လောင်းချသော်လည်း သူဌေးသမီး မယ်ဥတ္တရာ၏ မေတ္တာ အာနုဘော်ကြောင့် ဆီပူသည် ပူလောင်ခြင်းမရှိ၊ အလွန်အေးမြသော ရေကဲ့သို့ အလွန်အေးမြလျက်နေ၏။

ဤကား မေတ္တာ၏အာနုဘော်ကြောင့် မီးလောင်ခြင်းမရှိပုံတည်း။

ဤဝတ္ထုကို ဓမ္မပဒ အဋ္ဌကထာ ကောဓဝဂ် ဥတ္တရာ ဥပါသိကာ ဝတ္ထု၌ ပြဆိုသည်။

**မေတ္တာ၏ အာနုဘော်ကြောင့် အဆိပ်ပြေပျောက်ပုံကား။** ။ သံယုတ္တဘာဏက စူဠသိဝမထေရ်သည် သေစေတတ်သော အဆိပ်ကို သုံးဆောင်စားသောက်မိ၏။ ထိုသို့ စားမိသော်လည်း မေတ္တာကို ပွားလျက်နေသော မထေရ်ဖြစ်၍၊ ထိုမထေရ်၏ မေတ္တာ၏ အာနုဘော် ကြောင့် အဆိပ်သည် အဆိပ်မဖြစ် ပျက်ပြယ်ပြေပျောက်ခြင်းသို့ ရောက်၏။

ဤကား မေတ္တာ၏ အာနုဘော်ကြောင့် အဆိပ်ပြေပုံတည်း။

ဤဝတ္ထုကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌ ပြဆိုသည်။

**မေတ္တာ၏အာနုဘော်ကြောင့် လက်နက်မရှုံးပုံကား။** ။သာမာ ဝတီမိဖုယားအား အမျက်ဒေါသဖြစ်ပွားလျက်ရှိသော ဥတေနမင်းသည် သာမာဝတီ၏ ရှေ့တည့်တည့်၌ ရပ်လျက် သာမာဝတီ၏ ရင်ဝကို ချိန်မှန်း၍ သားချိုဖြင့်ပြီးသော လေး၌ တင်အပ်သောမြှားဖြင့်ပစ်၏။

ပစ်အပ်သောမြှားသည် သာမာဝတီ၏ မေတ္တာအာနုဘော်ကြောင့် သာမာဝတီကိုမစူးဘဲ ဥတေနမင်းဘက်သို့ ပြန်လှည့်၍ ဥတေနမင်းကို စူးမည့်ဟန်ကဲ့သို့ တည်နေ၏။

ဥတေနမင်းသည် မိမိပစ်အပ်သောမြားသည် မိမိအားစူးမည်ကဲ့သို့ တည်နေသည်ကို မြင်ရသောအခါ အလွန်ကြောက်ရွံ့လျက် "ဤမြားသည် အသက်ဝိညာဉ်ကင်းသည်ဖြစ်ပါလျက် သာမာဝတီ၏ဂုဏ်ကျေးဇူးကို သိတုံသေး၏။ ငါသည် အသက်ဝိညာဉ် ရှိသောလူ ဖြစ်ပါလျက် သာမာဝတီ၏ ဂုဏ်ကျေးဇူးကို မသိခြင်းသည်ကား အလွန်မိုက်လေစွတကား"ဟု ကြံအောက်မေ့လျက် လေးကိုပစ်ချပြီးလျှင် သာမာဝတီ၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်၍ သာမာဝတီကို တောင်းပန်၏။

ဤကား မေတ္တာ၏အာနုဘော်ကြောင့် မြားမစူးသောဝတ္ထုတည်း။

၎င်းဝတ္ထုကို ဓမ္မပဒအဋ္ဌကထာ အပ္ပမာဒဝဂ် သာမာဝတီဝတ္ထု၌ ပြဆိုသည်။

## ထို့ပြင်တသွယ်-မှတ်ဘွယ်ဝတ္ထုကား

သားငယ်ရှိသော နွားမသည် မိမိ၏သားငယ်ကို နို့တိုက်လျက်နေစဉ် သားငယ်၌ အားကြီးသောမေတ္တာစိတ် ဖြစ်ပေါ်၍နေ၏။

ထိုအခါ တဦးသော မုဆိုးသည် ထက်လှစွာသောလှံဖြင့် ထိုးသတ်အံ့ဟုကြံ၍ ရှည်သောအရိုးရှိသောလှံဖြင့် တအားထိုး၏။

နွားမကို ထိုးအပ်သော မုဆိုး၏လှံသည် နွားမ၏ မေတ္တာအာနုဘော်ကြောင့် နွားမကို မစူးဘဲ ထန်းရွက်ကဲ့သို့ ခွေလိပ်၍သွား၏။

နွားမ၏မေတ္တာသည် ဥပစာရဘာဝနာလည်းမဟုတ်၊အပ္ပနာဘာဝနာလည်းမဟုတ် သက်သက်နွားငယ်၌ဖြစ်သော ရိုးရိုးမေတ္တာတည်း၊မေတ္တာ၏ အာနုဘော်သည် တန်ခိုးကြီးလှ၏။

ဤကား မေတ္တာ၏အာနုဘော်ကြောင့် လှံမစူးသော ဝတ္ထုတည်း။ ၎င်းဝတ္ထုကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌ ပြဆိုသည်။

ဤကား မေတ္တာ၏အာနုဘော်ကြောင့် လက်နက်မစူးပုံတည်း။

ဂ။ ။မေတ္တာပွားလေ့ရှိသော ပုဂ္ဂိုလ်၏စိတ်သည် လျင်မြန်စွာ ငြိမ် သက် တည် ကြည် ခြင်း တည်း ဟူသော အကျိုးကိုလည်း ရ၏။

၉။ ။မေတ္တာပွားလေ့ရှိသော ပုဂ္ဂိုလ်သည် အထူးသဖြင့် ကြည်လင် ရွှင်ပျသော မျက်နှာအဆင်း ရှိခြင်း တည်း ဟူသော အကျိုးကိုလည်းရ၏။

၁၀။ ။မေတ္တာပွားလေ့ရှိသော ပုဂ္ဂိုလ်သည် တွေဝေမိန်းမောခြင်း မရှိမူ၍ သေရခြင်းတည်းဟူသော အကျိုးကိုလည်းရ၏။

၁၁။ ။မေတ္တာပွားလေ့ရှိသောပုဂ္ဂိုလ်သည် သေပြီးနောက်ကာလ၌ ဗြဟ္မပြည်သို့ ရောက်ရခြင်းတည်းဟူသော အကျိုးကိုလည်း ရ၏။

ဤကား မေတ္တာ၏အကျိုး(၁၁)ပါးတည်း။

ပဉ္စမဇ္ဈာနံ ပါဒကံ ကတွာ ပကိဏ္ဏကသင်္ခါရေ သမ္မသိတွာ ဥပ္ပါဒိတမဂ္ဂေါ ပိ ပဉ္စမဇ္ဈာ နိကောဝ ဟောတိ။ ။ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့်—

မေတ္တာဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် မေတ္တာဘာဝနာမှတဆင့် မဂ်,ဖိုလ်,သို့ ရောက်လိုသော်၊ ရုပ်, နာမ်, သင်္ခါရတို့ကို အနိစ္စစသည်ဖြင့် ဝိပဿနာရှု၍ မဂ်,ဖိုလ်တို့ကို အရယူရာ၏။

ဤကား ဈာန်, မဂ်, ဖိုလ်, အကျိုးငှာ မေတ္တာပွားနည်းကို ပြဆိုချက်တည်း။

# ဘေးရန် ကင်းခြင်း အကျိုးငှါ မေတ္တာပွားနည်း

မေတ္တာကမ္မဋ္ဌာန်းမှ တပါးသောသမထကမ္မဋ္ဌာန်းကိုဖြစ်စေ,ဝိပဿနာ ကမ္မဋ္ဌာန်းကိုဖြစ်စေ, ပွားများ အားထုတ် ကြကုန်သော ပုဂ္ဂိုလ်တို့သည် မိမိတို့ပွားများအားထုတ်နေကြ ကမ္မဋ္ဌာန်းကိုပွားများ အားထုတ်သောအခါ၌ ဘေးရန်အန္တရာယ် အနှောင့်အယှက် ကင်းစိမ့်သောငှါ မိမိတို့ အားထုတ်နေကြ ကမ္မဋ္ဌာန်းကို အားမထုတ်မီ ရှေးဦးစွာ မေတ္တာကမ္မဋ္ဌာန်းကို ပွားများအပ်၏။

ဘေးရန်ကင်းစိမ့်သောငှာ မေတ္တာ ပွားအပ်သည်၏အဖြစ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသ၌—

ကမ္မဋ္ဌာနိကေန ဟိ ဘိက္ခုနာ ပဌမံ တာဝ ပရိစ္ဆိန္ဒိတွာ သီမဋ္ဌကဘိက္ခုသံဃေ သုခိတာ ဟောန္တု အဗျာပဇ္ဇာတိ မေတ္တာဘာဝေတဗ္ဗာ။ ။တတော သီမဋ္ဌကဒေဝတာသု။ ။တတော ဂေါစရဂါမမှိ ဣဿရဇနေ။ ။တတော တတ္ထ မနုဿေ ဥပါဒါယ သဗ္ဗသတ္တေသု။ ။ ဟု မိန့်ဆို၏။

ထိုအဋ္ဌကထာ၏ မိန့်ဆိုချက်အရ မေတ္တာ ပို့အပ်သော ပုဂ္ဂိုလ်တို့၏ အစဉ်ကား—

၁။ ။ရှေးဦးစွာ ကျောင်းတွင်းရှိ ရဟန်းသံဃာအား ပို့အပ်၏။
၂။ ။ထို့နောက် ကျောင်းကို စောင့်ရှောက်သော နတ်တို့အား ပို့အပ်၏။
၃။ ။ထို့နောက် ဆွမ်းခံရွာ၌ အရပ်လူကြီးတို့အား ပို့အပ်၏။
၄။ ။ထို့နောက် ဆွမ်းခံရွာ၌ လူအပေါင်းတို့အား ပို့အပ်၏။
၅။ ။ထို့နောက် အလုံးစုံသော သတ္တဝါတို့အားမေတ္တာ ပို့အပ်၏။

ဤကား အဋ္ဌကထာဆရာ၏ မိန့်ဆိုချက်အရ မေတ္တာ ပို့အပ်သော ပုဂ္ဂိုလ်တို့၏ အစဉ်တည်း။

## ရဟန်းသံဃာအား မေတ္တာပို့နည်း

ဣမသ္မိံ ဝိဟာရေ သဗ္ဗေ ဘိက္ခုသံဃာ အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ဤကား ရဟန်းသံဃာအား မေတ္တာပို့နည်းတည်း။

---

## ကျောင်းစောင့်နတ်တို့အားမေတ္တာပို့နည်း

ဣမသ္မိံ ဝိဟာရေ အာရက္ခဒေဝတာ အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ဤကား ကျောင်းစောင့်နတ်တို့အား မေတ္တာပို့နည်းတည်း။

---

## ဆွမ်းခံရွာ၌ လူကြီးတို့အားမေတ္တာပို့နည်း

ဂေါစရဂါမေ ဣဿရဇနာ အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ဤကား အရပ်လူကြီးတို့အား မေတ္တာပို့နည်းတည်း။

---

## ဆွမ်းခံရွာရှိ လူအပေါင်းတို့အား မေတ္တာပို့နည်း

ဂေါစရဂါမေ မနုဿာ အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ဤကား ဆွမ်းခံရွာရှိ လူအပေါင်းတို့အား မေတ္တာပို့နည်းတည်း။

---

## အလုံးစုံသော သတ္တဝါတို့အား မေတ္တာပို့နည်း

သဗ္ဗေသတ္တာ အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ဤကား အလုံးစုံသော သတ္တဝါတို့အား မေတ္တာပို့နည်းတည်း။

ဤကား အဋ္ဌကထာ ဆရာ၏ မိန့်ဆိုချက်အရ ဘေးရန် ကင်းခြင်း အကျိုးငှါ မေတ္တာပွါးအပ်သော အစီအစဉ်ကိုပြဆိုချက်တည်း။

## ရှင်းမေတ္တာပွါးနည်းအရ မေတ္တာ၏ အကျိုး

သောဟိ ဘိက္ခုသံဃေ မေတ္တာယ သဟာဝါသီနံ မုဒုစိတ္တတံ ဇနေတိ။ ။အထဿ တေ သုခသံဝါသာ ဟောန္တိ။

သီမဋ္ဌကဒေဝတာသု မေတ္တာယ မုဒုကတစိတ္တာဟိ ဒေဝတာ ဟိ ဓမ္မိကာယ ရက္ခာယ သုသံဝိဟိတရက္ခော ဟောတိ။

ဂေါစရဂါမမှိ ဣဿရဇနေ မေတ္တာယ မုဒုကတစိတ္တသန္တာနေဟိ ဣဿရေဟိ ဓမ္မိကာယ ရက္ခာယ သုရက္ခိတပရိက္ခာရော ဟောတိ။

တတ္ထ မနုဿေသု မေတ္တာယ ပသာဒိတစိတ္တေဟိ တေဟိ အပရိဘူတော ဟုတွာ ဝိစရတိ။

သဗ္ဗသတ္တေသု မေတ္တာယ သဗ္ဗတ္ထ အပ္ပဋိဟတစာရော ဟောတိ။

ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသ၌ မိန့်ဆိုခြင်း ကြောင့်—

၁။ ။ကျောင်းတိုက် အတွင်း၌ ရှိကြကုန်သော ရဟန်း သံဃာတို့ အား မေတ္တာပွါးသဖြင့် ထိုရဟန်းသံဃာတို့သည် မိမိ၏အပေါ်၌ နူးညံ့ သောစိတ်, ချစ်ခင်သောစိတ်ရှိကြကုန်သည်ဖြစ်၍ မိမိ၏ ချမ်းသာစွာ နေ ထိုင်နိုင်ရန် မိမိကိုဆန့်ကျင်မှု မပြုကြကုန်ဘဲ ကောင်းသော ဆက်ဆံမှုဖြင့် ပေါင်းသင်းဆက်ဆံခြင်းကို ပြုကုန်ရာ၏၊ ဤသို့သောအကျိုးကိုရ၏။

၂။ ။ကျောင်းတွင်း၌ ရှိကြကုန်သော ဘုမ္မစိုး,ရုက္ခစိုး,အစရှိသော နတ်တို့အား မေတ္တာပွါးသဖြင့် ထိုနတ်တို့သည် မိမိ၏ အပေါ်၌ နူးညံ့ သောစိတ်,ချစ်မြတ်နိုးသောစိတ် ရှိကြကုန်သည်ဖြစ်၍ အမိသည် သားငယ် ကို စောင့်ရှောက်သကဲ့သို့ ထို့အတူ မိမိကိုဘေးရန် ကင်းစိမ့်သောငှာ အထူးသဖြင့် စောင့်ရှောက်ခြင်းကို ပြုကုန်ရာ၏။ ဤသို့သော အကျိုး ကိုရ၏။

၃။ ။ဆွမ်းခံရွာ၌ အုပ်စိုးလျက်ရှိကုန်သော သူတို့အား မေတ္တာပို့သဖြင့်၊ ထိုသူတို့သည် မိမိ၏အပေါ်၌ နူးညံ့သောစိတ်,ချစ်ကြည်သောစိတ် ရှိကြကုန်သည်ဖြစ်၍ မိမိနှင့်တကွ မိမိ၏ ပစ္စည်း,ပရိက္ခရာတို့ကို တရားသော စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ကုန်ရာ၏ ဤသို့သော အကျိုးကိုရ၏။

၄။ ။ဆွမ်းခံရွာ၌ ရှိကြကုန်သော လူအပေါင်းတို့အား မေတ္တာပို့သဖြင့် ထိုလူတို့သည် မိမိ၌ ကြည်ညိုလေးစားခြင်း ရှိကြကုန်သည်ဖြစ်၍ မိမိအား အနှောင့်အယှက်မပြု၊ ကောင်းစွာ စောင့် ရှောက် ကုန်ရာ၏ ဤသို့သော အကျိုးကိုရ၏။

၅။ ။အလုံးစုံသော သတ္တဝါတို့အား မေတ္တာပို့သဖြင့်၊ထိုသတ္တဝါတို့သည် မိမိ၏ အပေါ်၌ နူးညံ့သောစိတ်, ကြည်ညိုမြတ်နိုးသောစိတ် ရှိကြကုန်သည်ဖြစ်၍ မိမိအား အနှောင့်အယှက်မပြုကုန်ရာ၊ သွားလိုရာ, သို့-သွားနိုင်ရာ၏။ ဤသို့သော အကျိုးကိုရ၏။

မေတ္တာပို့သော ယောဂီပုဂ္ဂိုလ်သည် ပြဆိုအပ်ပြီးသော အကျိုးတို့ကို ရရာ၏။

ဤကား ဘေးရန်ကင်းခြင်း အကျိုးငါး ပို့အပ်သော မေတ္တာ၏ အကျိုးတည်း။

## ထိုမှတတန် မှတ်ရန် အကျိုးကား

မေတ္တာဘာဝနာကို အချိန်ကာလကြာမြင့်စွာ အကြိမ်ကြိမ်ပွားများ နေခြင်းကိုမဆိုထားဘိ၊ လက်ဖျစ်တတွက် ကာလမျှလောက် မေတ္တာ ဘာဝနာကိုပွားများ၍နေမူ ထိုပုဂ္ဂိုလ်ကို စျာန်မှ ကင်းဆိတ်ခြင်း မရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ဒါယကာ-ဒါယိကာမတို့၏ ဆွမ်းကို သုံးဆောင်ရာ၌လည်း အချည်းနှီးမရှိ၊ ကြီးသော အကျိုးရှိအောင်ပြု၍ သုံးဆောင်သော ရဟန်းဟူ၍ လည်း ဆိုအပ်၏။

အချိန်ကာလကြာမြင့်စွာ မေတ္တာဘာဝနာကို ပွားများလျက် နေသော ရဟန်းဖြစ်မူကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ အလွန်ကြီးမြတ်သော အကျိုးရှိအောင်ပြုသော ရဟန်းဟူ၍ ဆိုအပ်၏။

ထို့ကြောင့် အင်္ဂုတ္တရပါဠိတော် ဧကနိပါတ် အစ္ဆရာသင်္ဃာတဝဂ် တတိယသုတ်၌—

အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာ
စိတ္တံ ဘာဝေတိ၊အယံဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာ
နော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော
အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကောပနဝါဒေါ ယေ နံ
ဗဟုလီကရောန္တီ။ ။ဟု ဘုရားဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ လက်ဖျစ်တတွက်ကာလမျှလောက်လည်း။ မေတ္တာစိတ္တံ၊ မေတ္တာစိတ်ကို။ စေဘာဝေတိ၊အကယ်၍ပွားသည်ဖြစ်အံ့။ ဧဝံသတိ၊ဤသို့လက်ဖျစ်တတွက်ကာလမျှလောက် မေတ္တာစိတ်ကို ပွားသည်ရှိသော်။ ဘိက္ခဝေ၊ရဟန်းတို့။ အယံဘိက္ခု၊ လက်ဖျစ် တတွက် ကာလမျှလောက် မေတ္တာ ပွားသော ဤရဟန်းကို။ အရိတ္တဇ္ဈာနော၊ ဈာန်မှ ကင်းဆိတ်ခြင်း မရှိသည် ဖြစ်၍။ သတ္ထုသာသနကရော၊ ဘုရားသည်ဆုံးမအပ်သောအတိုင်း ပြုသည်ဖြစ်၍။ ဩဝါဒပတိကရော၊ ဘုရား၏ဩဝါဒကို လိုက်နာသည်ဖြစ်၍။ ဝိဟရတိ၊ နေသောရဟန်းဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ အမောဃံ၊အချည်းနှီးမရှိသော။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူ-ပြည်သားတို့၏ ဆွမ်းကို။ ဘုဉ္ဇတိ၊ သုံးဆောင်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ယေ၊ အကြင်ရဟန်းတို့သည်။ နံ မေတ္တာစိတ္တံ၊ ထိုမေတ္တာစိတ်ကို။ ဗဟုလီ ကရောန္တိ၊ အကြိမ်များစွာ ပွားများခြင်းကို ပြုကုန်၏။ တေသံ၊ ထိုအကြိမ်များစွာ ပွားများခြင်းကို ပြုကုန်သော ရဟန်းတို့အား။ ကောပနဝါဒေါ၊အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။

တိုင်းသူပြည်သားတို့၏ဆွမ်းကို မေတ္တာပွားသော ရဟန်း၏ သုံးဆောင်ခြင်းသည် အချည်းနှီး မရှိသော သုံးဆောင်ခြင်း မည်၏ဟု ဟောရာ၌ အချည်းနှီး မဖြစ်ခြင်းကား အကြောင်းနှစ်ပါးရှိ၏။

**အကြောင်းနှစ်ပါးဟူသည်။** ။ပုထုဇဉ် ရဟန်းတို့သည် ဒါယကာ ဒါယိကာမတို့၏ ဆွမ်းကို သုံးဆောင်ကြကုန်သည်ရှိသော် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကို ပြု၍ သုံးဆောင်အပ်၏။ အကယ်၍ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကို မပြုမူ၍ သုံးဆောင်ကြလျှင် စင်ကြယ်သော သီလရှိသော သီလဝန္တ ပုဂ္ဂိုလ်တို့ဖြစ်စေကာမူ ဣဏပရိဘောဂ တည်းဟူသော အပြစ်ရှိကုန်ရာ၏။

မေတ္တာပွားလျက်နေသော ရဟန်းတို့ ဖြစ်ကြကုန်မူ၊ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကို မပြုကြကုန်ဘဲလျက် သုံးဆောင်ကြကုန်သော်လည်း၊ ဣဏပရိဘောဂ တည်းဟူသော အပြစ်မှ ကင်းလွတ်ကုန်၏။ မေတ္တာပွားလျက်နေသော ရဟန်းတို့၏ သုံးဆောင်ခြင်းသည်ကား သာမိပရိဘောဂ- အဏဏပရိဘောဂ သုံးဆောင်ခြင်းမည်၏။ အရိယာတို့၏ သုံးဆောင်ခြင်း အခွင့်အရေးကို ရကုန်၏။ ။ဤသို့သော အကြောင်းကြောင့် မေတ္တာပွားလျက်နေသော ရဟန်းတို့၏ သုံးဆောင်ခြင်းသည် အချည်းနှီးမဖြစ်သော သုံးဆောင်ခြင်းမည်၏။

မေတ္တာပွားလျက်နေသော ရဟန်းတို့အားလှူအပ်သော အလှူဒါနသည် ကြီးမြတ်သော အကျိုးအာနိသင်ရှိ၏။ ဤသို့သော အကြောင်းကြောင့်လည်း မေတ္တာပွားလျက်ရှိနေသော ရဟန်းတို့၏ သုံးဆောင်ခြင်းသည် အချည်းနှီးမဖြစ်သော သုံးဆောင်ခြင်းမည်၏။

ဤပြဆိုအပ်ပြီးသော နှစ်ပါးသော အကြောင်းတို့ကြောင့် ဒါယကာ-ဒါယိကာမတို့၏ ဆွမ်းကို မေတ္တာပွားလျက်နေသော ရဟန်းတို့၏ သုံးဆောင်ခြင်းသည် အချည်းနှီးမရှိသော သုံးဆောင်ခြင်းမည်၏။ ။

ထိုကြောင့် အင်္ဂုတ္တရအဋ္ဌကထာ ကေနိပါတ် အစ္ဆရာသင်္ဃာတဝဂ်၌—

ဣမဿ ဘိက္ခုနော အယံ ရဋ္ဌပိဏ္ဍော ပရိဘောဂေါ
ဒ္ဝီဟိ ကာရဏေဟိ အမောဃော ဟောတိ။

အစ္ဆရာသင်္ဃာတ မတ္တမ္ပိ မေတ္တာစိတ္တံ အာသေဝန္တော ဘိက္ခု ရဋ္ဌပိဏ္ဍဿ သာမိကော ဟုတွာ အဏဏော ဟုတွာ ပရိဘုဉ္ဇတီတိပိဿ အမောဃော ရဋ္ဌပိဏ္ဍပရိဘောဂေါ။

အဇ္ဈတ္တရာသင်္ဃာတမတ္တမ္ပိ မေတ္တာစိတ္တံ အာသေ
ဝေန္တသ ဘိက္ခုနော ဒိန္နဒါနံ မဟိဒ္ဓိကံ ဟောတိ မဟပ္ဖလံ
မဟာနိသံသံ မဟာဇုတိကံ မဟာဝိပ္ဖါရန္တိပိဿ အမော
ဃော ရဋ္ဌပိဏ္ဍပရိဘောဂေါ။ ။ဟု မိန့်ဆို၏။

ဣမဿဘိက္ခုနော၊ ဤမေတ္တာပွားလျက်နေသော ရဟန်း၏။ အဃံ ရဋ္ဌပိဏ္ဍပရိဘောဂေါ၊ ဤတိုင်းသူပြည်သားတို့၏ ဆွမ်းကို သုံးဆောင်ခြင်းသည်။ ဒွိဟိ၊နှစ်ပါးကုန်သော။ကာရဏေဟိ၊အကြောင်းတို့ကြောင့်။ အမောဃော၊ အချည်းနှီးမရှိသော သုံးဆောင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဇ္ဈတ္တရာသင်္ဃာတမတ္တမ္ပိ၊ လက်ဖျစ်တတွက် ကာလမျှလောက်လည်း။ မေတ္တာစိတ္တံ၊ မေတ္တာစိတ်ကို။ အာသေဝေန္တော၊ မှီဝဲသော။ ဘိက္ခု၊ ရဟန်းသည်။ ရဋ္ဌပိဏ္ဍဿ၊ တိုင်းသူပြည်သားတို့ လှူအပ်သောဆွမ်း၏။ သာမိကော၊ ပိုင်ရှင်သည်။ ဟုတွာ၊ ဖြစ်၍။ အဏဏော၊ ကြွေးမြီမရှိသောသူသည်။ ဟုတွာ၊ ဖြစ်၍။ ပရိဘုဉ္ဇတိ၊ သုံးဆောင်သော ရဟန်းမည်၏။ ဣတိပိ-ဣမိနာစကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ အဿ၊ ထိုမေတ္တာပွားလျက်နေသော ရဟန်း၏။ ရဋ္ဌပိဏ္ဍပရိဘောဂေါ၊ တိုင်း သူ ပြည် သား တို့ ၏ ဆွမ်း ကို သုံးဆောင်ခြင်းသည်။ အမောဃော၊ အချည်းနှီးမရှိသော သုံးဆောင်ခြင်းမည်သည်။ ဟောတိ၊ မည်၏။

အဇ္ဈတ္တရာသင်္ဃာတမတ္တမ္ပိ၊ လက်ဖျစ်တတွက် ကာလမျှလောက်လည်း။ မေတ္တာစိတ္တံ၊ မေတ္တာစိတ်ကို။ အာသေဝေန္တဿ၊ မှီဝဲသော။ ဘိက္ခုနော၊ ရဟန်းအား။ ဒိန္နဒါနံ၊လှူအပ်သောအလှူဒါနသည်။ မဟိဒ္ဓိကံ၊ ကြီးသော တန်ခိုးရှိသည်။ မဟပ္ဖလံ၊ များသော အကျိုး ရှိသည်။ မဟာနိသံသံ၊ များသောအာနိသင်ရှိသည်။မဟာဇုတိကံ၊ ကြီးသောအာနုဘော်ရှိသည်။ မဟာဝိပ္ဖါရံ၊ ကြီးသောပြန့်ပြောခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိပိ-ဣမိနာစကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ အဿ၊ ထိုမေတ္တာပွားလျက်နေသော ရဟန်း၏။ ရဋ္ဌပိဏ္ဍပရိဘောဂေါ၊ တိုင်းသူပြည်သားတို့၏ဆွမ်းကို သုံးဆောင်ခြင်းသည်။ အမောဃော၊ အချည်းနှီးမရှိသော သုံးဆောင်ခြင်းမည်သည်။ ဟောတိ၊ဖြစ်၏။

မေတ္တာပွားရာ၌ ဤသို့သော အကျိုးထူးကိုလည်း ရရာ၏။

မေတ္တာပွားရာ၌ ဤသို့သောအကျိုးကိုလည်း ရဟန်းတို့အား ရခြင်းကြောင့် ဒါယကာ-ဒါယိကာမတို့၏ဆွမ်းကို သုံးဆောင်လျက်ရှိကြကုန်သော ရဟန်းတို့သည် မိမိတို့၌လည်း ဣဏပရိဘောဂမှလွတ်၍ အဏဏပရိဘောဂဖြစ်စေခြင်းငှာ၊ဆွမ်းကိုလှူကြကုန်သော ဒါယကာ-ဒါယိကာမတို့အားလည်း များသောအကျိုးတို့ကို ရစေခြင်းငှာ နေ့စဉ် မေတ္တာဘာဝနာပွားများမှုကို ပြုသင့်ကုန်သည်။

ဤကား မေတ္တာ၏ အကျိုးကို ပြဆိုချက်တည်း။

ဤသို့ မေတ္တာ၏အကျိုးကို ရခြင်းကြောင့် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများအားထုတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် ပြဆိုအပ်ပြီးသော မေတ္တာပွားနည်း အစီအစဉ်ဖြင့် မေတ္တာပွားခြင်းကို ပြုပြီးမှ သာလျှင် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ကုန်ရာသည်။

# မရဏာဿတိ ကမ္မဋ္ဌာန်းကို ပြဆိုချက်

ယောဂီပုဂ္ဂိုလ်တိုင်း လက်စွဲပြုအပ်သော သဗ္ဗတ္ထက ကမ္မဋ္ဌာန်းတို့တွင် မေတ္တာကမ္မဋ္ဌာန်း၏ ပွားများနည်းကို ပြဆိုပြီး၍ ယခုအခါ၌ မရဏာဿတိ၏ သဘောအဓိပ္ပါယ်နှင့်တကွ ပွားများဆင်ခြင်နည်းကို ပြဆိုအံ့။

**မရဏာဿတိဟူသည်**။ ။"မရဏဿသရဏံမရဏာဿတိ၊"မရဏဿ၊ သေခြင်းကို။ သရဏံ၊ အောက်မေ့ခြင်းတည်း။ မရဏာဿတိ၊ သေခြင်းကို အောက်မေ့ခြင်း။

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဝစနတ္ထကိုပြဆိုခြင်းကြောင့် သေခြင်းကို အောက်မေ့ခြင်းသည် မရဏာဿတိမည်၏။

သေခြင်းကို အောက်မေ့ခြင်းသည် မရဏာဿတိမည်၏ဟု ဆိုငြားသော်လည်း သေခြင်းကို အောက်မေ့တိုင်း မရဏာဿတိကမ္မဋ္ဌာန်းမဖြစ်။

အောက်မေ့ဆင်ခြင်အပ်သော သေခြင်းမရဏကို အောက်မေ့ဆင်ခြင်သော်သာလျှင် မရဏာဿတိကမ္မဋ္ဌာန်းဖြစ်လေသည်။

မအောက်မေ့အပ်သော သေခြင်း မရဏကို အောက်မေ့ ဆင်ခြင်ပါမူ မရဏာဿတိကမ္မဋ္ဌာန်းမဖြစ်။

ထို့ကြောင့် သေခြင်းမရဏကို အောက်မေ့ရာ၌ အောက်မေ့အပ်သော သေခြင်းမရဏ, မအောက်မေ့အပ်သော သေခြင်း မရဏဟု မရဏကို နှစ်မျိုးခွဲ၍ သိအပ်၏။

## အောက်မေ့အပ်သော သေခြင်း မရဏ

ထိုနှစ်မျိုးသောသေခြင်းမရဏတို့တွင် အောက်မေ့အပ်သော သေခြင်း မရဏဟူသည်ကား။ ။တခုတခုသော ဘဝ၌ အဆက်မပြတ်ဖြစ်၍ နေသော သတ္တဝါတို့၏ အသက်ဇီဝိန်သည် ရှိ၏၊ ထိုအသက်ဇီဝိန်၏ ပျက်စီးခြင်း, သေခြင်းသည် သေခြင်း မရဏ မည်၏၊ ထိုသေခြင်း မရဏကား အောက်မေ့ဆင်ခြင်အပ်သော မရဏမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ၌-

မဂ္ဂါနန္တိ ကောဘဝပရိယာပန္နဿ ဗီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ။

ဟု မိန့်ဆို၏။

ဤကား အောက်မေ့အပ်သော သေခြင်း မရဏကို ပြဆိုချက်တည်း။

---

## မအောက်မေ့အပ်သော သေခြင်း မရဏ

မအောက်မေ့အပ်သော သေခြင်းမရဏဟူသည်ကား။ ။ရဟန္တာ အရှင်မြတ်တို့၏ ဝဋ္ဋဒုက္ခ၏ ပြတ်စဲခြင်း,ချုပ်ငြိမ်းခြင်းသည် သေခြင်းမရဏ မည်၏၊ ထိုသေခြင်းမရဏကား သမုစ္ဆေဒမရဏမည်၏။

ရုပ်နာမ် သင်္ခါရတရားတို့၏ ကာလမစဲ အမြဲ ချုပ်ပျောက် ပျက်စီး၍ နေသော ခဏဘင်သည်လည်း သေခြင်းမရဏ မည်၏၊ ထိုသေခြင်းမရဏ ကား ခဏိကမရဏမည်၏။

သစ်ပင်သေသည်, ကြေးသေသည်, သံသေသည်, ပြဒါးသေသည် စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုအပ်သော ဝေါဟာရပညတ်သည်လည်း သေခြင်းမရဏ မည်၏၊ ထိုသေခြင်းမရဏကား သမ္မုတိမရဏမည်၏။

သမ္မုတိမရဏ မည်ရခြင်း၏အကြောင်းကား။ ။သစ်ပင်စသည်တို့၌ အသက်ဇီဝိန်မရှိသော်လည်း သစ်ပင်စသည်တို့၏ စိမ်းစိုသော အဖြစ်မှ ခြောက်သွေ့သော အဖြစ်သို့ရောက်ခြင်းကိုပင်လျှင် သေသည်ဟုခေါ်ဝေါ် ပညတ်အပ်သောကြောင့် သမ္မုတိမရဏမည်လေသည်။

ပြဆိုအပ်ပြီးသော ထိုသမုစ္ဆေဒမရဏ စသည်တို့ကား မရဏဿတိ ကမ္မဋ္ဌာန်းအရာ၌ အလိုမရှိအပ် မအောက်မေ့အပ်သော မရဏတို့ မည် ကုန်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ၌-

ယံ ပနေတံ အရဟန္တာနံ ဝဋ္ဋဒုက္ခသမုစ္ဆေဒသင်္ခါတံ

သမုစ္ဆေဒမရဏံ။

သခ်ါရာနံ ခဏာဘင်္ဂသင်္ါတံ ခဏိကမရဏံ ရုက္ခော
မတော လောဟံ မတန္တိအာဒိသု သမ္မုတိ မရဏဥ္စ။ ။
န တံ ဣဓ အဓိပ္ပေတံ။ ။ဟု မိန့်ဆိုသည်။

---

## မရဏအပြား

**အောက်မေ့အပ်သော မရဏသည်ကား။** ။၄-မျိုးရှိ၏။ ထို မရဏ ၄-မျိုးဟူသည်....

၁။ ။အာယုက္ခယ မရဏ။
၂။ ။ကမ္မက္ခယ မရဏ။
၃။ ။ဥဘယက္ခယ မရဏ။
၄။ ။ဥပစ္ဆေဒက မရဏ။

ဤသို့ မရဏ ၄-မျိုးရှိ၏။

**အာယုက္ခယမရဏဟူသည်ကား။** ။ထိုထိုဘုံတို့၌ ပိုင်းခြားအပ်သော သက်တန်း၏ ကုန်ဆုံးခြင်းကြောင့် အသက်၏ သေရခြင်းသည် အာယုက္ခယမရဏမည်၏။

ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌—

တံတံ ဂတိသု ယထာ ပရိစ္ဆိန္နဿ အာယုနော ပရိက္ခ
ယေန မရဏံ အာယုက္ခယမရဏံ။ ။ဟု မိန့်ဆို၏။

---

**ကမ္မက္ခယမရဏဟူသည်ကား။** ။ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ ကုန်ခြင်းကြောင့် အသက်၏ သေရခြင်းသည် ကမ္မက္ခယမရဏ မည်၏။

ထို့ကြောင့် ဋီကာကျော်၌—

တံတံ ဘဝသာကေဿ ကမ္မုနော ပရိနိဋ္ဌိတဝိပါ
ကတ္တာ မရဏံ ကမ္မက္ခယမရဏံ။ ။ဟု မိန့်ဆို၏။

---

**ဥဘယက္ခယမရဏဟူသည်ကား။** ။သက်တန်း, ကံ, နှစ်ပါးစုံ ကုန်ခြင်းကြောင့် အသက်၏သေရခြင်းသည် ဥဘယက္ခယမရဏမည်၏။

ထို့ကြောင့် ဋီကာကျော်၌—

အာယုကမ္မာနံ သမကမေဝ ပရိက္ခီဏတ္တာ မရဏံ ဥဘယက္ခယမရဏံ။ ။ဟု မိန့်ဆို၏။

---

**ဥပစ္ဆေဒကမရဏဟူသည်ကား**။ ။သက်တန်းလည်း မကုန်သေး၊ ကံလည်း မကုန်သေး၊ သက်တန်းကံနှစ်ပါးစုံ ရှိသေး၍ သေချိန်သို့ မရောက်သေးသည်ဖြစ်ပါလျက် ကြားကာလ၌ ဆိုးဝါးကြမ်းကြုတ်သော အကုသိုလ်ကံ၏ ဖိစီးနှိပ်စက်ဖျက်ဆီးခြင်းကြောင့် အသက်၏ သေရခြင်းသည် ဥပစ္ဆေဒကမရဏမည်၏။

ထို့ကြောင့် ဋီကာကျော်၌—

သတိပိ တသ္မိံ ဒုဝိဓေ ပုရိမဘာဝသိဒ္ဓယာ ကဿစိ ဥပစ္ဆေဒက ကမ္မုနော ဗလေန သတ္တဟာရဏာဒီဟိ ဥပက္ကမေဟိ ဥပစ္ဆိဇ္ဇမာနသန္တာနာနံ၊ ဂုဏမဟန္တေသုဝါ ကတေန ကေနစိ ဥပက္ကမေန အာယူဟိတဥပစ္ဆေဒက ကမ္မုနာ ပဋိဗာဟိတသာမတ္ထိယဿ ကမ္မဿ တံတံ အတ္တဘာဝပ္ပဝတ္တနေ အသမတ္ထဘာဝတော ဒုသိမာရ, ကလာဗုရာဇာဒီနံဝိယ တခ်ဏေယေဝ ဌာနာစာဝန ဝသေန ပဝတ္တမရဏံ ဥပစ္ဆေဒကမရဏံနာမ။ ။ ဟု မိန့်ဆို၏။

ဤကား မရဏ ၄-ပါးကို ပြဆိုချက်တည်း။

## ကာလမရဏ

ပြဆိုအပ်ပြီးသော ထို ၄-ပါးသော မရဏတို့တွင် အာယုက္ခယမရဏ, ကမ္မက္ခယမရဏ, ဥဘယက္ခယမရဏ၊ ဤသုံးပါးသော မရဏတို့သည် သေချိန်သို့ရောက်၍ သေရမည့် ကာလ၌သာလျှင် သေသောမရဏတို့ ဖြစ်ကြခြင်းကြောင့် ကာလမရဏတို့ မည်ကုန်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ၌—

ကာလမရဏံ ပုညက္ခယေနဝါ အာယုက္ခယေနဝါ ဥဘယက္ခယေနဝါ ဟောတိ။ ။ဟု မိန့်ဆို၏။

## အကာလမရဏ

ဥပစ္ဆေဒက မရဏသည် သက်တန်း, ကံ, နှစ်ပါးစုံ ရှိသည်ဖြစ်၍ သေချိန်သို့ မရောက်သေးသည်ဖြစ်ပါလျက် ဆိုးဝါးသော အကုသိုလ်ကံ၏ ဖိစီးနှိပ်စက်မှုကြောင့် ကြားကာလ၌ သေရသော မရဏဖြစ်ခြင်းကြောင့် အကာလမရဏမည်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

အကာလမရဏံ ကမ္မုပစ္ဆေဒကကမ္မဝသေန။ ။ဟုမိန့်ဆို၏။

ပြဆိုအပ်ပြီးသော အာယုက္ခယစသော မရဏတို့သည် အသက်ဇီဝိန်၏ ချုပ်ငြိမ်းကွယ်ပျောက်၍ သေခြင်းသို့ရောက်သော မရဏတို့ ဖြစ်ကြခြင်းကြောင့် မရဏဿတိကမ္မဋ္ဌာန်း၌ အောက်မေ့ ဆင်ခြင်အပ်သော မရဏတို့မည်ကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

တံ သဗ္ဗမ္ပိ ဝုတ္တပကာရေန ဇီဝိတိန္ဒြိယုပစ္ဆေဒေန သင်္ဂဟိတံ။ ဣတိ ဇီဝိတိန္ဒြိယုပစ္ဆေဒသင်္ခါတဿ မရဏဿ သရဏံ မရဏဿတိ။ ။ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ပြဆိုအပ်ပြီးသော အောက်မေ့အပ်သော. မရဏတို့ကို အောက်မေ့ဆင်ခြင်သော်သာလျှင် မရဏဿတိ ကမ္မဋ္ဌာန်းမည်လေသည်။

## သေခြင်းကိုအောက်မေ့ဆင်ခြင်နည်း

အောက်မေ့ဆင်ခြင်အပ်သော မရဏကို အောက်မေ့ ဆင်ခြင်ရာ၌ အောက်မေ့ဆင်ခြင်သောနည်းသည်။

သင့်လျော်မှန်ကန်သော အောက်မေ့ဆင်ခြင်နည်း။

မသင့်လျော် မမှန်ကန်သောအောက်မေ့ဆင်ခြင်နည်း။

ဤသို့ အောက်မေ့ဆင်ခြင်နည်း နှစ်မျိုးရှိ၏။

## သင့်လျော်မှန်ကန်သော အောက်မေ့ဆင်ခြင်နည်း

သေခြင်းမရဏကို အောက်မေ့ဆင်ခြင်သော နည်းနှစ်မျိုးတို့တွင် သင့်လျော်မှန်ကန်သော အောက်မေ့ဆင်ခြင်နည်း ဟူသည်ကား။ ။သတ်၍သေကြကုန်သော သတ္တဝါတို့၏ သေခြင်းကိုဖြစ်စေ, အလိုအလျောက်သေကြကုန်သော သတ္တဝါတို့၏ သေခြင်းကိုဖြစ်စေ ထိုသတ္တဝါတို့၏သေခြင်းကို တွေ့အပ်မြင်အပ်သည်ရှိသော် ထိုသတ္တဝါတို့၏ သေခြင်းကို ရှု၍တွေးဆဆင်ခြင်ရာ၏။

## တွေးဆဆင်ခြင်ပုံ

ထိုသတ္တဝါတို့သည် သေကြလေကုန်ပြီ၊ ၎င်းသတ္တဝါတို့၏သေကြရခြင်းကား၊ ထိုသတ္တဝါတို့သည် သေချင်ကြကုန်သည်ဖြစ်၍ သေကြသည်မဟုတ်ကုန်၊ သေမျိုးမဟုတ်ကြပါဘဲလျက်လည်း သေကြသည်မဟုတ်ကုန်။

အမှန်စင်စစ်ကား ထိုသတ္တဝါတို့သည် သေမျိုးမှ ပေါက်ဖွားကြကုန်သည်ဖြစ်၍ သေမျိုးဖြစ်ကြသောကြောင့် သေချင်ကြသည်ဖြစ်စေ, မသေချင်ကြသည်ဖြစ်စေ, သေမျိုးဟု သိကြသည်ဖြစ်စေ, မသိကြသည်ဖြစ်စေ, သေရသည့်သဘောဖြစ်၍ သေကြရကုန်သည်။

သတ္တဝါဟူသမျှတို့သည် သေမျိုးတို့ပါတကား။

သတ္တဝါဟူသမျှတို့သည် သေခြင်းကို မလွန်နိုင်ကြပါကုန်တကား။

သတ္တဝါဟူသမျှတို့သည် သေခြင်းသာလျှင် အဆုံး ရှိကြပါကုန်၏တကား။

ဤသို့ သတ္တဝါတို့၏ သေရခြင်းသဘောကို တွေးဆ ဆင်ခြင်ရာ၏။

သတ္တဝါတို့၏ သေမျိုး၏အဖြစ်ကို ဘုရားရှင်သည် ကောသလမင်းကြီးအား သဂါထာဝဂ် ကောသလသံယုတ်ပါဠိတော် တတိယဝဂ် အယျိကာသုတ်၌—

သဗ္ဗေသတ္တာ မဟာရာဇ မရဏဓမ္မာ မရဏ ပရိယောသာနာ မရဏံ အနတီတာ။ ။ဟု ဟောတော်မူ၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မရဏဓမ္မာ၊ သေခြင်းသဘော ရှိကုန်၏။ မရဏပရိယောသာနာ၊ သေခြင်းလျှင်အဆုံးရှိကုန်၏။ မရဏံ၊ သေရခြင်း သဘောကို။ အနတိတာ၊ မလွန်နိုင်ကြကုန်။

## ထို့ပြင်ဆင်ခြင်ရန်မှာ

ငယ်ကုန်သောသူတို့၏ သေခြင်းကိုငင်း၊ ကြီးကုန်သော သူတို့၏ သေခြင်းကိုငင်း၊ မိုက်ကုန်သောသူတို့၏ သေခြင်းကိုငင်း၊ လိမ္မာကုန်သောသူတို့၏သေခြင်းကိုငင်း၊ ဆင်းရဲကုန်သောသူတို့၏ သေခြင်းကိုငင်း၊ ချမ်းသာကုန်သောသူတို့၏ သေခြင်းကိုငင်း၊ ထိုသူတို့၏ သေခြင်းကိုလည်း တွေးဆဆင်ခြင်ရာ၏။

## ဆင်ခြင်ပုံ

ထိုသူတို့သည်လည်း သေကြရကုန်ပြီ၊ ထိုသူတို့၏ သေရခြင်းကား။ ထိုသူတို့သည် သေချင်၍ သေကြရသည်မဟုတ်ကုန်၊ သေမျိုး မဟုတ်ပါဘဲလျက်လည်း သေကြရသည်မဟုတ်ကုန်။

အမှန်ကား။ ။ထိုသူတို့သည် သေရသည့် သေမျိုး ဖြစ်ခြင်းကြောင့် ငယ်လျက်နှင့်လည်း သေကြရကုန်၏၊ ကြီးလျက်နှင့်လည်း သေကြရကုန်၏၊ မိုက်လျက်နှင့်လည်း သေကြရကုန်၏၊ လိမ္မာလျက်နှင့်လည်း သေကြရကုန်၏၊ ဆင်းရဲလျက်နှင့်လည်း သေကြရကုန်၏၊ ချမ်းသာလျက်နှင့်လည်း သေကြရကုန်၏။

ကြီးကြီး, ငယ်ငယ်, ဆင်းရဲ, ချမ်းသာ မရွေး ကောင်း, ဆိုးဟူသမျှ လောက၌ ရှိကြကုန်သော သတ္တဝါတို့သည်၊ သေရသည့် သေမျိုး ဖြစ်ကြကုန်သည့်အလျောက် သေခြင်းသို့ ရောက်ကြရလေကုန်သည်။

သေခြင်းသို့ ရောက်ကြ ရခြင်းကြောင့် နံနက်အခါ၌ တွေ့မြင်အပ်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့တွင် အချို့သောသူတို့ကို ညဥ့်ချမ်းအခါ၌ သေကြကုန်သည်ဖြစ်၍ မတွေ့မမြင်အပ်တော့ကုန်။

ညဉ့်ချမ်း အခါ၌ တွေ့မြင်အပ်ကုန်သော ပုဂ္ဂိုလ် အပေါင်းတို့တွင်လည်း အချို့သောသူတို့ကို နံနက်အခါ၌ သေကြကုန်သည်ဖြစ်၍ မတွေ့မမြင်အပ်တော့ကုန်။

ထို့ကြောင့် ဘုရားရှင်သည် ကောဒသကနိပါတ် ဒသရထဇာတ်၌—

ဒဟရာစ ဟိ ဝုဍ္ဎာစ၊ယေဗာလာ ယေစ ပဏ္ဍိတာ။
အဍ္ဎာစေဝ ဒလိဒ္ဒါစ၊ သဗ္ဗေ မစ္စုပရာယဏာ။
သာယမေကေ နဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟုဇ္ဇနာ။
ပါတော ဧကေ နဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟုဇ္ဇနာ။ ။

ဟု ဟောတော်မူ၏။

ဟိ၊ မှန်၏။ ဒဟရာ၊ ငယ်ရွယ်ကုန်သော။ ယေပုဂ္ဂလာစ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဝုဍ္ဎာ၊ ကြီးကုန်သော။ ယေပုဂ္ဂလာစ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဗာလာ၊ မိုက်ကုန်သော။ ယေပုဂ္ဂလာစ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ပဏ္ဍိတာ၊ ပညာ ရှိကြကုန်သော။ ယေပုဂ္ဂလာစ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ အဍ္ဎာ၊ ကြွယ်ဝကုန်သော။ ယေပုဂ္ဂလာစ၊ အကြင်ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ ဒလိဒ္ဒါ၊ ဆင်းရဲနွမ်းပါးကုန်သော။ ယေပုဂ္ဂလာစ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။သဗ္ဗေ၊ခပ်သိမ်းကုန်သော။တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ မစ္စုပရာယဏာ၊ သေခြင်းသာလျှင် လည်းလျောင်းရာရှိကြကုန်၏။

ပါတော၊ နံနက်အခါ၌။ ဗဟုဇ္ဇနာ၊ များစွာသောသူတို့ကို။ ဒိဋ္ဌာ၊ မြင်အပ်ကုန်၏။ သာယံ၊ ညဉ့်ချမ်းအခါ၌။ တေသု၊ ထိုမြင်အပ်သောသူတို့တွင်။ ဧကေ၊ အချို့သောသူတို့ကို။ မတာ၊ သေကြကုန်သည်ဖြစ်၍။ နဒိဿန္တိ၊ မမြင်အပ်တော့ကုန်။

သာယံ၊ ညဉ့်ချမ်းအခါ၌။ ဗဟုဇ္ဇနာ၊ များစွာသောသူတို့ကို။ ဒိဋ္ဌာ၊ မြင်အပ်ကုန်၏။ ပါတော၊ နံနက်အခါ၌။ တေသု၊ ထိုမြင်အပ်သောသူတို့တွင်။ ဧကေ၊ အချို့သောသူတို့ကို။ မတာ၊ သေကြကုန်သည် ဖြစ်၍။ နဒိဿန္တိ၊ မမြင်အပ်တော့ကုန်။

ဤသို့ သတ္တဝါတို့သည် သေရသည့် သေမျိုး ဖြစ်ကြကုန်၍ သေပြီး, သေဆဲ, သေလတ္တံ့ကုန်သော ထိုသတ္တဝါတို့၏ သေရခြင်းသဘောကို ဉာဏ်ဖြင့်သိအောင် တွေးဆဆင်ခြင်ရာ၏။

ထိုသတ္တဝါတို့၏ သေရခြင်းသဘောကို တွေးဆ ဆင်ခြင်ပြီးနောက် မိမိ၏ သေမျိုး၏အဖြစ်ကိုရင်း, သေရမည့် အဖြစ်ကိုရင်း, ဉာဏ်ဖြင့်သိအောင် တွေးဆဆင်ခြင်ရာ၏။

## ဆင်ခြင်ပုံ

ငါသည်လည်း ထိုသူတို့ကဲ့သို့ သေမျိုးမှ ပေါက်ဖွားလာ၍ သေရမည့် သေမျိုးပင်ဖြစ်၏၊ သေမျိုးဖြစ်ခြင်းကြောင့် ငါသည်လည်း ထိုသူတို့ကဲ့သို့ ကေန်မုချ သေရမည်ပါတကားဟု မိမိ၏ သေရမည့် အဖြစ်ကို ဆင်ခြင်ရာ၏။

ဤသို့ သတ္တဝါတို့၏ သေရသည့်သဘော, မိမိ၏သေရမည့် သဘောကို ဉာဏ်ဖြင့်သိအောင် တွေးဆဆင်ခြင်ပြီးလျှင်-

ငါသည် ကေန် သေရလတ္တံ့, သေရလတ္တံ့။
သေရချေမည်၊ သေရချေမည်။

ဤသို့ မရဏဿတိကို မိအောင်, သိအောင် ပွားများ အောက်မေ့ရာ၏။

ဤပြဆိုအပ်ပြီးသောနည်းဖြင့် အောက်မေ့ဆင်ခြင်သော နည်းသည် သေခြင်းသဘောကို ဉာဏ်ဖြင့်သိအောင် ဆင်ခြင်၍ အောက်မေ့ဆင်ခြင်သော နည်းဖြစ်ခြင်းကြောင့် သင့်လျော်မှန်ကန်သော အောက်မေ့ဆင်ခြင်နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ၌—

တတ္ထတတ္ထ ဟာတမတသတ္တေ ဩလောကေတွာ
ဒိဋ္ဌပုဗ္ဗသမ္ပတ္တီနံ သတ္တာနံ မတာနံ မရဏံ အာဝဇ္ဇေတွာ
သတိဉ္စ သံဝေဂဉ္စ ဉာဏဉ္စ ယောဇေတွာ "မရဏံ
ဘဝိဿတိ" တိ အာဒိနာ နယေန မနသိကာရော ပဝတ္တေ

တဗ္ဗော။ ဧဝံ ပဝတ္တေန္တော ဟိ ယောနိသော ပဝတ္တေတိ
ဥပါယေန ပဝတ္တေတီတိအတ္တော။ ။ဟု မိန့်ဆို၏။

ဤကား အဋ္ဌကထာ၌ပြဆိုအပ်သော အောက်မေ့ဆင်ခြင်နည်းတည်း။

ထို့ပြင် ဘုရားရှင် ဟောအပ်သော အောက်မေ့ ဆင်ခြင်နည်းဖြင့်လည်း အောက်မေ့ဆင်ခြင်၍ မရဏဿတိကို ပွားများရာ၏။

## ဘုရားရှင် ဟောအပ်သော နည်းကား

ဘုရားရှင်သည် အင်္ဂုတ္တိုရ်ပါဠိတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ်၊ အာဠဝီ တိုင်းသား ဖြစ်ကြကုန်သော ဒါယကာ-ဒါယိကာမတို့အား မရဏဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်ကြရန် ဟောကြား ဆုံးမတော်မူပြီးနောက် မရဏဿတိကို ပွားများရာ၌ လျော်ကန် သင့်မြတ်သော ပွားများနည်းကို ဤသို့ဟောပြတော်မူ၏။

သတ္တာ ဘတ္တကိစ္စာဝသာနေ အနုမောဒနံ ကရောန္တော။
အဒ္ဓုဝံ မေ ဇီဝိတံ၊
ဓုဝံ မေ မရဏံ၊
အဝဿံ မယာ မရိတဗ္ဗမေဝ၊
မရဏပရိယောသာနံ မေ ဇီဝိတံ၊
ဇီဝိတံ မေ အနိယတံ၊
မရဏံ နိယတန္တိ ဧဝံ မရဏဿတိံ ဘာဝေထ။

ဤကား ဘုရားဟောအပ်သော အောက်မေ့ဆင်ခြင်နည်းတည်း။

## ထိုဆင်ခြင်နည်းအရ ဆင်ခြင်ပုံကား

ငါ၏အသက်သည် မမြဲချေ။
ငါ၏သေခြင်းကား မြဲ၏။
ငါသည် မချွတ်သေရာ၏။
ငါ၏အသက်သည် သေခြင်းလျှင်အဆုံးရှိ၏။
ငါ၏အသက်သည် အမြဲမရှိ။
ငါ၏သေရခြင်းကား မလွဲဖြစ်မည်သာတည်း။

ရင်းနည်းကို ဓမ္မပဒအဋ္ဌကထာ လောကဝဂ် ပေသကာရ ဝတ္ထုဌ် ပြဆိုသည်။

ထို့ပြင် အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ်နိဝရဏဝဂ် အဘိဏှသုတ်၌လည်း မရဏဿတိပွားများနည်းကို ဘုရားရှင်သည် ဟောပြတော်မူ၏။

## အဘိဏှသုတ်ကား

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

ဇရာဓမ္မောမှိ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

မရဏဓမ္မောမှိ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ပ ။

သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ပ ။

ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ပ ။

ဤကားအဘိဏှသုတ်တည်း။

## ထိုသုတ်အရ ဆင်ခြင်ပုံကား

ငါကား အိုတတ်သောအိုမျိုးတည်း၊ အိုရခြင်းကို မလွန်နိုင်၊ ငါသည် ကေန်အိုရလတ္တံ့ အိုရလတ္တံ့။

ဤသို့ယောကျ်ားဖြစ်စေ, မိန်းမဖြစ်စေ, လူဖြစ်စေ, ရဟန်းဖြစ်စေ, အမြဲမပြတ် ဆင်ခြင်၍ နေအပ်၏။

ငါကား နာတတ်သဘော နာမျိုးတည်း၊ နာရခြင်းကို မလွန်နိုင်၊ ငါသည် ကေန်နာရလတ္တံ့ နာရလတ္တံ့။

ငါကားသေတတ်သဘော သေမျိုးတည်း၊ သေရခြင်းကို မလွန်နိုင်၊ ငါသည် ကေန်သေရလတ္တံ့ သေရလတ္တံ့။

ငါ၏ ချစ်သောသူတို့နှင့် ကွဲရခြင်း, ခွဲရခြင်းသည် ငါ့အား ဖြစ်မြဲမမှတာတည်း၊ ငါသည် ချစ်သောသူတို့နှင့် ကွဲရလတ္တံ့ ခွဲရလတ္တံ့။

ငါကား ငါပြုအပ်သောကုသိုလ်ကံ အကုသိုလ်ကံကို အမွေခံယူသော သူတည်း၊ ငါပြုအပ်သောကံသည် ငါ၏အမွေဥစ္စာတည်း။

ဤသို့ ယောကျ်ားဖြစ်စေ, မိန်းမဖြစ်စေ, လူဖြစ်စေ, ရဟန်းဖြစ်စေ, အမြဲမပြတ် ဆင်ခြင်၍နေအပ်၏။

ဤကား အဘိဏှသုတ်အရ ဆင်ခြင်ပုံတည်း။

ထိုသုတ်၌ "မရဏဓမ္မောမှိမရဏံအနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"ဟူသော ဒေသနာတော်ဖြင့် မရဏသာတိ ပွားများ နှလုံး သွင်းနည်းကို ဟောပြတော်မူသည်။

ဤသို့ ပါဠိတော်အဋ္ဌကထာတို့၌ မရဏဿတိပွားများနည်းကို ပြဆိုခြင်းကြောင့် မရဏဿတိကိုပွားများလိုသောယောဂီပုဂ္ဂိုလ်သည် သတ္တဝါတို့၏ သေခြင်းသဘော သေမျိုး၏အဖြစ်ကို ဉာဏ်ဖြင့်သိအောင် ဆင်ခြင်၍သာလျှင် မရဏဿတိကို ပွားများရာ၏။

ထိုပွားများဆင်ခြင်နည်းဖြင့် မရဏဿတိကို ပွားများဆင်ခြင်သော် သာလျှင် သင့်လျော်မှန်ကန်သော ပွားများဆင်ခြင်နည်းမည်၏။

## ရင်းဆင်ခြင်နည်းဖြင့်ရအပ်သောအကျိုး

သင့်လျော်မှန်ကန်သော ပွားများဆင်ခြင်နည်းဖြင့် ပွားများဆင်ခြင် သော်သာလျှင် မရဏဿတိကမ္မဋ္ဌာန်းဖြစ်၍ ယောဂီပုဂ္ဂိုလ်သည်·

ကာမစ္ဆန္ဒနီဝရဏစသော နီဝရဏတို့မှ ကင်းလွတ်ခြင်း တည်းဟူသော အကျိုး။

သေခြင်းလျှင်အာရုံရှိသော သတိ၏ ကောင်းစွာ တည်နေခြင်း တည်းဟူသော အကျိုး။

မရဏဿတိ၏ ဥပစာရဘာဝနာသို့ရောက်ခြင်း တည်းဟူသော အကျိုး။

ၑင်းအကျိုးတို့ကိုရရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

ဧဝံ ပဝတ္တယတောယေဝ ဟိ ဧကစ္စဿ နီဝရဏာနိ ဝိက္ခမ္ဘန္တိ၊ မရဏာရမ္မဏာသတိ သဏ္ဌာတိ၊ ဥပစာရပ္ပတ္တမေဝ ကမ္မဋ္ဌာနံ ဟောတိ။ ။ဟုမိန့်ဆို၏။

ဤကား မရဏဿတိကိုပွားများရာ၌ သင့်လျော်မှန်ကန်သောပွားများ နှလုံးသွင်းနည်းကို ပြဆိုချက်တည်း။

## မသင့်လျော်မမှန်သော ပွားများဆင်ခြင်နည်း

မရဏဿတိကို ပွားများဆင်ခြင်ရာ၌ သတ္တဝါတို့၏သေခြင်းသဘောကို သတိသံဝေဂဖြစ်အောင် မတွေးဆ မဆင်ခြင်မူ၍ သေခြင်းသက်သက်မျှကိုသာ အောက်မေ့ ဆင်ခြင်သောနည်းသည် မသင့်လျော်မမှန်သော အောက်မေ့ ဆင်ခြင်နည်း မည်၏။

ၑင်းအောက်မေ့ဆင်ခြင်နည်းကို မလျော်မမှန်သော ဆင်ခြင်နည်းဟု ဆိုရခြင်း၏အကြောင်းကား။ ထိုအောက်မေ့ဆင်ခြင်နည်းသည် သေခြင်းကို အောက်မေ့ ဆင်ခြင်သည်ကား မှန်၏။ ထိုသို့ မှန် သော်လည်း ထိုအောက်မေ့ဆင်ခြင်နည်းသည် သတ္တဝါတို့၏သေခြင်းသဘောကို သတိသံဝေဂဖြစ်ပေါ်အောင် ဉာဏ်ဖြင့်တွေးဆဆင်ခြင်မှုကိုမပြုမူ၍ သေခြင်းသက်သက်မျှကိုသာ အောက်မေ့ဆင်ခြင်သည်ဖြစ်၍ အစဉ်အလာလူတိုင်း သိနေကြဖြစ်သောအသိဖြင့် အောက်မေ့ ဆင်ခြင်အပ်သောနည်း ဖြစ်ခြင်း

ကြောင့် ၎င်းအောက်မေ့ဆင်ခြင်နည်းကို မလျော်မမှန်သော အောက်မေ့ဆင်ခြင် နည်းဟု ဆိုအပ်သည်။

လူတိုင်း သိနေကြ ဖြစ်သော အစဉ်အလာ အသိဟူသည်ကား။ ။ယောကျ်ား, မိန်းမ, ကလေး, လူကြီး, စသောသူတို့၏ သေခြင်းကိုမြင်၍၎င်း, လူတို့၏သေရခြင်းကား ထုံးစံမွတာတည်းဟု ပြောသံကို ကြား၍ ၎င်း, လူတို့သည်သေကြရကုန်၏ဟု အမှတ်ပြုထားကြကုန်၏။

ထိုအသိမျိုးကား ဉာဏ်ဖြင့်သိခြင်းမဟုတ် သညာဖြင့် အမှတ်ပြု၍ သိခြင်းကြောင့် သိရိုးသိစဉ် ဖြစ်သော အစဉ်အလာအသိ မည်၏။

ထိုအသိမျိုးကိုကား အရက်သမား, ဘိန်းစား, သူခိုး, ဒါးပြ, တံငါ, မုဆိုး, တို့ပါမကျန် လူတိုင်းသိကြကုန်၏။

ဉာဏ်မပါ သညာဖြင့်သိသော ထိုအသိမျိုးဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သော် ကမ္မဋ္ဌာန်းဘာဝနာမဖြစ် အကုသိုလ်တည်းဟူသော အပြစ်သာဖြစ်ရာ၏။

## အပြစ်ဖြစ်ပုံကား

ချစ်သောသူ၏ သေခြင်းကို အောက်မေ့ရာ၌ အောက်မေ့သောသူအား သံဝေဂမဖြစ်ပေ ပူဆွေးသောကသာလျှင် ဖြစ်ပေါ်ရာ၏။

**ဥပမာကား။** ။သားသမီးတို့၏ သေခြင်းကို အောက်မေ့သောအမိအား ပူဆွေးသောကဖြစ်ပေါ်သကဲ့သို့ ထို့အတူ ပူဆွေးသောကသာလျှင် ဖြစ်ပေါ်ရာ၏။

မုန်းသောသူတို့၏ သေခြင်းကို အောက်မေ့ရာ၌ အောက်မေ့သောသူအား ဝမ်းသာအားရခြင်းသာလျှင် ဖြစ်ပေါ်ရာ၏။

**ဥပမာ။** ။မိမိ၏ရန်သူ၏သေခြင်းကိုမြင်ရ ကြားရသောသူအား ဝမ်းမြောက် ဝမ်းသာဖြစ်သကဲ့သို့ ထို့အတူ ဝမ်းမြောက်ဝမ်းသာ သာလျှင်ဖြစ်ရာ၏။

လျစ်လျူရှုအပ်သောသူ၏ သေခြင်းကိုအောက်မေ့ရာ၌ အောက်မေ့သောသူသည် လျစ်လျူရှု၍သာနေရာ၏။

**ဥပမာ**။ ။သူကောင်မြုပ်သော သုဘရာဇာ၏ လျစ်လျူရှုခြင်းကဲ့သို့ ထို့အတူ လျစ်လျူရှု၍သာနေရာ၏။

မိမိ၏သေရမည့်အဖြစ်ကို အောက်မေ့ရာ၌ ထိုအောက်မေ့သောသူအား ထိတ်လန့်ကြောက်ရွံ့ခြင်းသာဖြစ်ရာ၏။

**ဥပမာ**။ ။မိမိကိုဒါး,သေနတ်,စသည်တို့ဖြင့်သတ်မည်ပြုသော် အလွန်ကြောက်ရွံ့သကဲ့သို့ ထို့အတူအလွန်ကြောက်ရွံ့လျက်သာနေရာ၏။

ဤသို့မလျော်မမှန်သော အောက်မေ့ဆင်ခြင်နည်းဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သော် ကမ္မဋ္ဌာန်းဘာဝနာမဖြစ် အပြစ်သာဖြစ်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ၌—

အယောနိသော ပဝတ္တယတော ဟိ ဣဋ္ဌဇနမရဏာနုဿရဏေ သောကော ဥပ္ပဇ္ဇတိ ဝိဇာတမာတုယာ ပိယပုတ္တမရဏာနုဿရဏေဝိယ။

အနိဋ္ဌဇနမရဏာနုဿရဏေ ပါမောဇ္ဇံ ဥပ္ပဇ္ဇတိ ဝေရီနံ ဝေရိမရဏာနုဿရဏေဝိယ။

မဇ္ဈတ္တဇနမရဏာနုဿရဏေ သံဝေဂေါ နဥပ္ပဇ္ဇတိ မတကဠေဝရဒဿနေ ဆဝဍ္ဍာဟကဿဝိယ။

အတ္တနော မရဏာနုဿရဏေ သန္တာသော ဥပ္ပဇ္ဇတိ ဥက္ခိတ္တာသိကံ ဝဓကံ ဒိသွာ ဘီရုကဇာတိကဿဝိယ။

တဒေတံ သဗ္ဗမ္ပိ သတိသံဝေဂဉာဏဝိရဟတော ဟောတိ။ ။ဟု မိန့်ဆို၏။

ဤကား မသင့်လျော် မမှန်သော အောက်မေ့ဆင်ခြင်နည်းကို ပြဆိုချက်တည်း။

---

မရဏဿတိကို ပွားများဆင်ခြင်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် မလျော်မမှန်သော အောက်မေ့ဆင်ခြင်နည်းဖြင့် အောက်မေ့ဆင်ခြင်ခြင်းကိုမပြုမူ၍ သင့်မြတ်လျော်ကန်သော အောက်မေ့ ဆင်ခြင်နည်းဖြင့်သာလျှင် မရဏဿတိကိုပွားများဆင်ခြင်ကုန်ရာသည်။

ယောဂီပုဂ္ဂိုလ်တို့သည် သင့်လျော်မှန်ကန်သော အောက်မေ့ဆင်ခြင်နည်းဖြင့် မရဏဿတိကို ပွားများကြပါကုန်လျက် မရဏဿတိကို ပိုင်ပိုင်မိမိ မရကြကုန်သေး သတိသံဝေဂဉာဏ်လည်း မဖြစ်ပေါ်ကြကုန်သေးလျှင် ဤဆိုလတ္တံ့သော အကြောင်းအခြင်းအရာ တို့ဖြင့်လည်း သေခြင်းကိုတွေးဆဆင်ခြင်၍ မရဏဿတိကို ပွားများကုန်ရာ၏။

## အကြောင်းအခြင်းအရာ(၈)ပါး

၁။ ။ဝဓကပစ္စုပဋ္ဌာန
၂။ ။သမ္ပတ္တိဝိပတ္တိ
၃။ ။ဥပသံဟရဏ
၄။ ။ကာယဗဟုသာဓာရဏ
၅။ ။အာယုဒုဗ္ဗလ
၆။ ။အနိမိတ္တ
၇။ ။အဒ္ဓါနပရိစ္ဆေဒ
၈။ ။ခဏပရိတ္တ

ဤကား မရဏဿတိကို ပွားများဆင်ခြင်ရာသော အကြောင်းအခြင်းအရာ (၈)ပါးတို့တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိ ကမ္မဋ္ဌာနနိဒ္ဒေသ၌—

ယဿ ပန ဧွံ ကရောတော န ဟောတိ၊ တေန ဝဓက ပစ္စုပဋ္ဌာနတော, သမ္ပတ္တိဝိပတ္တိတော, ဥပသံဟရဏတော,ကာယဗဟုသာဓာရဏတော, အာယုဒုဗ္ဗလတော, အနိမိတ္တတော, အဒ္ဓါနပရိစ္ဆေဒတော, ခဏပရိတ္တတောတိ ဣမေဟိ အဋ္ဌဟာကာရေဟိ မရဏံ အနုဿရိတဗ္ဗံ။ ။

ဟုမိန့်ဆို၏။

## ဝဓကပစ္စုပဋ္ဌာနအားဖြင့် ဆင်ခြင်နည်း

ဝဓကပစ္စုပဋ္ဌာနအားဖြင့် ဆင်ခြင်နည်း ဟူသည်ကား။ ။လူသတ် သမားသည် ဒါးလက်နက်တို့ဖြင့် ချိန်ရွယ်လျက် သတ်ရန် သတ်အပ် သောသူ၏ အနီး၌ ရပ်နေဘိသကဲ့သို့ ထို့အတူ သေခြင်းသည်လည်း သတ္တဝါတို့၏ အနီး၌ ကပ်လျက်သာလျှင် တည်နေ၏။ သို့ဖြစ်၍ သေ ခြင်းသည် ငါ၏အနီး၌ ကပ်လျက် တည်နေပါတကားဟု ထိုသေခြင်း သဘောကို သိအောင် တွေးဆဆင်ခြင်၍—

သေခြင်းသည် ငါ၏အနီး၌ ကပ်လျက်တည်နေ၏။
ငါသည်ကေန်သေရလတ္တံ့-သေရလတ္တံ့။
သေရချေမည်-သေရချေမည်။

ဤသို့နှလုံးသွင်း၍ ပွားများရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ယထာ ဟိ ဣမဿ သီသံ ဆိန္ဒိဿာမီတိ အသိံ ဂဟေတွာ ဂီဝါယ စာရယမာနော ဝဓကော ပစ္စုပဋ္ဌိ တောဝ ဟောတိ၊ ဧဝံ မရဏမ္ပိ ပစ္စုပဋ္ဌိတမေဝါတိ အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

## အနီး၌ သေခြင်း၏ ကပ်လျက်တည်နေပုံ

သေခြင်းသည် သတ္တဝါတို့၏ အနီး၌ ကပ်လျက်တည်နေ၏ဟုဆိုရာ၌ သတ္တဝါတို့၏အနီး၌ သေခြင်း၏တည်နေပုံကား။ ။ဖြစ်လာကြကုန်သော သတ္တဝါတို့သည် ဖြစ်စကပင်လျှင် သေခြင်းတရားကို ယူ၍ ဖြစ်လာကြ ကုန်၏။

**ဥပမာ**။ ။မြေကြီးမှထွက်လာသော မှိုငုံသည် မြေမှထွက်စကပင် လျှင် ထိပ်ဖျားဖြင့် မြေမှုန့်ကို ယူဆောင်လာသကဲ့သို့ ထို့အတူ သတ္တဝါ တို့သည်လည်း ဖြစ်စကပင်လျှင် သေခြင်းကို ယူ၍သာလျှင် ဖြစ်လာကြ သဖြင့် သေခြင်းသည်အနီး၌ကပ်လျက် တည်နေသည်မည်၏။

ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

ယထာ ဟိ အဟိစ္ဆတ္တကမကုဋံ မတ္ထကေန ပံသုံ
ဂဟေတွာဝ ဥဂ္ဂစ္ဆတိ၊ ဧဝံ သတ္တာ ဇရာမရဏံ ဂဟေ
တွာဝ နိဗ္ဗတ္တန္တိ။ ။ဟု မိန့်ဆို၏။

ဤသို့ သတ္တဝါတို့သည် ဖြစ်စကပင်လျှင် သေခြင်းကို ယူ၍လာခြင်းကြောင့် ဖြစ်လာသော အချိန်မှစ၍ အချိန်မငဲ့ နာရီမဆိုင်း သေခြင်းသို့ ရှေးရှု၍ အစဉ်မပြတ် ချဉ်းကပ်လျက်ရှိကြကုန်၏။

**ဥပမာ။** ။အရှေ့အရပ်မှ ထွက်၍လာသော နေသည် နေဝင်ရာ အနောက်အရပ်သို့ ရှေးရှုဦးတည်လျက် လျင်သော အဟုန်ဖြင့် အစဉ်မပြတ် ပြေးသွားလျက်နေ၏၊ လမ်း၌ ရပ်တန့်ခြင်းလည်းမရှိ လှည့်၍ ပြန်ခြင်းလည်းမရှိ။

နေသည် အရှေ့မှ အနောက်သို့ လျင်သောအဟုန်ဖြင့် အစဉ်မပြတ် ပြေးသွားနေဘိသကဲ့သို့ ထို့အတူ ဖြစ်လာကြသော သတ္တဝါတို့သည်လည်း သေခြင်းသို့ အချိန်မငဲ့ နာရီမဆိုင်း အစဉ်မပြတ် ချဉ်းကပ်လျက်သာလျှင် ရှိကြကုန်၏။

**ဥပမာတနည်းသော်ကား။** ။တောင်ထိပ်မှ စီးဆင်းသော ရေသည် နိမ့်ရာတောင်အောက်သို့ ရှေးရှုဦးတည်လျက် လျင်သော အဟုန်ဖြင့် အစဉ်မပြတ် စီးဆင်းလျက်နေ၏၊ တောင်ထိပ်သို့ပြန်၍ ဆန်တက်ခြင်းမရှိ ရပ်တန့်၍နေခြင်းလည်းမရှိ။

ရေသည် တောင်ထိပ်မှ တောင်အောက်သို့ လျင်သော အဟုန်ဖြင့် အစဉ်မပြတ် စီးဆင်း နေဘိသကဲ့သို့ ထို့အတူ ဖြစ်လာသော သတ္တဝါတို့သည်လည်း သေခြင်းသို့ အချိန်မငဲ့ နာရီမဆိုင်း အစဉ်မပြတ် ချဉ်းကပ်လျက်သာလျှင် ရှိကြကုန်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ၌—

သေသတ္တော ဇာတကာလတော ပဋ္ဌာယ ယထာ
နာမ ဥဋ္ဌိတော သူရိယော အတ္ထာဘိမုခေါ ဂစ္ဆတေဝ၊
ဂတဂတဋ္ဌာနတော ဤသကမ္ပိ န နိဝတ္တတိ။

ယထာဝါ နဒီ ပဗ္ဗတေယျာ သီဃသောတာ ဟာရ
ဟာရိနီ သန္ဓတေဝ ဝတ္တတေဝ ဤသကမ္ပိ နနိဝတ္တတိ၊
ဧဝံ ဤသကမ္ပိ အနိဝတ္တမာနေ၁ မရဏာဘိမုခေါဝ
ယာတိ။ ။ဟု မိန့်ဆို၏။

ဤသို့ဖြစ်လာသော သတ္တဝါတို့သည် သေခြင်းသို့ အစဉ်မပြတ် ချဉ်းကပ်လျက်ရှိကြခြင်းကြောင့် သတ္တဝါတို့၏ အသက်သည်လည်း တနေ့ကုန်သဖြင့် တနေ့ယုတ်လျော့၏၊ တရက်ကုန်သဖြင့် တရက် ယုတ်လျော့၏၊ တနှစ်ကုန်သဖြင့် တနှစ်ယုတ်လျော့၏။

ဤသို့ သတ္တဝါတို့၏ အသက်သည် နေ့, ရက်, လ, နှစ်တို့၏ ကုန်ခြင်းဖြင့် အမြဲယုတ်လျော့၍ နေခြင်းကြောင့် သေခြင်းသည် သတ္တဝါတို့၏ အနီး၌ကပ်လျက် တည်နေသည်မည်၏။

**ဥပမာ**။ ။မြစ်ငယ်, ချောင်းငယ်၌ရှိသောရေသည် နွေအခါ နေပူရှိန်ကြောင့် နေ့စဉ်ယုတ်လျော့၍ ကုန်ခန်းခြင်းကဲ့သို့ရင်း။

သစ်သီးတို့သည် နံနက်အခါ အညှာ၏ အတွင်းသို့ ရေရောက်သဖြင့် အညှာ၏ ဖွဲ့စည်းမှု အားသေးခြင်းကြောင့် သစ်သီးတို့၏ ကြွေခြင်းကဲ့သို့ရင်း။

မြေအိုးတို့ကို ရိုက်ခွဲသော် ပြိုကွဲပျက်စီးခြင်းကဲ့သို့ရင်း။

မြက်ဖျား၌ တည်နေသော နှင်းပေါက်တို့သည် နေပူရှိန် ဟပ်သဖြင့် ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ရင်း။

ထို့အတူ သတ္တဝါတို့၏ အနီး၌ သေခြင်းသည်လည်း ချဉ်းကပ်လျက် သာလျှင်တည်နေ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဧဝံ ဇဓ္ဓတော စဿ ဂိမှာဘိတတ္တာနံ ကုန္နဒီနံ ခယော
ဝိယ။

ပါတော အာပေါ ရသာနုဂတဗန္ဓနာနံ ဒုမပ္ဖလာ
နံ ပတနံဝိယ။

မုဂ္ဂရာဘိတာဥ္မိတာနံ မတ္တိကာဘာဇနာနံ ဘေဒေါ ဝိယ၊
သုရိယရသ္မိ သမ္ဖုဋ္ဌာနံ ဥဿာဝဗိန္ဒူနံ ဝိဒ္ဓံသနံ
ဝိယစ မရဏမေဝ အာသန္နံ ဟောတိ။ ။ဟု မိန့်ဆို၏။

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် သေခြင်းသည် သတ္တဝါတို့၏ အနီး၌ကပ်လျက် တည်နေသည်၏ အဖြစ်ကို ဆင်ခြင်၍—

သေခြင်းသည် ငါ၏အနီး၌ ကပ်လျက် တည်နေပါတကား။
ငါသည် ဧကန် သေရလတ္တံ့ သေရလတ္တံ့။
သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားများရာ၏။

ထိုသို့ ပွားများခြင်းသည် ဝဓကပစ္စုပဋ္ဌာန အခြင်းအရာ အားဖြင့် ပွားများသည်မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

သဟဇာတိယာ အာဂတော ဇီဝိတ ဟရဏတော စ
ဥက္ခိတ္တာသိကော ဝဓကော ဝိယ မရဏမ္ပိ ပစ္စုပဋ္ဌိတမေ
ဝါတိ ဧဝံ ဝဓကပစ္စုပဋ္ဌာနတော မရဏံ အနုဿရိ
တဗ္ဗံ။ ဟု မိန့်ဆို၏။

ဤကား ဝဓကပစ္စုပဋ္ဌာန အခြင်းအရာ အားဖြင့် မရဏဿတိ ပွားများနည်းကို ပြဆိုချက်တည်း။

---

## သမ္ပတ္တိဝိပ္ပတ္တိအခြင်းအရာအားဖြင့် ဆင်ခြင်နည်း

သမ္ပတ္တိဝိပ္ပတ္တိအခြင်းအရာအားဖြင့် ဆင်ခြင်နည်းဟူသည်ကား။ ။ ပြည့်စုံသော စည်းစိမ်သည် ပျက်စီးရခြင်းကို မလွန်နိုင်၊ ပျက်စီးရခြင်း လျှင် အဆုံးရှိရသကဲ့သို့ ထို့အတူ အသက်ရှင်၍ နေခြင်း သည် လည်း သေခြင်းလျှင် အဆုံးရှိသည်၏ အဖြစ်ကိုသာလျှင်ဆင်ခြင်၍ မရဏဿတိ ကို ပွားများခြင်းသည် သမ္ပတ္တိဝိပ္ပတ္တိအခြင်းအရာအားဖြင့် မရဏဿတိကို ပွားများသည် မည်၏။

## ပြည့်စုံသောစည်းစိမ်၏ပျက်စီးခြင်းလျှင် အဆုံးရှိပုံကား

အသောက မင်းကြီးသည် ဇမ္ဗူဒီပါ တောင်ကျွန်း ဘကျွန်းလုံးကို အစိုးရသောမင်းဖြစ်၍ များသောစည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော စည်းစိမ်ရှင်ကြီးဖြစ်လေ၏။

ထိုမင်းသည် နောက်ဆုံး၌ ရှစ်ရှားသီး တခြမ်းစာမျှ လောက်ကိုသာ စိုးပိုင်ခြင်းရှိသည်ဖြစ်၍ ပူဆွေးသောကရောက်လျက် ဘဝဆုံးရလေ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကမ္မဋ္ဌာနနိဒ္ဒေသ၌—

သမ္ပတ္တိဝိပ္ပတ္တိတောတိ ဣမေ သမ္ပတ္တိနာမ တာဝဒေဝ သောဘတိ၊ ယာဝ နံ ဝိပ္ပတ္တိ နာဘိဘဝတိ။

နစ သာသမ္ပတ္တိနာမ အတ္ထိ၊ ယာ ဝိပ္ပတ္တိံ အတိက္ကမ္မ တိဋ္ဌေယျ။

တထာဟိ-

သကလံ မေဒနိံ ဘုတွာ၊<br>
ဒတွာကောဋိသတံ သုခီ။<br>
အဍ္ဍာမလကမတ္တဿ၊<br>
အန္တေဣဿရတံ ဂတော။<br>
တေနေဝ ဒေဟာဗန္ဓေန၊<br>
ပုညမှိ ခယမာဂတေ။<br>
မရဏာဘိမုခေါ သောပိ၊<br>
အသောကော သောကမာဂတော။

### တနည်းဆင်ခြင်ရန်မှာ

အာနာရောဂါကင်း၍ ကျန်းမာနေခြင်းသည် အနာရောဂါ ဖြစ်ရခြင်းလျှင် အဆုံးရှိချေ၏၊

ပျိုမြစ်နုနယ် ငယ်ရွယ်လျက်ရှိခြင်းသည် အရွယ်ယိုယွင်း အိုမင်းရခြင်းလျှင် အဆုံးရှိချေ၏။

ဇီဝိန်မကင်း အသက်ရှင်၍နေခြင်းသည် သေရခြင်းလျှင် အဆုံးရှိချေ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

အပိစ သဗ္ဗံ အာရောဂျံ ဗျာဓိပရိယောသာနံ,
သဗ္ဗံ ယောဗ္ဗနံ ဇရာပရိယောသာနံ,
သဗ္ဗံ ဇီဝိတံ မရဏပရိယောသာနံ။ ။ဟု မိန့်ဆို၏။

ဤသို့အဋ္ဌကထာ၌ မိန့်ဆိုခြင်းကြောင့် ရှင်လျက်နေသော အသက်၏ သေရခြင်းလျှင် အဆုံးရှိသည်၏အဖြစ်ကို ဆင်ခြင်ပြီးလျှင်-

ငါ၏အသက် ရှင်နေခြင်းကား သေခြင်းသာလျှင် အဆုံးရှိချေ၏တကား။

ငါသည် ဧကန်သေရလတ္တံ့ သေရလတ္တံ့။

သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။

ထိုသို့ နှလုံးသွင်းဆင်ခြင်ခြင်းသည် သမ္ပတ္တိဝိပ္ပတ္တိအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

ဧဝံ ဇီဝိတသမ္ပတ္တိယာ မရဏဝိပ္ပတ္တိပရိယောသာနတံ
ဝဝတ္ထပေန္တေန သမ္ပတ္တိဝိပ္ပတ္တိတော မရဏံ အနုဿရိတဗ္ဗံ။ ။ ဟုမိန့်ဆို၏။

ဤကား သမ္ပတ္တိဝိပ္ပတ္တိအားဖြင့် သေခြင်းကိုအောက်မေ့ ဆင်ခြင်နည်းကို ပြဆိုချက်တည်း။

## ဥပသံဟရဏအားဖြင့် သေခြင်းကိုအောက်မေ့ ဆင်ခြင်နည်း

ဥပသံဟရဏအားဖြင့် သေခြင်းကို အောက်မေ့ ဆင်ခြင်နည်းဟူသည်ကား။ ။သေပြီးကုန်သော ဘုန်းရှင် ကံရှင် တို့၏ သေခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏သေခြင်းကိုအောက်မေ့ ဆင်ခြင်သောနည်းသည် ဥပသံဟရဏအားဖြင့်ဆင်ခြင်နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဥပသံဟာရဏာတောတိ ပရေဟိ သဒ္ဓိံ အတ္တနော ဥပသံ
ဟာရဏာတော။ ။ဟု မိန့်ဆို၏။

## ထောက်ဆနှိုင်းယှဉ်အပ်သောပုဂ္ဂိုလ်

၁။ ။များသောအခြံအရံရှိသော .... မဟာယသပုဂ္ဂိုလ်။
၂။ ။ကြီးသောဘုန်းရှိသော .... မဟာပုညပုဂ္ဂိုလ်။
၃။ ။ကြီးသောအားအစွမ်းရှိသော.... မဟာထာမပုဂ္ဂိုလ်။
၄။ ။ကြီးသောတန်ခိုးရှိသော .... မဟိဒ္ဓိပုဂ္ဂိုလ်။
၅။ ။ကြီးသောပညာရှိသော .... မဟာပညပုဂ္ဂိုလ်။
၆။ ။ပစ္စေကဗုဒ္ဓ။
၇။ ။သမ္မာသမ္ဗုဒ္ဓ။

ဤကား နှိုင်းယှဉ်ထောက်ဆအပ်သော ပုဂ္ဂိုလ်တို့တည်း။
၎င်းပုဂ္ဂိုလ်တို့၏ သေခြင်းကို နှိုင်းယှဉ်ထောက်ဆ၍လည်း မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

တတ္ထ သတ္တဟာကာရေဟိ ဥပသံဟာရဏာတော မရဏံ
အနုဿရိတဗ္ဗံ၊ ယသမဟတ္တတော, ပုညမဟတ္တတော,
ထာမမဟတ္တတော, ဣဒ္ဓိမဟတ္တတော, ပညာမဟတ္တတော,
ပစ္စေကဗုဒ္ဓတော, သမ္မာသမ္ဗုဒ္ဓတောတိ။ ။ဟု မိန့်
ဆို၏။

## မဟာယသ ပုဂ္ဂိုလ်တို့၏ သေခြင်းကိုထောက်ဆ၍ မိမိ၏သေခြင်းကို ဆင်ခြင်ပုံ

မဟာယသပုဂ္ဂိုလ်တို့၏သေခြင်းကို ထောက်ဆ၍ မိမိ၏သေခြင်းကို ဆင်ခြင်ပုံကား။ ။မဟာသမ္မတမင်း, မန္ဓာတုမင်း, မဟာသုဒဿနမင်း, အစရှိကုန်သော မင်းတို့သည် များသောအခြံအရံရှိကြကုန်၏။

ထိုသို့များသော အခြံအရံရှိကြကုန်သော်လည်း ထိုမင်းတို့သည် သေမျိုးဖြစ်၍ သေခြင်းကို မလွန်မြောက်နိုင်ရကား သေခြင်းသို့ ရောက်ကြရလေကုန်၏၊ များသောအခြံရံတို့သည်ကား သေခြင်းကို မတားမြစ်နိုင်ကြကုန်။

များသော အခြံအရံရှိကြကုန်သောထိုမင်းတို့သည် သေခြင်းသို့ရောက်ကြရကုန်သေးလျှင် အခြံအရံမရှိသော ငါတို့မှာကား အဘယ်ဆိုဘွယ်ရာရှိကုန်အံ့နည်း ဧကန် သေကြရကုန်လတ္တံ့ဟု ထိုမင်းတို့၏ သေခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏သေရမည့်အဖြစ်ကို ဆင်ခြင်ပြီးလျှင်–

ငါသည် ထိုမင်းတို့ကဲ့သို့ ဧကန် သေရလတ္တံ့ သေရလတ္တံ့။

သေရချေမည် သေရချေမည်။

ဤသို့နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားရာ၏၊

ထိုသို့နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကိုပွားခြင်းသည် ယသမဟတ္တအားဖြင့် ဆင်ခြင်နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

မဟာယသာ ရာဇဝရာ၊ မဟာသမ္မတအာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝ ကာတိ။
ဧဝံ တာဝ ယသမဟတ္တတော အနုဿရိတဗ္ဗံ။ ။ဟုမိန့်ဆို၏။

ဤကား မဟာယသပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်ပုံကို ပြဆိုချက်တည်း။

---

## မဟာပုညပုဂ္ဂိုလ်တို့၏ သေခြင်းကိုထောက်ဆ၍ မိမိ၏သေခြင်းကိုဆင်ခြင်ပုံ

မဟာပုညပုဂ္ဂိုလ်တို့၏ သေခြင်းကိုထောက်ဆ၍ မိမိ၏သေခြင်းကို ဆင်ခြင်ပုံကား။ ။ဇောတိက, ဇဋိလ,ဥဂ္ဂ, ပုဏ္ဏ, မေဏ္ဍက, အစရှိသော သူဌေးကြီးတို့သည် ပေးကမ်းလှူဒါန်း၍ မကုန်နိုင်လောက်အောင် များ

စွာသော ပစ္စည်းဥစ္စာရှိခြင်းကြောင့် ဘုန်းရှင်ကံရှင်ကြီးတို့ဟူ၍ လောကဌ် ကျော်ကြားထင်ရှားလျက်ရှိကြကုန်၏။

ထိုသို့ ဘုန်းရှင် ကံရှင်ကြီးတို့ဟူ၍ ကျော်ကြားကြကုန် သော်သည်း ထိုဘုန်းရှင် ကံရှင်ကြီးတို့သည် သေမျိုးဖြစ်ကြကုန်၍ သေခြင်းကိုမလွန် နိုင်ရကား သေခြင်းသို့ ရောက်ကြရလေကုန်၏၊ ကြီးသော ဘုန်း,ကံ တို့ကား သေခြင်းကို မတားနိုင်ကြကုန်။

ကြီးသောဘုန်းကံရှိကုန်သော ထိုသူတို့သည် သေခြင်းသို့ရောက်ကြရ ကုန်သေးလျှင် ဘုန်းကံမရှိသောငါတို့မှာကား အဘယ်ဆိုဘွယ်ရာ ရှိကုန် အံ့နည်း၊ ကေန်သေကြရကုန်လတ္တံ့ဟု ထိုဘုန်းရှင်ကံရှင်တို့၏ သေခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏သေရမည့်အဖြစ်ကို ဆင်ခြင်ပြီးလျှင်

ငါသည်လည်း ထိုသူတို့ကဲ့သို့ ကေန်သေရလတ္တံ့ သေရလတ္တံ့။

သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏာဿတိကို ပွားရာ၏။

ထိုသို့နှလုံးသွင်းဆင်ခြင်၍ မရဏာဿတိကိုပွားခြင်းသည် ပုညမဟတ္တ အားဖြင့် ပွားများသောနည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌအထာ၌-

ဇောတိကော ဇဋိလော ဥဂ္ဂေါ၊
မေဏ္ဍကော အထ ပုဏ္ဏကော။
ဧတေစညေစ ယေလောကေ၊
မဟာပုညာတိ ဝိဿုတာ။
သဗ္ဗေ မရဏမာပန္နာ၊
မာဒိသေသု ကထာဝ ကာတိ။

ဧဝံ ပုညမဟတ္တတော အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား မဟာပုညပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်ပုံကို ပြဆိုချက်တည်း။

## မဟာထာမပုဂ္ဂိုလ်တို့၏သေခြင်းကို ထောက်ဆ၍ မိမိ၏သေခြင်းကို ဆင်ခြင်ပုံ

မဟာထာမပုဂ္ဂိုလ်တို့၏ သေခြင်းကို ထောက်ဆ၍ မိမိ၏သေခြင်းကို ဆင်ခြင်ပုံကား ။ဝါသုဒေဝမင်း, ဗလဒေဝမင်း, ဘီမသေနမင်း,ယုဓိဋ္ဌိလမင်း, စသော ပုဂ္ဂိုလ်တို့သည် အားအစွမ်းအလွန်ကြီးသော ပုဂ္ဂိုလ်တို့ဟူ၍ လောက၌ ထင်ရှားကျော်ကြားကြကုန်၏။

ထိုသို့ အားအစွမ်းကြီးကုန်သော်လည်း ထိုသူတို့သည် သေမျိုးဖြစ်၍ သေခြင်းကိုမလွန်နိုင်ရကား၊သေခြင်းသို့ရောက်ကြရလေကုန်၏။ကြီးသော အားအစွမ်းတို့သည်ကား သေခြင်းကို မတားနိုင်ကြကုန်။

( ခွန်အား ကြီးကုန်၏ဟူ၍ လောက၌ ကျော်ကြား ကြကုန်သော်လည်း ထိုသူတို့သည် သေမျိုးဖြစ်၍ သေခြင်းကို မလွန်နိုင်ရကား၊ သေခြင်းသို့ ရောက်ကြရလေကုန်၏။ )

ခွန်အားကြီးကုန်သော ထိုသူတို့သည် သေခြင်းသို့ ရောက်ကြရကုန်သေးလျှင် ခွန်အားနည်းသော ငါတို့မှာကား အဘယ်ဆိုဘွယ်ရာရှိကုန်အံ့နည်း၊ ကေန်သေကြရကုန်လတ္တံ့ဟု ခွန်အား ကြီးကုန်သော သူတို့၏ သေခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏ သေရမည့် အဖြစ်ကို ဆင်ခြင်ပြီးလျှင်—

ငါသည်လည်း ထိုသူတို့ကဲ့သို့ ကေန် သေရလတ္တံ့-သေရလတ္တံ့။

သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏာဿတိကို ပွားရာ၏။

ထိုသို့ နှလုံးသွင်း ဆင်ခြင်၍ မရဏာဿတိကို ပွားခြင်းသည် ထာမမဟတ္တအားဖြင့် ဖွားများဆင်ခြင်သောနည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဝါသုဒေဝေါ ဗလဒေဝေါ၊ ဘီမသေနော ယုဓိဋ္ဌိလော၊
စာနုရောယော မဟာမလ္လော၊ အန္တကဿ ဝသံဂတာ။

ဝေဝံ ထာမ ဗလူပေတာ၊ ဉာတိလောကမှိ ဝိဿုတာ။
ဧဝေ ပိမရဏံယာတာ၊ မာဒိသေသု ကထာ ဝကာတိ။

ဧဝံ ထာမမဟတ္တတော အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား မဟာထာမပုဂ္ဂိုလ်တို့ကို ထောက်ဆ၍ မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်ပုံကို ပြဆိုချက်တည်း။

## မဟိဒ္ဓိပုဂ္ဂိုလ်တို့၏ သေခြင်းကို ထောက်ဆ၍ မိမိ၏သေခြင်းကို ဆင်ခြင်ပုံ

မဟိဒ္ဓိပုဂ္ဂိုလ်တို့၏ သေခြင်းကိုထောက်ဆ၍ မိမိ၏သေခြင်းကိုဆင်ခြင်ပုံကား။ ။အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ဘုရား၏သာသနာတော်၌ တန်ခိုးကြီးကြကုန်သော ဘုရား၏တပည့် ပုဂ္ဂိုလ်အပေါင်းတို့တွင် တန်ခိုးအကြီးဆုံးဖြစ်၍ ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူလေသည်။

ထိုသို့ တန်ခိုးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ငြားသော်လည်း ထိုမထေရ်သည် သေမျိုးဖြစ်၍ သေခြင်းကို မလွန်နိုင်ရကား၊ သားသမင်ငယ်သည် ခြင်္သေ့မင်း၏ ခံတွင်းသို့ ရောက်ရဘိသကဲ့သို့ သေမင်း၏ ခံတွင်းသို့ ဝင်ရောက်ရလေ၏။ တန်ခိုးကား သေခြင်းကိုမတားနိုင်။

တန်ခိုးကြီးသော အရှင်မဟာမောဂ္ဂလာန်သည် သေမင်း၏ ခံတွင်းသို့ ဝင်ရောက်ရသေးလျှင် တန်ခိုးမရှိသော ငါတို့မှာကား၊ အဘယ် ဆိုဘွယ်ရာ ရှိကုန်အံ့နည်း။ ဧကန် သေကြရကုန်လတ္တံ့ဟု တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့၏ သေခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏သေရမည့် အဖြစ်ကို ဆင်ခြင်ပြီးလျှင်-

ငါသည်လည်း အရှင်မောဂ္ဂလာန်ကဲ့သို့ ဧကန် သေရလတ္တံ့ သေရလတ္တံ့။
သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏာဿတိကို ပွားရာ၏။

ထိုသို့ နှလုံးသွင်း ဆင်ခြင်၍ မရဏာဿတိကို ပွားခြင်းသည် ဣဒ္ဓိမဟတ္တအားဖြင့် ပွားများဆင်ခြင်သော နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

ပါဒင်္ဂုဋ္ဌကမတ္တေန၊ ဝေဇယန္တမကမ္ပယိ။
ယောနာမိဒ္ဓိမတံ သေဋ္ဌော၊ဒုတိယော အဂ္ဂသာဝကော။
သောပိ မစ္စုမုခံ ဃောရံ၊ မိဂေါ သီဟမုခံ ဝိယ။
ပဝိဋ္ဌော သဟ ဣဒ္ဓိဟိ၊ မာဒိသေသု ကထာဝ ကာတိ။

ဇဝံ ဣဒ္ဓိမပယတ္တတော အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား မဟိဒ္ဓိပုဂ္ဂိုလ်တို့၏ သေခြင်းကိုထောက်ဆနိုင်းယှဉ်၍ မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်ပုံကို ပြဆိုချက်တည်း။

---

## မဟာပညာပုဂ္ဂိုလ်တို့၏သေခြင်းကိုထောက်ဆ၍ မိမိ၏ သေခြင်းကို ဆင်ခြင်ပုံ

မဟာပညာပုဂ္ဂိုလ်တို့၏ သေခြင်းကို ထောက်ဆ၍ မိမိ၏ သေခြင်းကို ဆင်ခြင်ပုံကား။ ။အရှင်သာရိပုတ္တ မထေရ်မြတ်သည် ဘုရား၏ သာသနာတော်၌ ကြီးသောပညာရှိကြကုန်သော ဘုရား၏တပည့် အပေါင်းတို့တွင် ပညာအကြီးဆုံးဖြစ်၍ တေဒဂ်ဘွဲ့ထူးကို ရရှိတော်မူလေသည်။

ပညာအကြီးဆုံးပုဂ္ဂိုလ် ဖြစ်ငြားသော်လည်း ထိုမထေရ်သည် သေမျိုးဖြစ်၍ သေခြင်းကို မလွန်နိုင်ရကား၊ သေမင်း၏ အလိုသို့ ရောက်ရလေ၏၊ ပညာကား သေခြင်းကို မတားနိုင်။

ပညာကြီးသော အရှင်သာရိပုတ္တမထေရ်သည် သေမင်း၏ အလိုသို့ ရောက်ရသေးလျှင် ပညာမရှိသော ငါတို့မှာကား အဘယ်ဆိုဘွယ်ရာ ရှိကုန်အံ့နည်း။ ဧကန် သေကြရကုန်လတ္တံ့ဟု ပညာ ကြီးကုန်သော ပုဂ္ဂိုလ်တို့၏ သေခြင်းကို ထောက်ဆနိုင်းယှဉ်၍ မိမိ၏ သေရမည့်အဖြစ်ကို ဆင်ခြင်ပြီးလျှင်-

ငါသည် အရှင်သာရိပုတ္တ မထေရ်ကဲ့သို့ ဧကန် သေရလတ္တံ့ သေရလတ္တံ့။
သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားများရာ၏။

ထိုသို့ နှလုံးသွင်း ဆင်ခြင်၍ ပွားများခြင်းသည် ပညာမဟတ္တအား ဖြင့် ပွားများဆင်ခြင်သောနည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

လောကနာထံ ဌပေတွာန၊ ယေစညေ့ အတ္ထိ ပါဏိနော။
ပညာယ သာရိပုတ္တဿ၊ ကလံ နာဃ္ဃန္တိ သောဠသိံ။
ဧဝံ နာမ မဟာပညော၊ ပဌမော အဂ္ဂသာဝကော။
မရဏဿ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာတိ။

ဧဝံ ပညာမဟတ္တတော အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား မဟာပညာပုဂ္ဂိုလ်တို့၏ သေခြင်းကို ထောက်ဆ နှိုင်းယှဉ်၍ မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်ပုံကို ပြဆိုချက်တည်း။

## ပစ္စေကဗုဒ္ဓတို့၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆ၍ မိမိ၏ သေခြင်းကို ဆင်ခြင်ပုံ

ပစ္စေကဗုဒ္ဓတို့၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆ နှိုင်းယှဉ်၍ မိမိ၏ သေခြင်းကို ဆင်ခြင်ပုံကား။ ။ပစ္စေကဗုဒ္ဓအရှင်မြတ်တို့သည် မိမိတို့၏ ဝီရိယအား ဉာဏ်အားဖြင့် ကိလေသာတည်းဟူသော ရန်တို့ကို နှိမ်နင်း ဖျက်ဆီးကုန်လျက် မိမိတို့အလိုလို ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော်မူ ကြကုန်၏။

ထိုအရှင်မြတ်တို့သည် အလိုလို ကိုယ်တိုင် ပစ္စေကဗောဓိဉာဏ်သို့ ရောက်ကြကုန်သော်လည်း သေမျိုးဖြစ်၍ သေခြင်းကို မလွန်နိုင်ကုန် ရကား၊ သေခြင်းမှ မလွတ်မြောက်ကြရကုန်၊ ပစ္စေကဗောဓိဉာဏ်ကား သေခြင်းကိုမတားနိုင်။

ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော်မူကြကုန်သော ထိုအရှင်မြတ်တို့ သည် သေမင်း၏ အလိုသို့ ရောက်ကြရကုန်သေးလျှင် ငါတို့မှာကား အဘယ်ဆိုဘွယ်ရာရှိကုန်အံ့နည်း၊ ဧကန်သေကြရကုန်လတ္တံ့ဟု ပစ္စေက

ဗုဒ္ဓတို့၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆ နှိုင်းယှဉ်၍ မိမိ၏ သေရမည့် အဖြစ်ကို ဆင်ခြင်ပြီးလျှင်-

ငါသည် ဧကန် သေရလတ္တံ့ သေရလတ္တံ့။

သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားရာ၏။

ထိုသို့ ဆင်ခြင်၍ မရဏဿတိကို ပွားခြင်းသည် ပစ္စေကဗုဒ္ဓတို့၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏သေခြင်းကို အောက်မေ့ ဆင်ခြင်သော နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဂ် အဋ္ဌကထာ၌-

ယေပိ တေ အတ္တနော ဉာဏဝီရိယဗလေန သဗ္ဗ ကိလေသသတ္တုနိမ္မထနံ ကတွာ ပစ္စေကဗောဓိံ ပတ္တာ ခဂ္ဂဝိသာဏကပ္ပါ သယမ္ဘုနော၊ တေပိ မရဏတော နမုတ္တာ၊ ဣတော ပနာဟံ မုစ္စိဿာမိတိ။ ပ ။

ဧဝံ ပစ္စေကဗုဒ္ဓတော အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား ပစ္စေကဗုဒ္ဓတို့၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆ နှိုင်းယှဉ်၍ မိမိ၏သေခြင်းကို ဆင်ခြင်အောက်မေ့ပုံတည်း။

---

## သမ္မာသမ္ဗုဒ္ဓတို့၏ ပရိနိဗ္ဗာန်စံခြင်းကိုထောက်ဆ၍ မိမိ၏ သေခြင်းကို ဆင်ခြင်ပုံ

သမ္မာသမ္ဗုဒ္ဓတို့၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆ နှိုင်းယှဉ်၍ မိမိ၏ သေခြင်းကို ဆင်ခြင်ပုံကား။ ။သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် ထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ လောက၌ မည်သူတဦးတယောက်မျှ မတုပနိုင်အောင် သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်တော်ကို ရတော်မူသဖြင့် အလွန်ထူးမြတ်သော ပုဂ္ဂိုလ်တဆူ ဖြစ်တော်မူ၏။

ဘုရားရှင်သည် ထိုသို့ မည်သူမှ မတုပနိုင်အောင် ထူးမြတ်တော်မူသောလည်း သေမျိုးဖြစ်၍ သေခြင်းကို မလွန်နိုင်ရကား၊ ပရိနိဗ္ဗာန်စံခြင်းသို့ ရောက်ရတော်မူလေသည်၊ သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်ကား သေခြင်းကိုမတားနိုင်။

လောက၌ မည်သူမျှမတုပနိုင်အောင် ထူးမြတ်သော ဘုရားရှင်သည် ပရိနိဗ္ဗာန်စံခြင်းသို့ ရောက်ရသေးလျှင် ငါတို့မှာကား အဘယ်ဆိုဘွယ်ရာ ရှိကုန်အံ့နည်း၊ ဧကန်သေကြရကုန် လတ္တံ့ဟု ဘုရားရှင်၏ ပရိနိဗ္ဗာန်စံရခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏ သေရမည့် အဖြစ်ကို ဆင်ခြင်ပြီးလျှင်—

ငါသည် ဧကန်သေရလတ္တံ့—သေရလတ္တံ့။

သေရချေမည်- သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားများရာ၏။

ထိုသို့ ဆင်ခြင်၍ ပွားများခြင်းသည် ဘုရားရှင်၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆနှိုင်းယှဉ်၍ မိမိ၏သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။
နဘယေန နလဇ္ဇာယ၊ မရဏံ ဝသမာဂတံ။
နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။ ။
ဟုမိန့်ဆို၏။

ဤကား ဘုရားရှင်၏ ပရိနိဗ္ဗာန်စံခြင်းကို ထောက်ဆ၍ မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်ပုံတည်း။

ဤသို့လျှင် မဟာယသအစရှိသော ပုဂ္ဂိုလ်တို့၏သေခြင်းကို ထောက်ဆ နှိုင်းယှဉ်၍ မိမိ၏သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းသည် ဥပသံဟရဏအားဖြင့် အောက်မေ့ဆင်ခြင်သော နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

တသော၀ံ ယသမဟတ္တတာဒိသမ္ပန္နေဟိ ပရေဟိ သဒ္ဓိံ မရဏသာမညတာယ အတ္တာနံ ဥပသံဟရိတွာ တေသံဝိယ သတ္တဝိသေသာနံ မယှမ္ပိ မရဏံ ဘဝိဿတီတိ အနုဿရတော ဥပစာရပတ္တံ ကမ္မဋ္ဌာနံ ဟောတီတိ။ ဧဝံ ဥပသံဟရဏတော မရဏံ အနုဿရိတဗ္ဗံ။ ။ဟုမိန့်ဆို၏။

ဤကား ဥပသံဟရဏအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်နည်းကို ပြဆိုချက်တည်း။

---

## ကာယဗဟုသာဓာရဏအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်နည်း

ကာယဗဟုသာဓာရဏအားဖြင့် သေခြင်းကို အောက်မေ့ ဆင်ခြင်သော နည်းဟူသည်ကား။ ။ဤကိုယ်သည် များစွာသော သေခြင်း၏ အကြောင်းတို့နှင့် ဆက်ဆံလျက် ရှိသည်ဖြစ်၍ တပါးပါးသော အကြောင်းဖြင့် သေခြင်းသို့ ရောက်ရသောအဖြစ်ကို ဆင်ခြင်အောက်မေ့သော နည်းသည် ကာယဗဟုသာဓာရဏအားဖြင့် အောက်မေ့ဆင်ခြင်နည်းမည်၏။

### သေခြင်း၏ များစွာသော အကြောင်းတို့ကား

ကိုယ်၏ အပေါ်ရေကိုမှီ၍ နေကြကုန်သော ပိုးသတ္တဝါတို့သည် အပေါ်ရေကို စားကြကုန်လျက် အပေါ်ရေ၌သာလျှင် ကျင်ကြီး, ကျင်ငယ်တို့ကို စွန့်ကြကုန်၏။ အပေါ်ရေ၌ ပေါက်ဖွား၍ အပေါ်ရေ၌သာလျှင် သေခြင်းသို့ ရောက်ကြကုန်၏။

ဤကိုယ်သည် ထိုပိုးသတ္တဝါတို့၏ သားဖွားရာ အိမ်လည်းဖြစ်၏၊ ကျင်ကြီး,ကျင်ငယ်, စွန့်ရာအိမ်သာလည်းဖြစ်၏၊ သူနာအိမ်လည်းဖြစ်၏၊ သုသာန်သင်းချိုင်းလည်း ဖြစ်၏။

ကိုယ်၏ အတွင်းရေကို မှီ၍နေကြကုန်သော ပိုးသတ္တဝါတို့သည် အတွင်းရေကို စားကြကုန်လျက် အတွင်းရေ၌သာလျှင် ကျင်ကြီး, ကျင်ငယ်,တို့ကို စွန့်ကြကုန်၏။

အတွင်းရေ၌ ပေါက်ဖွား၍ အတွင်းရေ၌သာလျှင် သေခြင်းသို့ ရောက်ကြကုန်၏။

ဤကိုယ်သည် ထိုပိုးသတ္တဝါတို့၏ သားဖွားရာအိမ်လည်း ဖြစ်၏၊ ကျင်ကြီး, ကျင်ငယ်,စွန့်ရာ အိမ်သာလည်းဖြစ်၏၊ သူနာအိမ်လည်းဖြစ်၏၊ သုသာန်သင်းချိုင်းလည်း ဖြစ်၏။

အသားကိုမှီ၍ နေကြကုန်သော ပိုးသတ္တဝါတို့သည် အသားကို စားကြကုန်လျက် အသား၌သာလျှင် ကျင်ကြီး,ကျင်ငယ်,တို့ကို စွန့်ကြကုန်၏။

အသား၌ ပေါက်ဖွား၍ အသား၌သာလျှင် သေခြင်းသို့ရောက်ကြကုန်၏။

ဤကိုယ်သည် ထိုပိုးသတ္တဝါတို့၏ သားဖွားရာ အိမ်လည်းဖြစ်၏၊ ကျင်ကြီး, ကျင်ငယ်,စွန့်ရာ အိမ်သာလည်းဖြစ်၏၊ သူနာအိမ်လည်းဖြစ်၏၊ သုသာန်သင်းချိုင်းလည်းဖြစ်၏။

အကြောကိုမှီ၍ နေကြကုန်သော ပိုးသတ္တဝါတို့သည် အကြောကို စားကြကုန်လျက် အကြော၌သာလျှင် ကျင်ကြီး,ကျင်ငယ်,တို့ကို စွန့်ကြကုန်၏။

အကြော၌ ပေါက်ဖွား၍ အကြော၌သာလျှင် သေခြင်းသို့ရောက်ကြကုန်၏။

ဤကိုယ်သည် ထိုပိုးသတ္တဝါတို့၏ သားဖွားရာ အိမ်လည်းဖြစ်၏၊ ကျင်ကြီး, ကျင်ငယ်,စွန့်ရာ အိမ်သာလည်းဖြစ်၏၊ သူနာ အိမ်လည်း ဖြစ်၏၊ သုသာန်သင်းချိုင်းလည်းဖြစ်၏။

အရိုး, ရိုးတွင်းခြင်ဆီ, စသည်တို့ကို မှီ၍နေကြကုန်သော ပိုးသတ္တဝါတို့သည်လည်း အရိုးစသည်တို့ကို စားကြကုန်လျက် အရိုးစသည်တို့၌သာလျှင် ကျင်ကြီး,ကျင်ငယ်,တို့ကို စွန့်ကြကုန်၏။

အရိုးစသည်တို့၌ ပေါက်ဖွား၍ အရိုးစသည်တို့၌သာလျှင် သေကြကုန်၏။

ဤကိုယ်သည် ထိုပိုးသတ္တဝါတို့၏ သားဖွားရာအိမ်လည်း ဖြစ်၏၊ ကျင်ကြီး, ကျင်ငယ်, စွန့်ရာအိမ်သာလည်း ဖြစ်၏၊သူနာအိမ်လည်းဖြစ်၏၊ သုသာန်သင်းချိုင်းလည်းဖြစ်၏။

ထိုပိုးသတ္တဝါတို့သည် ဖေါက်ပြန်ပျက်စီးခြင်းသို့ ရောက်ကုန်သည်ရှိသော် ဤကိုယ်သည် သေခြင်းသို့ ရောက်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

> ကာယောဝ နေသံ သူတိဃရဥ္စေဝ ဂိလာန
> သာလာစ သုသာနဥ္စ ဝစ္စကုဋိစ ပဿာဝဒေါဏိကာ
> စ၊ သွာယံ တေသမ္ပိ ကိမိကုလာနံ ပကောပေန မရဏာ
> နိဂစ္ဆတိယေဝ။ ။ဟုမိန့်ဆို၏။

ဤသို့လျှင် ဤကိုယ်သည် သေခြင်း၏အကြောင်းဖြစ်သော များစွာသော ပိုးသတ္တဝါတို့နှင့် ဆက်ဆံခြင်း ရှိသည် ဖြစ်၍ ထို ပိုးသတ္တဝါတို့၏။ ဖေါက်ပြန်ပျက်စီးခြင်းဖြင့် ဤကိုယ်၏သေခြင်းသို့ ရောက်ရာသော အဖြစ်ကိုရင်း,

ထိုမှ တပါး ဤကိုယ်သည် သေခြင်း၏ အကြောင်းဖြစ်သော အမျိုးမျိုးသော ရောဂါဝေဒနာတို့နှင့်လည်းကောင်း မြွေ,ကင်း,သန်း, စသည်တို့နှင့်လည်းကောင်း, ဒါး, လှံ, လေး, မြှား, စသော လက်နက်တို့နှင့်လည်းကောင်း မသင့်သော အစာအဟာရတို့နှင့် လည်းကောင်း, ဆက်ဆံလျက်ရှိ၏။

ထိုရောဂါစသည်တို့သည် ကိုယ်၌ကျရောက်ကုန်သည်ရှိသော် ဤကိုယ်သည် သေခြင်းသို့ရောက်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌--

> အဇ္ဈတ္တိကာနံယေဝ အနေကသတာနံ ရောဂါနံ
> ဗာဟိရာနဥ္စ အဟိဝိစ္ဆိကာဒီနံ မရဏဿ ပစ္စယာနံ
> သာဓာရဏော။

ယထာဟ ဝိစတုမဟာဘူတေ ဥပဝိတော လက္ခဏိ သမ္ဗဒ်
သာဟိ အာဂတာ သရ, သတ္တိ, တောမရ, ပါသာဏာဒ
ယော နိပတန္တိ၊ ဧဝံ ကာယေပိ သမ္ပုပဒ္ဒဝါ နိပတန္တိ။
သွာယံ တေသမ္ပိ ဥပဒ္ဒဝါနံ နိပါတေန မရဏံ နိဂစ္ဆတိ
ယေဝ။ ။ဟု မိန့်ဆို၏။

ဤသို့လျှင် ကိုယ်သည် များစွာသောသေခြင်း၏ အကြောင်းတို့နှင့် ဆက်ဆံခြင်းရှိသည်ဖြစ်၍ ထိုအကြောင်းတို့ဖြင့် သေခြင်းသို့ ရောက်ရသော အဖြစ်ကို ဆင်ခြင်၍-

ငါသည် သေခြင်း၏ များစွာသော အကြောင်းတို့နှင့် ဆက်ဆံခြင်းရှိသည်ဖြစ်၍ သေရမည်ကား မလွဲသည်သာတည်း။

ငါသည် သေရလတ္တံ့-သေရလတ္တံ့။

သေရချေမည်- သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားရာ၏။

ထိုသို့ ဆင်ခြင်၍ မရဏဿတိကို ပွားခြင်းသည် ကာယဗဟုသာဓာရဏ အခြင်းအရာအားဖြင့် အောက်မေ့ဆင်ခြင်နည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဧဝံ ကာယဗဟုသာဓာရဏတော မရဏံ အနုဿရိ
တဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား ကာယဗဟုသာဓာရဏအခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သောနည်းကို ပြဆိုချက်တည်း။

## အာယုဒုဗ္ဗလ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ ဆင်ခြင်နည်း

အာယုဒုဗ္ဗလ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းဟူသည်ကား။ ။အသက်၏ အားနည်းသော အဖြစ်ကို ဆင်ခြင်၍ သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းသည် အာယု

ဒုဗ္ဗလ အခြင်းအရာအားဖြင့် သေခြင်းကိုအောက်မေ့ဆင်ခြင်သောနည်း မည်၏။

## အသက်၏ အားနည်းပုံကား

အသက်ဇီဝိန်သည် ထွက်လေ, ဝင်လေ, နှင့် ဆက်စပ်၍ ဖြစ်၏၊ ထို့ကြောင့် အသက်သည် အားနည်း၏။

သီတ, ဥဏှ,ဥတုနှစ်ပါးနှင့်လည်း ဆက်စပ်၍ဖြစ်၏၊ ထို့ကြောင့် အသက်သည် အားနည်း၏။

ဣရိယာပုထ် လေးပါးနှင့်လည်း ဆက်စပ်၍ဖြစ်၏၊ ထို့ကြောင့် အသက်သည် အားနည်း၏။

မဟာဘုတ် လေးပါးနှင့်လည်း ဆက်စပ်၍ဖြစ်၏၊ ထို့ကြောင့် အသက်သည် အားနည်း၏။

အစာအာဟာရနှင့်လည်း ဆက်စပ်၍ဖြစ်၏၊ ထို့ကြောင့် အသက်သည် အားနည်း၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

> အာယုဒုဗ္ဗလတောတိ အာယုနာမေတံ အဗလံ ဒုဗ္ဗလံ။ တထာဟိ သတ္တာနံ ဇီဝိတံ အဿာသပဿာသူပနိဗဒ္ဓဉ္စေဝ ဣရိယာပထူပနိဗဒ္ဓဉ္စ သီတုဏှူပနိဗဒ္ဓဉ္စ မဟာဘူတူပနိဗဒ္ဓဉ္စ ရူပနိဗဒ္ဓဉ္စ။ ။ဟု မိန့်ဆို၏။

အသက်ဇီဝိန်သည် ထွက်လေ,ဝင်လေ,နှစ်ပါးနှင့် ဆက်စပ်၍ဖြစ်ခြင်းကြောင့် ထွက်လေ, ဝင်လေ, နှစ်ပါးတို့သည် ထွက်ခြင်း ဝင်ခြင်းရှိကြကုန်သော်သာလျှင် အသက်ရှင်၍နေနိုင်သည်၊ ထွက်လေ, ဝင်လေ, နှစ်ပါးသည် ဖြစ်ခြင်းမရှိသော် သေရာ၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌--

> ဗဟိနိက္ခန္တနာသိကဝါတေ ပန အန္တော အပဝိသန္တေ ပဝိဋ္ဌေဝါ အနိက္ခမန္တေ မတောနာမ ဟောတိ။ ။ဟု မိန့်ဆို၏။

အသက်ဇီဝိန်သည် ဣရိယာပုထ် လေးပါးတို့နှင့်လည်း ဆက်စပ်၍ ဖြစ်ခြင်းကြောင့် လေးပါးသော ဣရိယာပုထ်တို့သည် ညီမျှစွာ ဖြစ်ခြင်း ရှိကုန်သော်သာလျှင် အသက်ရှင်၍နေနိုင်သည်၊ လေးပါးသော ဣရိယာပုထ်တို့သည် မညီမညွတ် ဖေါက်ပြန် ပျက်စီးကုန်သည်ရှိသော် အသက်သည် သေရာ၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

စတုန္နံ ဣရိယာပထာနမ္ပိ သမဝုတ္တိတံ လဘမာနမေဝ ပဝတ္တတိ။ အညတရညတရဿ ပန အဓိမတ္တတာယ အာယုသင်္ခါရာ ဥပစ္ဆိဇ္ဇန္တိ။ ။ဟု မိန့်ဆို၏။

အသက်ဇီဝိန်သည် သီတ, ဥဏှ, ဥတုနှစ်ပါးနှင့်လည်း ဆက်စပ်၍ဖြစ်ခြင်းကြောင့် သီတ, ဥဏှ, ဥတုနှစ်ပါးသည် မျှတစွာဖြစ်ခြင်း ရှိသော်သာလျှင် အသက်ရှင်၍နေနိုင်သည်၊ ၎င်းဥတုနှစ်ပါးသည် ချို့ယွင်း ဖေါက်ပြန်သည်ရှိသော် အသက်သည် သေရာ၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

အတိသီတေန ပန အတိဥဏှေနဝါ အဘိဘူတဿ ဝိပဇ္ဇတိ။ ။ ဟုမိန့်ဆို၏။

အသက်ဇီဝိန်သည် မဟာဘုတ်လေးပါးနှင့်လည်း ဆက်စပ်၍ ဖြစ်ခြင်းကြောင့် လေးပါးသော မဟာဘုတ်တို့သည် ညီညွတ်စွာဖြစ်ခြင်း ရှိကုန်သော်သာလျှင် အသက် ရှင်၍ နေနိုင်သည်၊ ၎င်းမဟာဘုတ်တို့သည် ဖေါက်ပြန်ပျက်စီးကုန်သည်ရှိသော် အသက်သည် သေရာ၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

ပထဝီဓာတုယာ ပန အာပေါဓာတုအာဒီနံဝါ အညတရညတရဿ ပကောပေန ဗလသမ္ပန္နောပိ ပုဂ္ဂလော ပတ္ထဒ္ဓကာယောဝါ အတိသာရာဒိဝသေန ကိလိန္နပူတိကာယောဝါ မဟာဍာဟပရေတောဝါ သမ္ဘိဇ္ဇမာန သန္ဓိဗန္ဓနောဝါ ဟုတွာ ဇီဝိတက္ခယံ ပါပုဏာတိ။ ။ဟု မိန့်ဆို၏။

အသက်ဇီဝိန်သည် အစာအာဟာရနှင့်လည်း ဆက်စပ်၍ဖြစ်ခြင်းကြောင့် အစာအာဟာရကို သုံးဆောင်စားသောက်ရသော် သာလျှင် အသက်ရှင်၍ နေနိုင်သည်၊ အစာအာဟာရကို မသုံးဆောင် မစား သောက်ရသော် အသက်သည်သေရာ၏။

ထို့ကြောင့် ဋ္ဌကထာ၌-

ကဗဠီကာရာဟာရမ္ပိ ယုတ္တကာလေ လဘန္တဿေဝ
ဇီဝိတံ ပဝတ္တတိ၊ အာဟာရံ အလဘမာနဿ ပန
ပရိက္ခယံ ဂစ္ဆတိ။ ။ဟုမိန့်ဆို၏။

ဤသို့လျှင် အသက်၏ အစာအာဟာရစသည်တို့နှင့် ဆက်စပ်၍ဖြစ်ခြင်းကြောင့် အသက်၏အားနည်းသည်၏ အဖြစ်ကိုငင်း အစာအာဟာရ စသည်တို့၏ ချို့ယွင်းပျက်စီးခဲ့သော် အသသက်၏ သေရာသောအဖြစ်ကို ငင်း, ဆင်ခြင်၍—

ငါ၏အသက်ကား အလွန်အားနည်းသည်ဖြစ်၍ သေရမည်ကား ကေန်ဖြစ်၏။

ငါသည် သေရသတ္တံ့ သေရလတ္တံ့။

သေရချေမည် သေရချေမည်။

ဤသို့နှလုံးသွင်း၍ မရဏဿတိကိုပွားရာ၏။

ထိုသို့ဆင်ခြင်၍ မရဏဿတိကို ပွားခြင်းသည် အာယုဒုဗ္ဗလ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သောနည်းမည်၏။

ထို့ကြောင့် ဋ္ဌကထာ၌—

ဧဝံ အာယုဒုဗ္ဗလတော မရဏံ အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား အာယုဒုဗ္ဗလ အခြင်းအရာအားဖြင့် သေခြင်းကိုအောက်မေ့ ဆင်ခြင်သောနည်းကိုပြဆိုချက်တည်း။

## အနိမိတ္တအခြင်းအရာအားဖြင့်သေခြင်းကို အောက်မေ့ ဆင်ခြင်နည်း

အနိမိတ္တအခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ ဆင်ခြင်နည် ကားသည်ကား။ ။သေရမည့်ကာလစသည်ကို ပိုင်းခြားမှတ်သားကားခြင်း

မရှိသည်၏အဖြစ်ကို ဆင်ခြင်၍ သေခြင်းကို အောက်မေ့ ဆင်ခြင်သော နည်းသည် အနိမိတ္တအခြင်းအရာအားဖြင့် အောက်မေ့ဆင်ခြင်သောနည်း မည်၏။

## သေရမည့်ကာလကို ပိုင်းခြားမှတ်သားထားခြင်းမရှိပုံ

သေရမည့်ကာလကို ပိုင်းခြားမှတ်သားထားခြင်း မရှိပုံကား၊ ။လူတို့သည် အနှစ်(၅၀)တိုင်တိုင်၊ သို့မဟုတ်(၆၀)တိုင်တိုင်၊ သို့မဟုတ်(၇၀)တိုင်တိုင်စသည်ဖြင့် နေကြရကုန်၏ဟု အသက်ကိုပိုင်းခြားမှတ်သားထားခြင်းမရှိကြကုန်။

လူတို့သည် ပဋိသန္ဓေနေစအခါ၌လည်း သေကြရကုန်၏။ ပဋိသန္ဓေနေပြီးနောက် တရက်နှစ်ရက်, တလ နှစ်လ,စသည်သို့ရောက်သောအခါ၌လည်း သေကြရကုန်၏။

မွေးသောအခါ၌လည်း သေကြရကုန်၏။ မွေးပြီးနောက် တရက်နှစ်ရက်, တလ နှစ်လ, တနှစ် နှစ်နှစ် စသည်သို့ရောက်သောအခါ၌လည်း သေခြင်းသို့ရောက်ကြရကုန်၏။ အနှစ် ရှစ်ဆယ်, ကိုးဆယ်, တရာ, တရာကျော် စသည်သို့ရောက်သောအခါ၌လည်းသေခြင်းသို့ရောက်ကြရကုန်၏။

ဤသို့လျှင် သတ္တဝါတို့၏အသက်ကို ပိုင်းခြားမှတ်သားထားခြင်းမရှိ။

အသက်၏တည်နေသောကာလကို ပိုင်းခြားမှတ်သားထားခြင်း မရှိသောကြောင့် ငါသည် အချိန်အခါမရွေး သေခြင်းသို့ ရောက်ရမည်ပါတကားဟု ဆင်ခြင်၍

ငါသည် သေရလတ္တံ့၊ သေရလတ္တံ့။
သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားရာ၏။

ထို့ကြောင့် ဋ္ဌကထာ၌—

ဇီဝိတံ ဗျာဓိ ကာလော စ ဒေဟနိက္ခေပနံ ဂတိ၊ ပဉ္စေတေ ဇီဝလောကသ္မိံ အနိမိတ္တာ န နာယရေ။

ကလလကာလေပိ ဟိ သတ္တာ မရန္တိ၊ အဗ္ဗုဒ,ပေသိ, ဃန,မာသိက,ဒွေမာသ, တေမာသ, စတုမာသ,ပဉ္စမာသ, ဒသမာသကာလေပိ၊

ကုစ္ဆိတော နိက္ခန္တသမယေပိ။ တတောပရံ ဝဿ
သတဿ အစ္စယေပိ ဗဟိပိ မရန္တိယေဝ။ ။ဟု မိန့်ဆို၏။

## သေရမည့်အနာရောဂါကိုပိုင်းခြားမှတ်သားထားခြင်း မရှိပုံ

သေရမည့်အနာရောဂါကို ပိုင်းခြားမှတ်သားထားခြင်း မရှိပုံကား။ သတ္တဝါတို့သည် ဤမည်သော အနာရောဂါဖြင့် သေကြရကုန်၏ဟု အနာရောဂါကို ပိုင်းခြားမှတ်သားထားခြင်းမရှိ၊အနာရောဂါ အမျိုးမျိုးတို့တွင် တခုခုသောအနာရောဂါဖြင့် သေကြရကုန်၏။

အနာရောဂါကို ပိုင်းခြား မှတ်သားထားခြင်းမရှိသောကြောင့် ငါသည် အမှတ်မရှိ တခုခုသော အနာရောဂါဖြင့် သေရမည်ပါတကားဟု ဆင်ခြင်၍

ငါသည် သေရလတ္တံ့ သေရလတ္တံ့။
သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားရာ၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

ဗျာဓိပိ လ္လမိနာဝဗျာဓိနာ သတ္တာ မရန္တိ၊ နာညေ
နာတိ ဝဝတ္ထာနာဘာဝတော အနိမိတ္တော။

စက္ခုရောဂေနာပိ ဟိ သတ္တာ မရန္တိ၊ သောတ
ရောဂါဒီနံ အညတရေနာပိ။ ။ဟု မိန့်ဆို၏။

## သေရမည့်အချိန်ကို ပိုင်းခြား မှတ်သားထားခြင်း မရှိပုံ

သေရမည့်အချိန်ကို ပိုင်းခြားမှတ်သားထားခြင်း မရှိပုံကား။ ။ သတ္တဝါတို့သည် ဤမည်သောအချိန်အခါ၌ သာလျှင် သေကြရကုန်၏။

တပါးသောအချိန်အခါ၌ မသေကြကုန်၊ ဤသို့သေရမည့် အချိန်အခါကို ပိုင်းခြားမှတ်သားထားခြင်းမရှိ။

သေရမည့် အချိန်ကို ပိုင်းခြား မှတ်သားထားခြင်း မရှိသောကြောင့် သတ္တဝါတို့သည် နံနက်အခါ၌လည်း သေကြရကုန်၏။ မွန်းတည့်အခါ၌လည်း သေကြရကုန်၏၊ ညချမ်းအခါ၌လည်း သေကြရကုန်၏၊ နေ့အခါ၌လည်း သေကြရကုန်၏၊ ညဉ့်အခါ၌လည်း သေကြရကုန်၏။

ဤသို့ အချိန်အခါမရွေး သေကြရသောကြောင့် ငါသည်လည်း အချိန်မရွေး သေရမည်ပါတကားဟု ဆင်ခြင်၍

ငါသည် သေရလတ္တံ့ သေရလတ္တံ့။
သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားရာ၏။

ထိုသို့ သေရမည့်ကာလစသည်ကို ပိုင်းခြားမှတ်သားထားခြင်း မရှိသည်၏အဖြစ်ကို ဆင်ခြင်၍ မိမိ၏အချိန်အခါမရွေး သေရမည့်အဖြစ်ကို အောက်မေ့ဆင်ခြင်သော နည်းသည် အနိမိတ္တ အခြင်းအရာ အားဖြင့် အောက်မေ့ဆင်ခြင်သောနည်းမည်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

ဧဝံ အနိမိတ္တတော မရဏံ အနုဿရိတဗ္ဗံ။ ။ဟု မိန့်ဆို၏။

ဤကား အနိမိတ္တ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သောနည်းကိုပြဆိုချက်တည်း။

## အဒ္ဓါန ပရိစ္ဆေဒ အခြင်းအရာအားဖြင့် သေခြင်းကို ဆင်ခြင်နည်း

အဒ္ဓါနပရိစ္ဆေဒ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ ဆင်ခြင်နည်းဟူသည်ကား။ ။လူတို့၏ သက်တန်းကာလ တိုသည်၏ အဖြစ်ကို ဆင်ခြင်၍ သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းသည် အဒ္ဓါန ပရိစ္ဆေဒ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းမည်၏။

## လူတို့၏ သက်တန်းကာလတိုပုံကား

ယခုအခါ၌ လူတို့သည် သိန်း,သန်း,ကုဋေ,စသည်ဖြင့် အသက်ရှည်ရှည် နေကြရသည်မဟုတ်ကုန်။

များသောအားဖြင့် လူတို့သည် အသက် (၇၀) ကျော် (၈၀) မျှလောက်သာ နေကြရကုန်၏၊ အလွန်အသက်ရှည်ကြပါမူ တရာ,တရာကျော်မျှလောက်သာ အသက်ရှည်ကြကုန်၏၊ အသက်တရာ,တရာကျော်မျှလောက် အသက်ရှည်သော သူတို့သည် တထောင်မှတယောက်သို့မဟုတ် တသောင်းမှတယောက် မျှလောက်သာ ရှိကုန်၏။

ဤသို့လျှင် လူတို့၏ သက်တန်းသည် တိုလှ၏။

ထို့ကြောင့် ဘုရားရှင်သည် သဂါထာဝဂ္ဂ မာရ သံယုတ်ပါဠိတော် ဒုတိယအာယုသုတ်၌–

> အပ္ပမိဒံ ဘိက္ခဝေ မနုဿာနမာယု၊ ဂမနီယော
> သမ္ပရာယော၊ ကာတဗ္ဗံ ကုသလံ၊ စရိတဗ္ဗံ ဗြဟ္မစရိယံ၊
> နတ္ထိ ဇာတဿ အမရဏံ။
>
> ယော ဘိက္ခဝေ စိရံ ဇီဝတိ၊ သော ဝဿသတံ
> ဇီဝတိ၊ အပ္ပံဝါ ဘိယျော။ ။ဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မနုဿာနံ၊ လူတို့၏။ ဣဒံအာယု၊ ဤအသက်သည်။ အပ္ပံ၊ နည်း၏။ သမ္ပရာယော၊ တမလွန်လောကသို့။ ဂမနီယော၊ ပဋိသန္ဓေသစ်တည်သောအားဖြင့် လားရအပ်လတ္တံ့။ ကုသလံ၊ ကုသိုလ်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရိတဗ္ဗံ၊ ကျင့်အပ်၏။ ဇာတဿ၊ ဖြစ်လာသောသူအား။ အမရဏံ၊ မသေရခြင်းသည်။ နတ္ထိ၊ မရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝတိ၊ အသက်ရှင်၏။ သော၊ ထိုသူသည်။ ဝဿသတံ၊ အနှစ် တရာမျှလောက်သာလျှင်။ ဇီဝတိ၊ အသက်ရှင်၏။ ဘိယျော၊ အနှစ်တရာထက်အလွန်။ ဇီဝန္တော၊ အသက်ရှင်သောသူသည်။ ဒုတိယံဝဿသတံ၊ အနှစ်နှစ်ရာသို့။ အပါပုဏန္တော၊ မရောက်မူ၍။ ဇီဝတိ၊အသက်ရှင်၏။သောပန၊

ထိုအနှစ်တရာထက် အလွန် အသက်ရှင်သော သူသည်ကား။ အပ္ပံဝါ၊ နည်းသည်သာတည်း။

ဤသို့လျှင် လူတို့၏ သက်တန်းကာလသည် တိုလှ၏။လူတို့၏ သက်တန်းကာလ တိုသည်၏ အဖြစ်ကို ဆင်ခြင်၍-

ငါသည် သက်တန်းတိုသော ကာလ၌ဖြစ်၍ မကြာမြင့်မီ သေရမည်ပါတကား။

ငါသည် သေရလတ္တံ့ သေရလတ္တံ့။

သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏာဿတိကို ပွားရာ၏။

ထိုသို့ဆင်ခြင်၍ မရဏာဿတိကိုပွားခြင်းသည် အဒ္ဓါနပရိစ္ဆေဒ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သောနည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

ဧဝံ အဒ္ဓါနပရိစ္ဆေဒတော မရဏံ အနုဿရိတဗ္ဗံ။ ။

ဟု မိန့်ဆို၏။

ဤကား အဒ္ဓါနပရိစ္ဆေဒအခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းကို ပြဆိုချက်တည်း။

---

## ခဏပရိတ္တအားဖြင့် ဆင်ခြင်နည်း

ခဏပရိတ္တ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ ဆင်ခြင်နည်းဟူသည်ကား။ ။အသက် ပမာဏ၏ တိုသောအဖြစ်ကို ဆင်ခြင်၍ သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းသည် ခဏပရိတ္တ အခြင်းအရာအားဖြင့် အောက်မေ့ဆင်ခြင်သော နည်းမည်၏။

### အသက်၏ ပမာဏ

အသက်ဇီဝိန်သည် စိတ်နှင့်အတူဖြစ်၍ အတူချုပ်သော ပရမတ္ထတရားဖြစ်၍ စိတ်တခု၏ ပမာဏနှင့် တူမျှသော ပမာဏရှိ၏။

စိတ်သည် မျက်စိတမှိတ်ကာလအတွင်း၌ ကုဋေတသိန်းမျှမက ဖြစ်၍ ချုပ်၏ ဤသို့ စိတ်တခု၏ ပမာဏသည် အလွန်တိုလှ၏။

အသက်သည်လည်း စိတ်နှင့် အတူဖြစ်၍ အတူချုပ်ခြင်းကြောင့် မျက်စိတမှိတ်အတွင်း၌ ကုဋေတသိန်းမျှမက ဖြစ်၍ချုပ်၏။ ထို့ကြောင့် အသက်ကို မျက်စိတမှိတ်အတွင်း၌ ကုဋေတသိန်းမျှမက သေနေသည်ဟု ဆိုအပ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌=

ဧကစိတ္တက္ခဏိကံ သတ္တာနံ ဇီဝိတံ။ တသ္မိံ စိတ္တေ နိရုဒ္ဓမတ္တေ သတ္တော နိရုဒ္ဓေါတိ ဝုစ္စတိ။ ။ဟု မိန့်ဆို၏။

မျက်စိတမှိတ်အတွင်း၌ ကုဋေတသိန်းမျှမက သေနေသည်ဟုဆိုအပ်သည် ဖြစ်ပါလျက် အဘယ်ကြောင့် မောင်ဖြူ အသက်(၇၀)ရှည်သည် မောင်နီ အသက် (၈၀) ရှည်သည်၊ မောင်မဲ အသက် (၉၀) ရှည်သည် စသည်ဖြင့် ခေါ်ဆိုအပ်လေသနည်းဟူမူ-

ထိုသို့ခေါ်ဆိုခြင်းကား အသက်ပမာဏသည်(၇၀-၈၀)စသည် ပမာဏ ရှိ၍ ခေါ်ဆိုခြင်း မဟုတ်၊ စိတ်တခု၏ ပမာဏ မျှလောက် ရှိသော အသက်၏ အစဉ်မပြတ် ဆက်ခါဆက်ခါ ဖြစ်နေသော အသက်၏ ဖြစ်နေသော အစဉ်ပမာဏကို အစွဲပြု၍ ဝေါဟာရအားဖြင့် အသက် (၇၀)ရှည်သည် (၈၀)ရှည်သည် စသည်ဖြင့် ခေါ်ဆိုအပ်လေသည်။

အသက်၏ အစဉ်မပြတ်ဖြစ်နေခြင်းကား။ ။အသက်သည် ကံကြောင့် ဖြစ်၍ ကံအားကြီးလျှင် အားကြီးသည့် အလျောက် အသက်(၇၀-၈၀) စသည်ဖြင့် ကြာရှည်စွာ အစဉ်မပြတ် ဆက်ခါဆက်ခါ ဖြစ်လျက်နေသည်။

ကံအားသေးလျှင် အားသေးသည့်အလျောက် တနှစ်,နှစ်နှစ်, စသည်ဖြင့် အချိန်ကာလ တိုတို အစဉ်မပြတ် ဆက်ခါဆက်ခါ ဖြစ်ရလေသည်။

ဤသို့ ကံ၏ အစွမ်းအာနုဘော်ကြောင့် အစဉ်မပြတ် အသက်၏ ဆက်ခါဆက်ခါ ဖြစ်နေခြင်းအစဉ်ပမာဏကို အစွဲပြု၍ အသက်ရှည်သည်, အသက်တိုသည်ဟု ခေါ်ဆိုအပ်လေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

ယာယံ ယော စိရံ ဇီဝတိ။ သော ဝဿသတန္တိ
အာဒိနာ သတ္တာနံ ဇီဝိတပ္ပဝတ္တိ ဝုတ္တာ၊ သာ ပဗန္ဓ
ဝိသယတ္တာ ဝေါဟာရဝသေန။ ။ဟု မိန့်ဆို၏။

ဤသို့ အသက်၏ ပမာဏ အလွန်တိုသည်၏ အဖြစ်ကို ဆင်ခြင်၍ ငါ၏အသက်ကား စိတ္တက္ခဏ ပမာဏသာရှိ၍ အလွန်တိုလှ၏၊ ငါ၏ အသက်သည် အလွန်တိုသည်ဖြစ်၍ ရှတ်တရက်ရှောင်တခင် သေနိုင်ရာ၏။

ငါသည် သေရလတ္တံ့ သေရလတ္တံ့။
သေရချေမည် သေရချေမည်။

ဤသို့ နှလုံးသွင်းဆင်ခြင်၍ မရဏဿတိကို ပွားရာ၏။

ထိုသို့ ဆင်ခြင်၍ မရဏဿတိကို ပွားခြင်းသည် ခဏပရိတ္တ အခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သောနည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ဧဝံ ခဏပရိတ္တတော မရဏံ အနုဿရိတဗ္ဗံ။ ။
ဟု မိန့်ဆို၏။

ဤကား ခဏပရိတ္တအခြင်းအရာအားဖြင့် သေခြင်းကို အောက်မေ့ဆင်ခြင်သော နည်းကို ပြဆိုချက်တည်း။

ယောဂီပုဂ္ဂိုလ်သည် ပြဆိုအပ်ပြီးသော မရဏဿတိကို ပွားများနှလုံးသွင်းနည်းတို့တွင် မိမိ၏စိတ်၌ ထင်ရှားပေါ်လွင်သော ပွားများ နှလုံးသွင်းနည်းဖြင့် မရဏဿတိကို အမြဲမပြတ် ပွားများနှလုံးသွင်း၍နေရာ၏။

မရဏဿတိကို ပွားများလျက် နေသည်ရှိသော် ယောဂီပုဂ္ဂိုလ်၏ မရဏဿတိသည် အာသေဝန ပစ္စည်းကို ရ၍ အာသေဝန ပစ္စည်း၏ အထောက်အပံ့ဖြင့် ပြန့်လွင့်ခြင်းမရှိ မရဏအာရုံ၌သာလျှင် ခိုင်မြဲစွာ တည်လျက်နေရာ၏။

မရဏာဿတိသည် အာသေဝနပစ္စည်း၏ အထောက်အပံ့ကို ရ၍ အားကြီး ထက်မြက်ခြင်းသို့ ရောက်လတ်သော် ကာမစ္ဆန္ဒ အစရှိသော အကုသိုလ်နီဝရဏတရားတို့သည် ကင်းကွာကုန်ရာ၏။

ဈာန်အင်္ဂါတို့သည်လည်း ထင်ရှားစွာ ဖြစ်ပေါ်ကုန်ရာ၏။

မရဏအာရုံ၏ ပရမတ္ထတရားဖြစ်ခြင်းကြောင့်၎င်း, သံဝေဂကိုဖြစ်စေတတ်သော ကမ္မဋ္ဌာန်း၏အဖြစ်ကြောင့်၎င်း, မဟဂ္ဂုတ်ဈာန်သို့ မရောက်မူ၍ ဥပစာရဘာဝနာမျှလောက် သို့သာ ရောက်ရာ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

> ဣမေသံ အဋ္ဌန္နံ အာကာရာနံ အညတရညတရေန အနုဿရတောပိ ပုနပ္ပုနံ မနသိကာရဝသေန စိတ္တံ အာသေဝနံ လဘတိ၊ မရဏာရမ္မဏာသတိ သန္တိဋ္ဌတိ၊ နီဝရဏာနိ ဝိက္ခမ္ဘန္တိ၊ ဈာနင်္ဂါနိ ပါတုဘဝန္တိ။ သဘာဝဓမ္မတ္တာ ပန သံဝေဇနီယတ္တာစ အာရမ္မဏဿ အပ္ပနံ အပ္ပတွာ ဥပစာရပ္ပတ္တမေဝ ဈာနံ ဟောတိ။ ။
>
> ဟု မိန့်ဆို၏။

## မရဏာဿတိ၏ အကျိုး

မရဏာဿတိကို ပွား၍ မရဏာဿတိကို ပိုင်ပိုင်မိမိ ရှိကြလျှင် ယောဂီပုဂ္ဂိုလ်တို့သည် လူ့,နတ်,ဗြဟ္မာ့,စသော အဖြစ်တို့၌ ဖြစ်ရခြင်းကို လိုလားနှစ်သက်ခြင်းမရှိကြတော့ကုန်။

သူဌေး, သူကြွယ်, မင်း, စသည်ဖြင့် ဖြစ်ရခြင်းကိုလည်း မလိုလားကြကုန်။

သား, မယား, စည်းစိမ်ဥစ္စာ, စသည်တို့ဖြင့်လည်း ပျော်ပါးစွာနေလိုသော စိတ်ဆန္ဒမရှိကြတော့ကုန်။

မရဏာဿတိ၌ထင်မြင်ခြင်းရှိကုန်သော ပုဂ္ဂိုလ်တို့၏ စိတ်သည် ထိုထိုဘုံဘဝစသည်တို့ကို ကြောက်ရွံစက်ဆုတ်ဘွယ်ဟု ထင်မြင်လျက်နေ၏။

မရဏာဿတိကို ပွားနေ၍ သေရမည့်အဖြစ်ကို သိခြင်းကြောင့် မိမိ၏ အသက်၌လည်း ငဲ့ကွက်တွယ်တာခြင်းမရှိတော့ကုန်။

မကောင်းမှု ပါပဒုစရိုက်ကိုလည်း စက်ဆုတ်၍ ပြုလိုသော စိတ်လည်း မရှိကြကုန်။

မိမိ၏ ပစ္စည်း ဥစ္စာတို့ကို သိုမှီး သိမ်းဆည်းထားလိုသော စိတ်ဆန္ဒလည်း မရှိတော့ကုန်။

မိမိ၏ ပစ္စည်း ဥစ္စာတို့၌ နှမြော တွန့်တိုသော စိတ်ဆန္ဒလည်း မရှိတော့ကုန်။

မရဏာဿတိကို ပွား၍ မရဏာဿတိသည် ထက်သန် အားကြီးလာသော် ယောဂီပုဂ္ဂိုလ်အား အနိစ္စသညာသည် ထင်ပေါ်လာရာ၏။

အနိစ္စသညာ ထင်ပေါ်လာလျှင် အနိစ္စသညာသို့ အစဉ် လိုက်၍ ဖြစ်ကုန်သော ဒုက္ခသညာ အနတ္တသညာတို့သည်လည်း ထင်ပေါ်လာကုန်တော့၏။

မရဏာဿတိကို အောက်မေ့ ဆင်ခြင်ခြင်းမရှိကုန်သော ပုဂ္ဂိုလ်တို့သည် သေရမည့် ဘေးအန္တရာယ် ရောဂါဝေဒနာတို့နှင့် တွေ့ဆုံ ကြကုန်သည်ရှိသော် ကြောက်ရွံ့ ထိတ်လန့်ခြင်း ပူဆွေး သောကဖြစ်ခြင်း, စသည်သို့ ရောက်ကုန်လျက် တွေဝေမိန်းမော၍ သာလျှင် သေကြကုန်ရာ၏။

မရဏာဿတိကို ပွားလျက်နေသော ပုဂ္ဂိုလ်တို့သည်ကား သေရမည့် ဘေးအန္တရာယ် ရောဂါဝေဒနာတို့နှင့် တွေ့ဆုံကြကုန်သော်လည်း သေရမည့် အဖြစ်ကို သိကြခြင်းကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်း ပူဆွေး သောကဖြစ်ခြင်း စသည်သို့ မရောက်ကြကုန်။

မရဏာဿတိကို အထောက်အပံ့ပြု၍ ဝိပဿနာကို ပွားများအား ထုတ်လျှင် ယခုဘဝ၌ပင်လျှင် နိဗ္ဗာန်သို့ရောက်ကုန်ရာ၏။

ယခုဘဝ၌ နိဗ္ဗာန်သို့ အကယ်၍မရောက်ကြရသေးလျှင် သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ ကောန်ရောက်ကုန်ရာ၏။

ဤကား မရဏာဿတိကို ပွားများရာ၌ ရအပ်သော အကျိုးတို့တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌–

ဣမဥ္စ ပန မရဏဿတိံ အနုယုတ္တော ဘိက္ခု သတတံ အပ္ပမတ္တော ဟောတိ၊ သဗ္ဗဘဝေသု အနဘိရတိသညံ၊ ပဋိလဘတိ၊ ဇီဝိတနိကန္တိံ ဇဟာတိ၊ ပါပဂရဟီ ဟောတိ၊ အသန္နိဓိဗဟုလော ပရိက္ခာရေသု ဝိဂတမလမစ္ဆေရော၊ အနိစ္စသညာစဿ ပရိစယံ ဂစ္ဆတိ၊ တဒနုသာရေနေဝ ဒုက္ခသညာ အနတ္တသညာစ ဥပဋ္ဌာတိ။ ယထာ အဘာဝိတမရဏာ သတ္တာ သဟသာ ဝါဠမိဂယက္ခသပ္ပစောရ ဝဓကာဘိဘူတာဝိယ မရဏသမယေ ဘယံ သန္တာသံ သမ္မောဟံ အာပဇ္ဇန္တိ၊ ဧဝံ အနာပဇ္ဇိတွာ အဘယော အသမ္မုဠှော ကာလံ ကရောတိ။ သစေ ဒိဋ္ဌေဝဓမ္မေ အမတံ နာရာဓေတိ၊ ကာယဿ ဘေဒါ သုဂတိပရာယနော ဟောတိ။ ။ဟုမိန့်ဆို၏။

မရဏဿတိကို ပွားများနှလုံးသွင်းရာ၌ ပြဆိုအပ်ပြီးသော အကျိုးတရားတို့ကို ရခြင်းကြောင့် ယခုဘဝ၌ မဂ်ဖိုလ်တို့ကိုရအောင် ကြိုးစားအားထုတ်နိုင်ကြမူ အလွန်သင့်လျော်ကောင်းမြတ်၏။

အကယ်၍ ယခုဘဝ၌ မဂ်ဖိုလ်တို့ကိုမရကြစေကာမူ ယခုဘဝ၌လည်း မကောင်းမှု ပါပဒုစရိုက်တို့မှ ကင်းလွတ်ခြင်း တမလွန်ဘဝ၌လည်း ကောင်းရာသုဂတိသို့ရောက်ရခြင်း မဂ်ဖိုလ်တို့ကို ရခြင်း၏အကြောင်း အထောက်အပံ့ဖြစ်ခြင်း စသော အကျိုးတရားတို့ကို ရကြ စေခြင်းငှာ အသက်ရှင်လျက်ရှိကြကုန်သော ပုဂ္ဂိုလ်ဟူသမျှတို့သည် သေမျိုးဖြစ်ကြ၍ မိမိတို့၏ကောန်သေကြရမည့်အဖြစ်ကို ဉာဏ်ဖြင့်သိအောင် တွေးဆဆင်ခြင်ကြပြီးလျှင် မရဏဿတိကို အချိန်အခါရတိုင်း နှလုံးသွင်း ပွားများလျက် နေကုန်ရာသည်။